စိတ်ကူးချိုချိုအနုပညာ

ဒဂုန်ခင်ခင်လေး

# ဆရာမ

မြန်လည်ရိုက်နှိပ်ခြင်း



ဆရာမ…ဆရာမ…
ခင်မော်တို့ ဆရာမကို အထင်လွဲပြီး
မုန်းနေမိတာတွေ သည်းခံပါ၊
ခင်မော်တို့ တောင်းပန်ပါတယ်။
ဆရာမဟာ ခင်မော်တို့ ထင်နေသလို
မဆိုးတဲ့အပြင် ဆရာမလို သဘောကောင်းတာ၊
ဆရာမလို ချစ်ကြင်နာတတ်တာ၊
ဆရာမလို သည်းခံတတ်တာ
ဒီကမ္ဘာမှာ မရှိတော့ပါဘူး။



DGK0008
MMK 1,700.00

ဆရာမ၊ ဒဂုန်ခင်ခင်လေး
မျက်နှာဖုံးပန်းချီ-တော်တီဆွေ၊
စာမျက်နှာ ၁၂၅ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း။ (၂၀၁၅-စိတ်ကူးချိုချို)
၁၉၄၁ ဒဂုန်ခင်ခင်လေးစာအုပ်တိုက်၏ပထမအကြိမ်မှု၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ဆရာမှ
# ဒဂုန်ခင်ခင်လေး

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၂၁

# ဆရာမ

## အခန်း [ ၁ ]

ဆရာမ ညွန့်မေ ဟူသော အမည်ကို ကြားလိုက်လျှင် အားလုံးပင် နှာခေါင်းရှုံ့ကြ၏။ ဇာတ်မတူသော အနူအဝဲ အကဲမထိုက်သော ပြည့်တန်ဆာမတစ်ဦးတစ်ယောက်ပမာ လူကောင်းသူကောင်း အခေါ်ခံ သူတို့ ရပ်ကွက်က မပတ်သက် မဆက်ဆံ ဝ,ကွက်၍ချန်ခြင်းခံနေရရှာ လေ၏။

ယင်းသို့ တပြီးကား ... ညွန့်မေမှာ ခေတ်ဆန်ဆန် ရုပ်ချောမ ကလေးတစ်ဦးဖြစ်စေကာမူ အဝတ်အစား၌သော်လည်းကောင်း၊ ကိုယ် အမူအရာ၊ နှုတ်အမူအရာ၌သော် လည်းကောင်း တစ်စွန်းတစ်ကွက်မျှ ကလက်သည့် အရိပ်အယောင်၊ ကမြင်းသည့် အရိပ်အယောင်မရှိ။ ပကတိအားဖြင့် ရိုးသားတည်ကြည်ပုံရလျက် စကားပြောသည့်အခါကလေး များမှာပင် တိုးတိုးသက်သက် နုညက်သိမ်မွေ့စွာ ပြောဆိုတတ်သူကလေး ဖြစ်သောကြောင့် ညွန့်မေမှာ မည်သည့်အချိန်အခါကမျှ ကိုယ်ကျင့်တရား

ပျက်ကွက်ဖူးခဲ့လိမ့်မည်ဟု ယုံကြည်စွဲဆိုနိုင်လောက်စရာ မရှိသကဲ့သို့ ဖြစ်လေ၏။

သို့ ယုံကြည်နိုင်စရာ မရှိသည့် အထဲတွင် ထွန်းလွင်ဆိုသော ကျောင်းဆရာကလေးမှာ သူတစ်ထူးထက်ပင် ညွှန့်မေအား အထင်အမြင် မသေးနိုင်အောင်ရှိနေရုံမက၊ ညွှန့်မေကို မရလျှင် ဤဘဝတွင် သား မယား အိုးအိမ်မထူနိုင်တော့သလောက် အချစ်မီးတောက်ခဲ့သူတစ်ဦး ဖြစ်လေ၏။ ထွန်းလွင်မှာ မိမိအလုပ်လုပ်သော ကျောင်းသို့ ညွှန့်မေ ဆရာမအလုပ်နှင့် ရောက်လာသည်မှာ မကြာသေးသော်လည်း မြင်လျှင် မြင်ခြင်း ချစ်ခြင်း၏ နှိုးဆွတိုက်တွန်းမှုကြောင့် ညွှန့်မေနှင့် နီးစပ်အောင် ကြိုးစားပြီးနောက် မိမိ၏ အချစ်ကို ဖွင့်လှစ်၍ပြသကာ ယုယကြင်နာစွာ ခယ တောင်းပန်မိလေ၏။

ညွှန့်မေသည် မိမိကို လူမှန်သမျှက မုန်းတီးရွံရှာလျက် အဖက် မလုပ်ချင်အောင် ရှိခဲ့ရာတွင် ပညာလည်း မခေ၊ ရုပ်ရည်ကလည်း မဆိုးသူ ထွန်းလွင်တည်းဟူသော လူပျိုချောကလေး၏ ချစ်ခွင့်ပန်မှုနှင့် ရင်ဆိုင်တိုးနေရသောအခါ ဝမ်းမသာဘဲ မနေနိုင်ချေ။ သုံးနှစ်မျှ မိုးခေါင် နေသော တိုင်းပြည်တွင် တိမ်တောင်နှင့် မိုးသားမိုးခဲများ တက်လာသည် ကို မြင်ရသလို ရင်တဖိုဖိုနှင့် အူမြူးပြီး အလွန်အကြူးကြီးဝမ်းသာနေကြ သူများကဲ့သို့ ရှိလေ၏။ သဲကန္တာရနှင့်တူသည့် မိမိ၏ ခြောက်သွေ့ သော ဘဝကြီးတွင် ပျော်ရွှင်ဖွယ် မျှော်လင့်ချက်ကလေး ခေါင်းပြူလာ သည့်အတွက် ထွန်းလွင်ကို အားကိုးအားထားနှင့် ချစ်အားသန်လိုက်ချင် မိပေ၏။

သို့သော် မိမိကဲ့သို့ လူတကာ၏ တံတွေးခွက်တွင် ပက်လက်မျော နေရသူတစ်ဦးက ထွန်းလွင်ကဲ့သို့ အပြစ်ကင်းသော လူပျိုချောတစ်ဦး ကို တံတွေးခွက်တွင် မိမိနှင့်အတူ လက်ပစ်ကူးရန် အဖော်မခေါ်သင့်

ဟု ချင့်ချိန်စဉ်းစားပြီး၊ ထွန်းလွင်အား ချစ်ပင်ချစ်သော်လည်း "မနှစ်" လိုပါဟု ခေါင်းခါကာ၊ ထာဝစဉ်ငြင်းနေခဲ့ခြင်းဖြင့် ထွန်းလွင်တွင်လည်း သက်ပြင်းချပြီး မညည်းမညူ စိတ်ရှည်လက်ရှည် စောင့်စားမျှော်လင့်နေခဲ့သူ ဖြစ်တော့၏။

တစ်ကျောင်းတည်းတွင် အလုပ်လုပ်နေသူများဖြစ်ခြင်းကြောင့် နေ့စဉ်နှင့်အမျှ တွေ့မြင်နေရပါသော်လည်း ထွန်းလွင်မှာ မိမိစွဲလမ်းချစ်ခင်နေသူကလေး ညွှန့်မေအား "မြင်ရုံသာ မြင်ရ ... မကြင်ရမောင့်ကို ..." ဆိုသော အပူမျိုးနှင့် ညှိုးငယ်နွမ်းလျ၊ တမ်းတ စိတ်မောနေခဲ့ရလျက် ညွှန့်မေဘက်ကလည်း အကြောင်းကြောင်းစာနာ၍ ခေါင်းခါကာ ငြင်းရသော်လည်း ချစ်ခြင်းတည်းဟူသော စိတ်ဓာတ်မှာ လှိုင်းခတ်သော သဲကမ်းပါးကဲ့သို့ တဖွားဖွား တအိအိ ပြိုလျက်သာ ရှိခဲ့၏။

"ညွှန့်ရယ် ... ဘယ်သူဘာပြောပြော ကိုယ့်သဘောပါ ကိုယ်ကျေနပ်ရင် ဘာဖြစ်ဖြစ် ပြီးနိုင်ပါတယ် ..." ဟု ပြောလိုက်ချင်သော်လည်း ထွန်းလွင်တွင် ငဲ့ညှာထောက်ထားစရာတွေ များနေသူတစ်ဦးဖြစ်ပေ၏။ အမေ မုဆိုးမကြီးနှင့် နှမပျိုကျောင်းသူကလေး နှစ်ယောက်မှာ ထွန်းလွင်၏ လုပ်ကျွေးစာကို အမှီသဟဲပြုနေရရှာသူ ဖြစ်တော့သည်။ မိခင်ကြီးနှင့် ညီမကလေးများသည် ထွန်းလွင် ညွှန့်မေနှင့် ညားသွားမည်ကို အသားဆတ်ဆတ်တုန်အောင် မခံမရပ်နိုင်ကြသူများ ဖြစ်၏။ ထွန်းလွင်၏ အမျိုးအဆွေ မိတ်သင်္ဂဟတွေကလည်း ညွှန့်မေကဲ့သို့ နာမည်ပျက်ဖူးသော မိန်းကလေးတစ်ဦးနှင့် နဖူးစာမပြိုင်စေလို။ လူပျိုချော ပညာတတ် လခကောင်းသည့် ကျောင်းဆရာဟူသော ဂုဏ်ထူးဝိသေသကြောင့် ဥစ္စာပေါ၊ ရုပ်ချော၊ အလိမ္မာ၊ အိမ်ပါ၊ အမေတည့် ကလေးတွေ လိုရာရွေးယူနိုင်ပါလျက်၊ ဤမျှ တိုင်းကျော်၊ ပြည်ကြား နာမည်ပျက်နှင့် အရှက်တကွဲအကျိုးနည်းခဲ့ဖူးသည့် ညွှန့်မေလို အစားနှင့်

လားလားမျှ မတန်ပဲ ဒေါသမာန်နှင့် အတန်တန်ဖျက်ဆီးနေခဲ့ကြသော ကြောင့်လည်း၊ ထွန်းလွင်မှာ တစ်ကြောင်းမထောက် တစ်ကြောင်းထောက် စရာတွေ များခဲ့သူဖြစ်သည့်အားလျော်စွာ ထင်ရာသို့ မစိုးနိုင်ခဲ့ မိမိက စိုးနိုင်၍ စိုးမည်ပြုသည့်တိုင်အောင်လည်း ညွှန့်မေမှာ ထိုအကြောင်း တွေကို သိရကြားရသူဖြစ်သောကြောင့် (မတတ်သာ ခပ်ခွာခွာ နေကြဦး စို့ရဲ့မောင်ရယ်၊ မုန်းလို့ဟုတ်ဘူး) ဆိုသော စကားလို ခပ်ခွာခွာ ခပ်အေး အေး သွေးစည်းမရအောင် တိမ်းရှောင်ငြင်းပယ်နေခဲ့ရလေရာ။ ယင်းသို့ တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာထောက်ထား၍ ကိုယ်ကျင့်တရား မလစ်လပ်ရအောင် စည်းစောင့်နေရခြင်းသည်ပင် အချစ်ထက် အသနား ဘက်သို့ အလေးပိုကာ မေတ္တာပန္နက်သဲကိုခိုင်မြဲသည်ထက် ခိုင်မြဲလာ အောင် တည်ဆောက် အုတ်မြစ်ချနေသကဲ့သို့ ရှိခဲ့လေ၏။

ညွှန့်မေအား ကျောင်းဆရာမအလုပ်ကို အပေါ်ဆုံးလခကလေးဖြင့် ခန့်ထားလိုက်သည့် အချိန်ကစ၍ ကျောင်းသူကျောင်းသားများသည် လည်းကောင်း၊ ကျောင်းသူကျောင်းသားတို့၏ မိဘများသည် လည်း ကောင်း နှာခေါင်းတရှုံ့ရှုံ့ဖြစ်နေကြလေ၏။ ကျောင်းကော်မတီလူကြီး များမှာလည်း မိမိတို့ သားမယားများ၏ မကြာခဏ ဆူထခြင်းခံကြရ၏။ ကျောင်းဆရာကြီးနှင့်တွေ့လျှင်လည်း သားရှင်သမီးရှင်တို့က ဆီး၍ အပြစ်တင်ကြ၏။ သို့ရာတွင် ညွှန့်မေမှာ သူ၏ အရည်အချင်းနှင့်မမျှ မတန်သော လခကလေးအနည်းငယ်နှင့်လုပ်သူ ဖြစ်သည်တစ်ကြောင်း၊ အလုပ်လုပ်ရာတွင်လည်း အပြစ်မတွေ့ရရုံမက ကျိုးကျိုးနွံနွံရှိလှသည်။ ယုတ်စွအဆုံး ငါးနှစ်သား ကျောင်းသားကလေးက ပက်ကော်ကလန်ပြု သည့်တိုင်အောင် ချော့ချော့မော့မော့နှင့် ညင်သာစွာ သည်းခံ၍ ပြုပြင် သည်။ ကျောင်းသားငယ်အစ ကျောင်းသားကြီးအဆုံး မျက်မုန်းကျိုးစွာ ပမာမခန့် ပြုကြသည်များကိုလည်း သည်းခံ၍ သူ၏ ဝတ္တရားကျေကုန်

အောင် ကြိုးစားရာသည် ... စသော သနားဖွယ်ရာတို့ကြောင့် မတရား သဖြင့် အလုပ်မှ ဖြုတ်ချရန် မသင့်တော်သောကြောင့် ထားရခြင်း ဖြစ်လေ၏။

ထိုအကြောင်းများကိုလည်း ညွန့်မေကိုယ်တိုင်သိ၏။ သိသောကြောင့်လည်း ပို၍ သည်းခံခြင်းတရား လက်ကိုင်ထားခဲ့၏။ မိမိသည် လွန်ခဲ့သော သုံးလေးနှစ်ကစ၍ အလုပ်ရှာခဲ့ရာ။ မိမိ၏ ဆိုးရွားသော နာမည်ပျက်ကြီးကြောင့် မည်သည့်ကျောင်းကမျှ အလုပ်မပေးခဲ့သည်နှင့် ကျပ်တည်းခြင်းကြီးစွာဖြစ်နေခဲ့ရာ မလျှော့သော လုံ့လနှင့် အရပ်ရပ်သို့ လျှောက်၍ အလုပ်ရှာရင်း ဤမြို့သို့ရောက်မှ ကံစွပ်မိ၍ ရသော အလုပ်ကလေးဖြစ်၏။ မိမိအရည်အချင်းအတိုင်းဆိုလျှင် အိုင်အေနှင့် ဆရာဖြစ် စာမေးပွဲအောင်ခဲ့သူဖြစ်၍ အနည်းဆုံး တစ်ရာကျော်ရသင့်သော်လည်း သုံးဆယ်မျှနှင့် ထမင်းစားရရုံကလေး လုပ်ရသော အလုပ်ဖြစ်ပြီး မသေဝံ့၍ စွန့်နေရသည်နှင့်မခြားသော ညွန့်မေ၏ဘဝခရီးမှာ ထိုငွေသုံးဆယ်တည်းဟူသော လစာကလေးနှင့် ကုတ်ကတ်ခြိုးခြံစွာ ရုန်းနေရခြင်း ဖြစ်လေ၏။

ဤအထဲတွင် နေ့စဉ်နှင့်အမျှ မကြားတကြား စောင်းမြောင်းငြူစူနေကြသော သတင်းစကားများသည်လည်းကောင်း၊ အတန်းကြီးသမားများ၏ မခိုးမခန့် သရော်ပြောင်လှောင်ကြသောအသံများကို လည်းကောင်း၊ နေ့စဉ် တွေ့ကြုံဆုံဆည်းလျက် တွေ့ရတိုင်း ကြုံရတိုင်းမှာလည်း ခန္တီတရားကို လက်ကိုင်ထား၍ မမြင်ယောင် မကြားယောင် ပြုနေခဲ့ရရှာသည် ဖြစ်ရာ တစ်ခါတစ်ခါလည်း ဆိုးဝါးယုတ်မာလှစွာသော မိမိ၏ ကံကြမ္မာကိုသာ စိတ်နာခြင်းကြီးစွာ ဖြစ်မိရှာလေ၏။

ကျောင်းကြီးမှာ အထက်တန်းကျောင်းကြီး ဖြစ်သော်လည်း ညွန့်မေမှာ အတန်းကြီးတွင် ဝင်၍ မထိုင်နိုင်။ လေးငါးတန်းအထက်ရှိ

ကျောင်းသူကြီးများမှာ ညွှန့်မေကို မည်သူမျှ ပမာမခန့် မလေးစားကြ။ ညွှန့်မေပေးသော သင်ခန်းစာများကိုလည်း ဂရုမစိုက်၊ ဟားတိုက်ခံရခြင်း၊ မေးငေါ့ခံရခြင်းတို့နှင့်သာ အချိန်ကုန်ခဲ့၍ နောက်ဆုံးတွင် ဘာမှန်းမှ မသိတတ်ရှာကြသေးသော ပညာသင် တပည့်ကလေးများရှိရာ ဒုတိယ တန်းတွင် ထိုင်ရမှ သက်သာရာရပေတော့သည်။

ဤတွင်မှလည်း မျက်စိအေး၊ နားအေး လောကကြီးအကြောင်း ဘာမျှ နားမလည်ရှာကြသေးသော ကလေးများနှင့် အပေါင်းအသင်းလုပ် ရသည်မှာ အဟောဝတ အော် ... ချမ်းသာစွ ... ဟု တသလိုက်ချင်သလို ဖြစ်လာခဲ့လေသတည်း။

သို့ရာတွင် ညွှန့်မေ၏ စိတ်ချမ်းသာမှုမှာ များစွာတာမရှည်လှပေ။ အကြောင်းမူကား ခုနစ်တန်းနှင့် ရှစ်တန်းတွင် တစ်နေ့လျှင် တစ်နာရီကျ ရာဇဝင်သင်ပေးရမည်ဟု အော်ဒါကျလာပြန်သောကြောင့် ဖြစ်လေ၏။ ညွှန့်မေမှာ ရာဇဝင်ဂုဏ်ထူးနှင့် အောင်လာသူဖြစ်၍ ကျောင်းဆရာကြီးက စီစဉ်သည်မှာ သင့်လှ၏။ ညွှန့်မေကိုယ်တိုင်ကလည်း ကျောင်းသူကြီး များကို ရာဇဝင်သင်ခန်းစာပေးရန် ဝန်မလေး၊ သို့ရာတွင် ကျောင်းသူကြီး များသည် ညွှန့်မေအား ဂရုမစိုက် အရေးမထား။ ယခင်ကလို ဟေးလား၊ ဝါးလား လုပ်နေကြဦးမည့် အခက်အခဲကိုတွေး၍ ရင်အလေးကြီးလေး သွားမိတော့၏။

အထူးသဖြင့် အဆိုပါ ခုနစ်တန်းနှင့် ရှစ်တန်းမှာ ဆရာ ကိုထွန်း လွင်၏ ညီမကလေး ခင်မော်နှင့် ခင်သော်တို့ ရှိနေကြရာ ခင်မော်နှင့် ခင်သော်မှာ ရှိသမျှ ကျောင်းသူထဲတွင် ညွှန့်မေကို အမုန်းဆုံး။ မိမိတို့ မုန်းသကဲ့သို့ မိမိတို့ အဖော်အတန်းသူချင်းကို ရွံ့ရှာမုန်းတီးအောင် သွေး စည်းလှုံ့ဆော်ကာ အမုန်းဝါဒဖြန့်ထားခြင်းကြောင့် တစ်ကျောင်းလုံးရှိ မိမိကို အထင်အမြင်သေးသော ကျောင်းသူတို့အထဲတွင် အဆိုပါ

ခုနှစ်တန်းနှင့် ရှစ်တန်းကျောင်းသူများမှာ အကဲဆုံး အပိုဆုံးဖြစ်နေကြောင်း သိရ၏။ ညွန့်မေသိသလို ထွန်းလွင်ကလည်းသိ၏။ သိသောကြောင့်လည်း ချစ်သူ၏ အခက်အခဲကို မိမိက လွယ်ကူအောင် ဝင်၍ရှင်းလိုက်ချင်သည်။ သို့ရာတွင် စိတ်ရှိ၍ ကိုယ်မပါနိုင်။ မိမိပြုပြင်၍ရကောင်းသော ကိစ္စမျိုးလည်း မဟုတ်ရကား သနားစိတ်ဖြင့် သက်ပြင်းကိုသာ ကြိတ်၍ ချရတော့၏။

ထွန်းလွင်မှာ အခြားသူများနှင့်မတူ မိခင်ကြီးနှင့် ညီမငယ်ကလေးနှစ်ယောက်တို့အား အထူးသဖြင့် လေးစားချစ်ခင်ခဲ့သူ ဖြစ်သောကြောင့် မိခင်ကြီးထက် သွေးတက်တုန်းအရွယ် ညီမငယ်ကလေး ခင်မော်နှင့် ခင်သော်မှာ စွာတာတာနှင့် အရာရာ ဆတ်ဆတ်ကြဲရမှ ကျေနပ်ရှာသူများဖြစ်ကြ၏။ အစ်ကိုကြီးအပေါ်တွင် အတော်ပင် ဆိုးချင်၊ နွဲ့ချင်ရှိကြ၏။ နိုင်လိုမင်းထက်ပြောတတ်ကြ၏။ တစ်ခါတစ်ရံ ခင်မော်၊ ခင်သော်တို့သည် ညွန့်မေအကြောင်း ပစ်တောင်းဆန်ကာ ရစရာမရှိအောင် ပြောနေသည်ကို ကြားရသောအခါ ...

"တော်စမ်းပါ ညီမလေးတို့ရယ် ... သူများအမနာပတွေ ဒါလောက် မပြောကောင်းပါဘူး ..." ဟု ဟန့်တားလိုက်မိသောအခါမျိုးများတွင် "ဟင် ကိုကိုကလည်း ခင်သော်တို့ဘာသာ ခင်သော်တို့ဟုတ်တာပြောတာ ကိုကိုအနေသာကြီးပါ ..."ဟု တစ်ယောက်က ပြောလျက် တစ်ယောက်ကမူ ... "အမယ် ကိုကိုက ကိုကို့ဟာမ အကြောင်းပြောလို့ မကြိုက်ဘူးဆိုပါတော့ ... ဒါပေမဲ့ ကိုကိုမကြိုက်လို့ လဲသေသေ၊ ခင်မော်တို့တော့ ဟုတ်တာပြောမှာပဲ။ ဒီလို တိုင်းကျော် ပြည်ကျော်နာမည်ဆိုးကြီးရှိတဲ့ မိန်းမအကြောင်း သတင်းစာထဲမှာ သူ့ ရုပ်ပုံပါပါလို့ တစ်နိုင်ငံလုံး သိနေကြတဲ့ ဥစ္စာကြီးများ ခင်မော်တို့ပြောတာမှ တိုတိုထွာထွာလုပ်နေလိုက်ရသေး ..." ဟု ဆိုရုံမက ညီအစ်မ နှစ်ယောက်

ပြောရင်းပြောရင်း ဒေါဖောက်လာကာ "ဟင်းနော်... ဒါပဲ ကိုကို ဒီကောင်မကိုများ ကြိုက်မယ် မကြံလေနဲ့ ခင်သော်တို့က ကြည့်နေမှာ မဟုတ်ဘူး။ တစ်ခါတည်း နင်းဆုတ်ပစ်လိုက်မှာ သိလား..." ဟု ခါးခါးသီးသီး ကြိမ်းဝါးချက်တို့ကြောင့်၊ ထွန်းလွင်မှာ ရင်အောင့်အောင့်နှင့် ဟန်ဆောင်ပြုံးကာ ရယ်သွမ်းသွေးလျက်၊ စကားအဆက်ဖြတ်လိုက်ရစေကာမူ။ ဤဘဝ၌ ညွန့်မေကို ယူနိုင်ရဖို့အရေးမှာ၊ ညီမလေးတွေကို သွေးညို၍မရတော့ဟု ဝမ်းနည်းမိလျက်၊ မသိမသာ မျက်နှာပျက်သွားခဲ့ရတော့၏။ သို့ကြောင့် ထွန်းလွင်မှာ ယနေ့ ရာဇဝင်သင်ခန်းစာအတွက် ညွန့်မေနှင့် မိမိညီမကလေးများ ဘီလူးတွေ့ဒူးတွေ့ တွေ့ကြမည့်အရေးကို မြင်ယောင်သေးကာ၊ ယနေ့ညနေ ကျောင်းဆင်းလာလျှင် မည်သို့သော စိတ်မချမ်းသာဖွယ်ရာ သတင်းများ ကြားရပါမည်လဲဟု အသည်းတထိတ်ထိတ်ဖြစ်မိလေ၏။ နောက်နောက်သောအခါတို့ကမူကား။ မည်သူက မည်သို့ပြောစေ၊ ညွန့်မေမှာ ခန္တီဝါထုံး နှလုံးမူသူကလေးဖြစ်ခဲ့သည်ကို ဓာတ်သိဖြစ်၏။ ယခုနေ့အဖို့လည်း မိမိညီမလေးများက မည်မျှဆိုးဝါးစွာ ပြုမူလိုက်ကြစေကာမူ၊ သည်းခံရှာမည်သာဟု တင်ကြိုသိလျက် ထိုသို့ ညွန့်မေက သည်းခံရသည့် အကြိမ်ပေါင်းများလေလေ၊ မိမိမှာ ညွန့်မေအား အားတုံ့အားနာ ဖြစ်ရလေလေ။ ညွန့်မေကလည်း မိမိကို ချစ်၍ တစ်နေ့ ဖွတ်နှစ်ယူပါတော့မည်ဟု ပိုင်းဖြတ်မိသည်တိုင်အောင် အပေါက်ဆိုးသော ညီမလေးများအတွက် စိတ်ပျက်သွားစရာအကြောင်းသာ ရှိတော့သဖြင့် ညွန့်မေနှင့် မိမိတို့ နီးရဖို့အရေးမှာ နားရွက်နှင့် မျက်စိလို ကြည့်လေဝေးလေ တဖြည်းဖြည်းနှင့် အဆွေးပွေစရာတို့ကြောင့် စိတ်မဖြောင့်နိုင်အောင် ရှိလေသတည်း။

ထွန်းလွင် စိတ်မအေးသကဲ့သို့ပင် ညွန့်မေမှာလည်း ရာဇဝင်သင်ခန်းစာပေးချိန် ရောက်သောအခါ စိတ်လေးလေးနှင့် ခြေလှမ်းနှေး

ကွေးစွာ ကျောင်းခန်းထဲသို့ ဝင်လာခဲ့လေ၏။ အခါခပ်သိမ်းပင် မိမိ၏ နာမည်ပျက်ကြီးကြောင့် လောကကြီး၏ ရက်စက်စွာ ရှုတ်ချထားခြင်း ခံခဲ့ရရှာသူ ဖြစ်သည့်အတွက် မည်သူ့အပေါ်မျှ ထော်လော်ကန့်လန့်မရှိ ခံဘက်ကချည်းနေခဲ့ရသူ ဖြစ်သည့်အလျောက် ထိုနေ့အဖို့မှာလည်း ခန္တီဝါ ထုံးနှလုံးမူ၍ လာခဲ့ခြင်းဖြစ်လေ၏။

ရာဇဝင်သင်ချိန်တွင် ၇ တန်းကျောင်းသားတွေသည် ၈ တန်း အခန်းသို့ လာရောက်စုပေါင်းကာ ကသောင်းကနင်းလက်ပံပင် ဆက်ရက်အုပ်ကျသလို ဆူညံနေကြဆဲဖြစ်လေ၏။ အခြားအတန်းဆရာ သာဝင်လာလျှင် မီးရေနှင့် သတ်လိုက်သလို ငြိမ်သက်တိတ်ဆိတ်သွား ကြမည် ဖြစ်သော်လည်း ယနေ့ဝင်လာသော ဆရာမအသစ်မှာ မိမိတို့ မနှစ်မြို့သော ဆရာမကလေး ညွှန့်မေ ဖြစ်နေသောကြောင့် ပမာမထား မလေးစားကြဘဲ မိမိတို့အချင်းချင်း စကားလက်ဆုံကျမြဲ ကျနေကြလေ၏။

ဆရာဝင်လာပြီဟူသော အထိမ်းအမှတ်ကိုလည်း မည်သူကမှမပြု ကျောင်းသူအချင်းချင်း ဇာစကား၊ ပန်းစကား၊ ရုပ်ရှင်စကားတွေ ပြောနေ မြဲနေကြ၏။ ညွှန့်မေသည် မိမိဝတ္တရားအတိုင်း အတန်းဆရာထိုင်သော စားပွဲကုလားထိုင်တွင် ခပ်အေးအေး ဝင်ထိုင်လိုက်လေ၏။ ထို့နောက် ရာဇဝင်လက်ချာပေးတော့မည်ဟု ခေါင်းလောင်းကလေးနှင့် အချက်ပေး လိုက်လေ၏။ သို့သော် ကောင်မကလေးတွေက ဂရုမစိုက်လှ။ ခေါင်းလောင်းသံကြား၍ စကားပြောရာမှ လှည့်ကြည့်ပြီးနောက် မဲ့သူကမဲ့၊ ရွဲ့သူကရွဲ့၊ မေးငေါ့သူကငေါ့၊ အချို့ကား စကားပြောပင် မပျက်။ ထို အထဲ နောက်တန်းဆီကမူ "ဟီဟိ" ဟု လှောင်သူက လှောင်လိုက်၍... "ကာနယ်ကတော်ကလေးလာပြီ ..." ဟု မကြားတကြား ပြောလိုက်သံ။ "ဆရာဝန်ကတော်ကြီးလည်း သေရှာရော ..." ဟူသော ပြောသံ

"နာမည်ကျော်" ကွ "နိုင်ငံကျော်" ကွဲ့ ... "သူပဲ သူပဲ ..." "ဟာဟာဟာ ..." စသော အသံများသည် ညွှန့်မေအဖို့ နားမချမ်းသာစရာ ဆင့်ကာ... ဆင့်ကာ ပေါ်ပေါက်လာလေ၏။ ရှေ့တန်း၏ နောက် ဒုတိယ ခုံတန်းတွင် ထိုင်နေသူထဲတွင် ထွန်းလွင်၏ ညီမနှစ်ယောက်ဖြစ်သော ခင်မော်နှင့် ခင်သော်မှာ မိမိတို့ကိုယ်တိုင် ပြောချင်လျက် မပြောသာဘဲ နေသောကြောင့် နောက်က အသံများကို ကျေနပ်စွာပြုံး၍ နားထောင်နေကြလျက် တစ်ချက်တစ်ချက်မှုကား ညွှန့်မေဘက်သို့ မျက်စောင်းတစ်ချက် နှစ်ချက်ထိုးကာ "ရပ်ကိုက ..." ဟု မကြားတကြား ရေရွတ်ကြလေ၏။

ညွှန့်မေကား အလုံးစုံ မြင်ရ၏၊ ကြားရ၏။ သို့နှင့် မိမိကို စက်ဆုပ်ရွံရှာကြ၍ပြောကြသည်၊ ဆိုကြသည်၊ အထင်သေးကြသည်။ ဤသို့ အထင်အမြင်သေးခြင်း၊ စက်ဆုပ်ရွံမုန်းအော့နှလုံးနာခြင်းခံရသည်မှာ အကြောင်းမဲ့ မဟုတ်။ မိမိ၏ ဆိုးဝါးသော ကံကြမ္မာဖန်တီးမှုကြောင့် မိမိခေါင်းပေါ်သို့ စွတ်စွတ်ရွှတ်ရွှတ် ကျလာဖူးသော တာဝန်ထုပ်ကြီးကြောင့်သာဖြစ်ရသည်ဟု ကလေးတွေကို အပြစ်မယူသာ။ မိမိ၏ 'အကုသိုလ်ကံကို ဝမ်းနည်းသည်ထက် ဝမ်းနည်းလာမိသဖြင့် ကြည်လင်ဝိုင်းစက်သော မျက်လုံးကလေးမှာ မျက်ရည်တွေ ရွှဲလည်လာရှာတော့၏။

သို့ရာတွင် ညွှန့်မေသည် တစ်ကောင်ကြွက် တစ်မျက်နှာ ပရိယေသနအရေးကလည်း ခက်ခဲရှာသဖြင့် သည်းခံကာ မိမိဝတ္တရားကို ကျေပွန်စွာ ရှန်းသွားရန် တာဝန်ရှိသည့်အတိုင်း ... "ကဲ ကဲ ... ဒီနေ့ကစပြီး မင်းတို့အတန်းကို ဆရာမ လာရပြန်ပြီ။ လူချင်း မုန်းသည်ဖြစ်စေ... ချစ်သည်ဖြစ်စေ စာသင်သားနဲ့ အတန်းပြဆရာဆိုတာ၊ ပုဂ္ဂလမိဋ္ဌာန် အစွဲမထားရဘူးနော်။ ဆရာမကလည်း မုန်းတဲ့တပည့်၊ ချစ်တဲ့တပည့် မခွဲခြားဘဲ၊ ကိုယ့်တာဝန် ဝတ္တရားအတိုင်း သင်ကြားပြသရမယ့် တာဝန်

ရှိတယ်။ တပည့်များကလည်း မုန်းတဲ့ဆရာ၊ ချစ်တဲ့ဆရာလို့ မခွဲခြားဘဲ သင်ကြားသမျှကို မှတ်သားကြဖို့ တာဝန်ရှိတယ်။ ဒါကြောင့် ဆရာမ ဒီနေ့သင်မယ့် ရာဇဝင်ခန်းကလေးကို ကျောင်းသူ ကျောင်းသားတာဝန် ကျေပွန်အောင် မှတ်သားကြနော် ..." ဟု ဝမ်းနည်းသံကလေးနှင့် ပဏာမ ခံလိုက်ပြီးနောက်၊ ဆက်လက်ကာ ...

"ဆရာမ ဒီနေ့ပြောလိုတာကတော့ တပည့်များအရေးတယူ နားထောင်မယ်ဆိုရင် ဟံသာဝတီ ပဲခူးရာဇဝင်မှာ ထင်ရှားတဲ့ ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီးနဲ့ သားတော် ငါးဆူဒါယကာ အကြောင်း ပြောဖို့ စိတ်ကူးတယ်။ ရာဇဝင်ထဲမှာ ကဗျာအမော် စာဆိုတော် နတ်ရှင်နောင် မင်းသားအကြောင်း၊ ရုပ်ဆင်းအင်္ဂါအလွန်တရာ လှပတင့် တယ်ရှာတဲ့၊ ရာဇဓာတုကလျာ မင်းသမီးအကြောင်းတွေ နားထောင်လို့ ကောင်းအောင် ပါဝင်လိမ့်မယ်။ ရာဇဓာတုကလျာမင်းသမီးကလေးကို ခုံမင်နှစ်သက် စွဲလမ်းတဲ့ ရတာက်ကြောင့် အိမ်ရှေ့စံမင်းသားကြီး ဣန္ဒြေ ပျက်ရပုံ။ အိမ်ရှေ့မိဖုရားဆင်ဖြူရှင်မယ်ကို ရွှေသလွန်စွန်းနှင့် ခိုက်မိပြီး သွေးစိမ်းရှင်ရှင်ယိုစီးအောင် အိမ်ရှေ့ကိုယ်တော် အမျက်ကြီးလိုက်ပုံ၊ အိမ်ရှေ့မိဖုရား ဆင်ဖြူရှင်မယ်ရဲ့ သွေးတစ်စက်ကြောင့် အင်းဝနဲ့ တောင်ငူ စစ်အလံထူခဲ့ရပုံ အကြောင်းတွေကလည်း ရာဇဝင်သင်ခန်းစာအတွက် ပျင်းစရာ သက်သက်ကြီးမဟုတ်ဘူးဆိုတာ သိရလိမ့်မယ် ..." ဟု သိမ်မွေ့ညင်သာသော အသံကလေးနှင့် ပြောလေ၏။

သို့ရာတွင် ဆရာမ ညွှန့်မေ၏ အောက်ကျို့ချော့မော့သံကလေး များမှာ မာကျောသော ကျောင်းသူ ကျောင်းသားများ၏ နားတွင်မဝင်နိုင် ပေ။ အရေးမစိုက်လှသော အမူအရာနှင့် ပြောချင်ရာ ပြောနေသူအချို့ကို သော်လည်းကောင်း၊ နောက်ဆီမှ မထိမဲ့မြင် ခပ်မဆိတ်လုပ်နေကြသူတွေ သော်လည်းကောင်း "ဟော့ ... အဲဒီအိမ်ရှေ့မင်းဟာ ကာနယ် ဦးချစ်

သောင်းလို လူစားနဲ့တူတယ် ...”ဟု လည်းကောင်း၊ “ဒါပေမဲ့လို့ ရာဇ ဓာတုကလျာမင်းသမီးကလေးက ဣန္ဒြေ့ရှင်ပါ။ ဒို့ဆီကဟာလို မဟုတ် ပါဘူး ...” ဟူ၍ သူတို့အချင်းချင်း ပြောသလို၊ မကြားတကြား ပြောသံများကို ကြားရလေ၏။

သို့သော် ညွှန့်မေသည် အဆိုပါ အပေါက်ဆိုး မှတ်သံတွေကို ဗွေမယူဘဲ မိမိတာဝန်ဝတ္တရားအတိုင်း ဟံသာဝတီ ရာဇဝင်ကို စတင်ပြော လေ၏။ တစ်တန်းလုံး တိတ်ဆိတ်လျက်ရှိသော်လည်း အတန်းသူတွေ မှာ ရာဇဝင်အကြောင်းကို နားမထောင်ဘဲ ကာတွန်းရုပ်ပြောင်ရေးသူက ရေးနေ၏။ တီးတိုးခေါင်းချင်းရိုက်သူက ရိုက်နေ၏။ ကျားထိုးသူက ထိုးနေ၏။ စုံမ ဖွက်သူကဖွက်နေ၏။ သီချင်းစာကူးသူက ကူးနေ၏။ ညွှန့်မေမှာ မောရုံသာရှိနေ၏။ ဝမ်းလည်းနည်း၏။ စိတ်လည်းငယ်၏။ မျက်ရည်တွေလည်း လည်လာ၏။ ပြောနေသော အသံကလေးမှာ တုန်ယင်ကာ တဖြည်းဖြည်း ငိုသံပါ၍လာသောကြောင့် ပြောလက်စ ရာဇဝင်စကားကိုပင် ရပ်နားခြင်းပြုလိုက်ရလေ၏။

မချိုဝမ်းနည်းသော မျက်နှာကလေးနှင့် ကျောင်းသားတွေကို စိုက်ကြည့်မိရင်း ... “အင်း ... မင်းတို့တစ်တွေဟာ ဆရာမကို သိပ်ပြီး အထင်သေးနေကြတာပဲနော်။ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတဲ့ စကား လိုပဲ ဆရာမကို အထင်အမြင်သေးနေကြတော့ ဆရာမ သင်ပြတဲ့ သင်ခန်းစာကိုလည်း မလိုက်နာချင်ကြဘူးပေါ့။ ဒီတော့ ဆရာမမှာလည်း ကျောင်းက လခယူပြီး ကျောင်းသားတွေအပေါ်မှာ တာဝန်မကျေရာ ကျနေပြီ။ တာဝန်ကျေအောင် လေကုန်ခံပြီး ရာဇဝင်အကြောင်းတွေ လျှောက်ရွတ်နေပြန်ရင်လည်း စိတ်မဝင်စားတဲ့မင်းတို့နားမှာ ငြီးငွေ့ စရာကြီးတစ်ခုဖြစ်နေမှာပဲကွယ်။ သို့ပေတဲ့ ဆရာမ ဒီကျောင်းမှာ လုပ်နေသမျှ မင်းတို့နဲ့ ဆရာမနဲ့ဟာ မကင်းနိုင်တဲ့ လူချင်းလိုဖြစ်နေ

တယ်။ တခြားလူတွေက ဆရာမကို မခေါ်ချင်ကြတာ အရေးမကြီးဘူး။ မင်းတို့အထင်မှားပြီး အမုန်းပွားနေတာက ဆရာမအဖို့ အများကြီး အရေးကြီးတယ်။ ဒီတော့ မင်းတို့ မငြီးငွေ့လေအောင် မင်းတို့ အထင်အမြင်သေးနေတဲ့ မင်းတို့အပေါ်မှာ ဆရာသမားအဖြစ်နဲ့ လာမနေထိုက်ဘူးထင်တဲ့ ဆရာမရဲ့ ကံဆိုးမိုးမှောင် အဖြစ်အပျက်တွေကို ပြောပြချင်တယ်။ ဆရာမရဲ့ အဖြစ်အပျက်များကို တပည့်များ အစအဆုံး သည်းခံပြီး နားထောင်ကြဖို့၊ နားထောင်ပြီးတဲ့အခါ ဆရာမအပေါ်မှာ မင်းတို့ အထင်အမြင်သေးထိုက် မသေးထိုက်၊ မုန်းထိုက် မမုန်းထိုက်၊ မင်းတို့ရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ကြပေတော့နော်။ အခု မင်းတို့ဟာ ဆရာမ အကြောင်းဘာမှ မသိကြဘူး။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က သတင်းစာတွေထဲမှာ ပါတာကိုသာသိကြပြီး အရှုံကြီးရှုံ၊ အမုန်းကြီး မုန်းနေကြတာဘဲ မဟုတ်လား ... ဆရာမဟာလေ ဒီအကြောင်းတွေကို ဘယ်တော့မှ မဖြေရှင်းခဲ့ဘူး။ တစ်တိုင်းတစ်ပြည်လုံး စုပြီးမုန်းနေကြသမျှ ခေါင်းငုံ့ပြီး ခံခဲ့တယ်။ ဖြေရှင်းနေချင်တဲ့ စိတ်လည်းမရှိဘူး။ ဒီနေ့ အခုအချိန်ရောက်မှ မင်းတို့ကိုတော့ သိသင့်သိထိုက်သလောက် ပြောပြချင်တဲ့ စိတ်ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ပြောတော့မယ်နော် ..." ဟု စတင် လိုက်လျှင်၊ ခင်မော်နှင့် ခင်သော် အမှူးရှိသော ကျောင်းသူများသည် ဆရာမ ညွန့်မေအား စူးစိုက်ငေးမောကြည့်နေမိကြလေ၏။ ထိုခဏတွင် နောက်ဆီမှ ... "ဆရာဝန်ကာနယ် ဦးချစ်သောင်းအကြောင်း ပါမှာလား ဆရာမ ..." "ဆရာဝန်ကတော် ခင်ခင်ကြီး သေတဲ့အကြောင်းလည်း ပါမှာပေါ့နော် ..." ဟု လှမ်း၍မေးလိုက်ကြပြန်၏။

"အေးအေး ... ပါမယ် ပါမယ် ... အားလုံးပါမယ် ... နားထောင်ကြနော် ..." ဟု ဆိုကာ၊ မိမိဇာတ်ကွက်ကို လေးလေးနက်နက်ပြောမည်ဟု ဟန်ပြင်လိုက်လျှင်။ ယခင်က မထီမဲ့မြင်ပြုလုပ်နေကြသော အတန်းသား

တစ်စုတို့သည် နေ့စဉ်နှင့်အမျှ မိမိတို့က အမနာပပြောဆိုနေကြသော ဆရာမ ညွန့်မေ၏ ဇာတ်ကြောင်းကို ထပ်လောင်း၍ ကြားရပေဦးတော့ မည်ဟု စိတ်အားထက်သန်စွာ နားထောင်နေကြသည်တွင် ဆရာမ ကလေး ညွန့်မေမှာ ဤတစ်ကြိမ် အတန်းသားများ၏ စိတ်ဝင်စားလာမှု ကို အတော်ကလေး အားရကျေနပ်လာရကား မိမိအဖြစ်အပျက်များကို အစအဆုံး တစ်လုံးမကျန် ဟုတ်မှန်သည့်အတိုင်း အတိအကျ ဇာတ် လှန်လိုက်လေသတည်း။

# အခန်း [ ၂ ]

ရွှေမိုးတွေကား ညိုလျက်ရှိ၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသည့်အတိုင်း ပင်လယ်တွင်း၌ လှိုင်းလုံးကြီးတွေမှာ တအိအိ တလိပ်လိပ်ထလျက် အမျက်စောင်မာန်ကြီးသော မြွေနဂါးကြီးများ အခိုးမှုတ်သကဲ့သို့ ရေပန်းရေမြှုပ်များကို တဖွားဖွားထအောင် လှိုင်းခေါင်းချင်းရိုက်၍ တဝုန်းဝုန်းတိုက်လျက်ရှိလေရာ၊ ထားဝယ်မြို့မှ ရန်ကုန်ဆိပ်ကမ်းသို့ ရှေးရှုခုတ်နှင်လာသော ပင်လယ်သွား သင်္ဘောကြီးကား။ မာန်ဖီနေသော လှိုင်းလုံးကြီးများပေါ်သို့ မထီမဲ့မြင်ဖြတ်ကျော်ခုတ်မောင်းလာလျက်ရှိလေ၏။

မိုးတွင်းဖြစ်သည့်အားလျော်စွာ၊ ကောင်းကင်မျက်နှာကြီးမှာ ညိုတိုတို မှုန်မှုန်သိုးသိုး ဖြစ်နေသော်လည်း လေလည်းမလာ မိုးလည်းမရွာသေးဘဲ နေရောင်ခြည်ကလေး မှေးနေခိုက်ဖြစ်ရကား၊ ပင်လယ်ခရီး၏ ရှုမျှော်ခင်းကြီးမှာ ကြည့်ခင်းသာယာလျက် ရှိသောကြောင့် ခရီးသည်အချို့သည် သင်္ဘောကုန်းပတ်ပေါ်သို့ တက်လာကာ ပင်လယ်လေ၏ အရသာကို ခံစားနေကြကုန်၏။

သင်္ဘောကုန်းပတ်အလယ်ပိုင်း တစ်နေရာတွင်ရှိသော သံလက်

ရမ်းကိုမှီကာ ပင်လယ်ရေပြင်၏ လှိုင်းလုံးကြီးများကို မဆုံးနိုင်အောင် တစ်ကိုယ်တည်း ငေးမျှော်နေသော အသက် နှစ်ဆယ်ရွယ်ရှိ ခရီးသည် မိန်းမပျိုကလေး တစ်ဦးကား ထားဝယ်မြို့မှ ရန်ကုန်မြို့ကြီးသို့ လိုက်ပါလာသူ ဆရာမကလေး ညွန့်မေ ဖြစ်လေ၏။

ညွန့်မေသည် သင်္ဘောပေါ်မှနေ၍ စိမ်းလဲ့ ညိုမှောင်၍ တောင်ငယ်တရှိ အိမ်ငယ်တရှိ ရေပြင်ပြည့်မျှ တအိအိ တလိပ်လိပ် ထနေသော လှိုင်းလုံးကြီးများကို ငေးကြည့်ရင်း မိမိနေထိုင်ခဲ့ဖူးသော ရန်ကုန်မြို့ကြီးကို အာရုံထင်မြင်စိတ်ကူးယဉ်လျက်ရှိလေ၏။ မိဘများပြည့်ပြည့်စုံစုံရှိစဉ်က ဆယ်တန်းနှင့် အထက်တန်းဆရာဖြစ် အောင်ခဲ့သည်တိုင်အောင် ပညာသင်ရေးဘက်တွင် စိတ်လက်မကုန်ခဲ့သဖြင့် ကောလိပ်သို့ အတန်းကုန်ဆက်၍သင်ရန် လာရောက်ခဲ့ရာ ထင်တိုင်းမပေါက်စေသော အကုသိုလ်ကံသည် ညွန့်မေ အိုင်အေအောင်ပြီးသော နှစ်မှာပင် ဝင်ရောက်ဖိစီးလိုက်၏။ မိမိပညာသင်ကြားမှုတွင် အထောက်အပံ့ ပြုနေသော ဖခင်ကြီးမှာ ရုတ်တရက် ကွယ်လွန် အနိစ္စရောက်သွားရှာ၏။ သားအမိနှစ်ယောက်မှာ တောင်မရောက် မြောက်မကျနှင့် ကျန်ရစ်ခဲ့ရာ ညွန့်မေမှာ မနေသာတော့ဘဲ ဖခင်ကြီး ခေါင်းချရာ ထားဝယ်မြို့မှာပင် စာသင်ကျောင်းတစ်ခုတွင် ဆရာမ အလုပ်ကို ဝင်ရောက်လုပ်ကိုင်ကာ သားအမိနှစ်ယောက် ဆက်လက် နေထိုင်ခဲ့ကြရ၏။ မကောင်းသော ကံကြမ္မာသည် ဆက်ကာဆက်ကာ ဖိစီးတတ်သည့်အားလျော်စွာ တစ်နှစ်မျှ မကြာမီပင် ညွန့်မေ၏ မိခင်ကြီးမှာ အသည်းအသန် မကျန်းမမာ ဖြစ်လာပြန်၏။ ညွန့်မေတို့သားအမိမှာ တစ်မြို့တစ်ရွာတွင် မအေတစ်ခု သမီးတစ်ခုနေရသူများဖြစ်သည် တစ်ကြောင်း၊ နဂိုကလည်း ဆွေမျိုးရင်းချာ သားချင်းပေါက်ဖော် တော်စပ်သူမရှိသလောက် နည်းပါးသူများ ဖြစ်ရှာကြ၍ ညွန့်မေမှာ မကျန်းမမာသော မိခင်ကြီးကို ပြုစုယုယမည့်သူ

မရှိသဖြင့် အလုပ်မှ ခွင့်ယူကာ မိခင်ကို ပြုစုရရှာ၏။ ဝေဒနာသည်မှာ တစ်လနှင့်လည်း မပျောက်၊ နှစ်လနှင့်လည်း မပျောက်၊ လေးငါး ခြောက်လရှိမှ ဥစ္စာကုန်လူပန်းနှင့် ဆုံးခန်းသို့ရောက်ကာ ကွယ်လွန်သွား ရှာတော့၏။ ဤတွင်လည်း ညွန့်မေတွင် တစ်ကောင်ကြွက် တစ်မျက်နှာ ကျန်ရစ်ရှာပြီး အလုပ်ကို ပြန်ဝင်ရန်မှာလည်း ခြောက်လတည်းဟူသော အချိန်တိုင် ကျောင်းက စောင့်မနေနိုင်။ ဆရာစားခန့်ထားလိုက်ရပြီဖြစ် ရာ။ညွန့်မေမှာသာလျှင် မျောက်သစ်ကိုင်းလွတ် ဖြစ်နေရရှာတော့၏။

တစ်ခုမရ၊ တစ်ခုရဟု ရရာအလုပ်ကို လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ၌လည်း အလုပ်အကိုင်ရှားပါးကျပ်တည်းသော ခေတ်ဆိုးကြီးဖြင့် ကြုံ ကြိုက်၍ ရှိပြီးအလုပ်သမားများကိုပင် လျှော့ချနေရသည့်အခိုက်အတန့် မျိုး၌ မြို့ငယ်ကလေးတစ်ခုတွင် အလုပ်ရနိုင်ရန် သာ၍ ခဲယဉ်းလျက် ရှိသောကြောင့် ညွန့်မေမှာ အင်္ဂလိပ် မြန်မာ သတင်းစာတို့တွင် အရပ် ရပ်က "အလိုရှိသည်" ကြော်ငြာများကို စောင့်စားလျက်၊ လက်တည့်စမ်း လျှောက်လွှာများကိုသာ မနေမနားရေး၍ ပို့လျက်ရှိရတော့၏။

တစ်ခုမစွန်၊ တစ်ခုစွန်ဆိုသလို ညွန့်မေလက်တည့်စမ်းသော လျှောက်လွှာပေါင်း မြောက်မြားစွာမှ လျှောက်လွှာတစ်စောင်မှာ ကံစွပ် သွား လေ၏။ ကံစွပ်မိသော လျှောက်လွှာကား ဆရာဝန်ကြီး ကာနယ် ဦးချစ်သောင်းထံသို့ ပို့လိုက်သော လျှောက်လွှာဖြစ်လေ၏။ အင်္ဂလိပ် သတင်းစာတစ်ခုတွင် ဆရာဝန်ကြီး ကာနယ် ဦးချစ်သောင်းက မိမိ ကလေးများအတွက် ပရိုက်ဗိတ်ဆရာမတစ်ယောက် အလိုရှိကြောင်း ကလေးများမှာ နေ့ကျောင်းသားများဖြစ်သော်လည်း ၎င်းတို့ကို အိမ်တွင် ကြည့်ရှုအုပ်ချုပ်ရန်နှင့် ညဘက်တွင် အပိုစာပြပေးရန် ဖြစ်ရာ။ လခမှာ တစ်လလျှင် တစ်ရာရမည့်အပြင် နေထိုင်ရန် အိမ်ခန်းနှင့် အစားအစာပါ ပေးမည်ဖြစ်ကြောင်း သိရလျှင် ဤအလုပ်ကလေးမှာ အခြားအလုပ်များ

ထက်ပင် ရေးရေးရှိလှ၍ လျှောက်လွှာပို့ခဲ့ခြင်းဖြစ်လေရာ။ သို့နှင့်များ မကြာမီ ဦးချစ်သောင်းထံမှ အလုပ်ခန့်စာ ရောက်လာသဖြင့် ယခုအခါ ဦးချစ်သောင်း နေထိုင်ရာ ရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်လေ၏။

ဆရာဝန်ကြီး ကာနယ်ဦးချစ်သောင်းမှာ အသက်သုံးဆယ့်ခုနစ်နှစ်ခန့်မျှ ရှိ၏။ စိတ်သဘော အလွန်လျှင်ကောင်းလျက် ဖြောင့်မတ်တည်ကြည်၍ လူကြီးဂုဏ်အင်္ဂါနှင့် ညီညွတ်သော လူသူတော်ကောင်းကြီး တစ်ယောက်ဖြစ်ကြောင်း၊ လူချစ်လူကြည်ညိုလည်း အထူးများ၍ ရန်ကုန်မြို့ပေါ်တွင်မျှမက မြန်မာပြည်အရပ်ရပ်၌ မြို့မိမြို့ဖသဖွယ် နာမည် ထင်ရှားလူသိများသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ကြောင်းတို့ကို ညွန့်မေ ရန်ကုန်၌ နေစဉ်ကပင် ကြားသိခဲ့သဖြင့် ဤလိုလူကြီးလူကောင်း တစ်ဦး၏ အရိပ်အာဝါသကို ခိုလှုံနိုင်ရန် စီမံဖန်တီးလာသည်မှာ မိမိအဖို့ ကံကောင်းလာပြီဖြစ်သော အရိပ်နိမိတ်ဟူ၍ မှတ်ထင်မိခဲ့လေ၏။ ထိုအကြောင်းများကြောင့် အလုပ်ရှားသော ခေတ်တွင်၊ ရသောအလုပ်ကို မြဲအောင် သည်းညည်းခံ၍ လုပ်ရန်နှင့် ဤလို အလုပ်ကောင်းမျိုးကိုမူ သာ၍ပင်မြဲစွဲရန် အနှောင့်အယှက်အခက်အခဲတွေ့ရသည့်တိုင်အောင် သည်းညည်းခံ၍ ကြိတ်မှိတ်ကာ လုပ်သင့်သည်ဟုတွေးတောစိတ် ပိုင်း၍ လာခဲ့လေ၏။

ဆရာမကလေး ညွန့်မေသည် ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်လျှင်ဆိုက်ခြင်း အငှားမော်တော်ကားတစ်စီးကိုငှားရမ်းကာ ဆရာဝန်ကြီး ကာနယ် ဦးချစ်သောင်း၏ နေအိမ်ရှိရာ ပြည်လမ်းသို့ လာခဲ့လေ၏။ ခြံကြီးအတွင်းသို့ ဝင်မိလျှင်ပင် တစ်ဧကနီးပါးရှိ ခြံကြီးမှာ ရေတွင်းရေကန် ပန်းမန်ဥယျာဉ်တို့နှင့် သာယာစွာပြုပြင်ထားလျက် ခြံ၏ အလယ်ဗဟိုချက်မတွင်မူကား ဖန်သားမှန်သားတို့နှင့် ဝင်းဝင်းပြောင်ပြောင် ခြယ်လှယ်မွမ်းမံထားသော ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးကို တွေ့ရလျှင်။

ညွန့်မေမှာ ဤမျှ ခမ်းနားသောအိမ်ကြီးတွင် မိမိနေထိုင်ရမည်ဖြစ်၍ ရုတ်တရက် စိတ်ကြီးဝင်သွားသကဲ့သို့ ဖြစ်မိလေ၏။

အိမ်ကြီးမှာ ခမ်းနားကြီးကျယ်သလောက် အလုပ်တာဝန် ဆောင်ရွက်ရမည့်သူတွေလည်း အိမ်ကြီးနှင့် တန်အောင်များပြားစေကာမူ၊ ဆူဆူညံညံနှင့် လူသံသူသံတွေ အလျင်းမကြားရဘဲ၊ ကမ္ဘာ့ဌာန်းထိုင်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။ ညွန့်မေသည် ပစ္စည်းများကို ကားပေါ်မှ မချသေးမီ ဆင်ဝင်ပေါက်နံရံမှ ခလုတ်ကို သွား၍နှိပ်လိုက်လျှင်၊ မဟော်ဂနီရောင်နှင့် လက်ပြောင်တောက်ပသော တံခါးရွက်ကြီး ပွင့်လာပြီး အသက် လေးဆယ်ခန့်ရှိ အစေခံမှူးနှင့်တူသော လူကြီးတစ်ယောက်ထွက်လာကာ ညွန့်မေ၏ ရောက်လာခြင်းကို စုံစမ်း၏။ ညွန့်မေလည်း ကာနယ်ဦးချစ်သောင်း၏ ခန့်စာနှင့်တကွ၊ မိမိရောက်လာရခြင်း၏ အကြောင်းရင်းကို ပြောပြလေရာ အစေခံမှူးကြီးသည် ညွန့်မေအား အံ့ဩသောအမူအရာနှင့် ခြေဆုံးခေါင်းဆုံး အတန်ကြာ ကြည့်နေသည်ကို တွေ့ရလေ၏။

ညွန့်မေလည်း အဘိုးကြီး၏ ကြည့်ပုံကို နားမလည်နိုင်အောင်ရှိလေ၏။ "ဦးကြီးရှင့် ကျွန်မပစ္စည်းများ ဘယ်မှာထားရမလဲ ..." ဟု မေးမှ သတိရပြီး ...

"ဩ ... ဩ ... ဟုတ်ပါရဲ့" ဟု ဆိုကာ နောက်ပိုင်းရှိ လူခေါ်ခလုတ်တစ်ခုကို နှိပ်လိုက်ရာ အစေခံသူငယ်နှစ်ယောက် ပေါက်လာသည်နှင့် "ဟေ့ ဟောဒီဆရာမပစ္စည်းကလေးတွေသယ်ပြီး ပြင်ထားတဲ့ အခန်းထဲ ပို့လိုက် ..." ဟု ဆို၍ တစ်ဖန် ညွန့်မေဘက်သို့လှည့်ကာ "ကိုင်း ဆရာမကလေး သူတို့နဲ့ အတူလိုက်သွားပါ။ ရေမိုးချိုး၊ စားစရာများ စားပြီးတဲ့အချိန် သခင်ကြီးနဲ့တွေ့ဖို့ ဦးကြီးလာခေါ်ပါမယ် ..." ဟု ပြောသောကြောင့် ညွန့်မေလည်း ကားခများပေးခဲ့လျက်၊ အစေခံကလေးများ

နှင့်အတူ မိမိအဖို့ပေးသောအခန်းသို့ လိုက်လာခဲ့လေ၏။ အိမ်ကြီးမှာ ကျယ်ဝန်းလှသဖြင့်၊ အဆောင်ဆောင်အခန်းခန်း ဖြတ်ကျော်လာခဲ့ရာတွင် အခန်းခန်း အဆောင်ဆောင်တိုင်းတို့တွင် ဆိုင်ရာဆိုင်ရာ ပြုပြင်သုတ်သင် လျက်ရှိကြသော အစေခံများမှာ တိတ်ဆိတ်ငြိမ်သက်၍ အလုပ်ကိုရိုသေစွာ လုပ်ကိုင်နေကြသည်ကို တွေ့မြင်ရလေလျှင် ဆရာဝန်ကြီးကာနယ် ဦးချစ်သောင်း၏ အနေအထိုင်မှာ ဂုဏ်ရှိသလောက် ပစ္စည်းပေါ၍၊ ပစ္စည်းပေါသလောက်လည်း အနောက်နိုင်ငံရှိ သူဌေးကြီး၊ အရာရှိကြီးများ နေထိုင်ကြသလို ခံ့ညားသားနားစွာ နေထိုင်ကြောင်း သိရှိရလေ၏။ မိမိအဖို့ပေးသောအခန်းသို့ ရောက်သောအခါလည်း အိပ်ခန်း၊ ထမင်းစားခန်း၊ စာကြည့်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ အဝတ်လဲခန်းမှစ၍ အပိုင်းအခြားနှင့် သားနားသော အသုံးအဆောင်တို့ပါ ပြည့်စုံစွာ ပေးထားရုံမက အလိုရှိရာ လုပ်ကိုင်ပေးရန် အစေခံ ကုလားမလေးတစ်ယောက်လည်း ရသေးသဖြင့်၊ ညွန့်မေမှာ ကျေနပ်စရာတွေနှင့်သာ ဆက်ကာဆက်ကာ တွေ့နေရသကဲ့သို့ ရှိလေ၏။ မိမိ၏ အလုပ်ရှင်ဖြစ်သော ဆရာဝန်ကြီး ကာနယ် ဦးချစ်သောင်း၏ ဂုဏ်ရှိန်နှင့် ကြီးမားသော စည်းစိမ်ကြီးကို တွေးတောကာ သာစုခေါ်မိရှာ၏။ ကာနယ်ဦးချစ်သောင်း နာမည် ထင်ရှား လူပြောများသလောက်၊ ဦးချစ်သောင်း၏ဇနီး ဒေါ်ခင်ခင်ကြီး၏ အကြောင်းကိုမူ အရေးတယူပြောဆိုသူ များစွာမရှိသည်ကို လည်း ကောင်း၊ မြို့ရေး၊ ရပ်ရေး အစခပ်သိမ်းသော ကိစ္စများတွင် ဦးချစ်သောင်း အမည်သာလျှင် အပါများ၍ ဒေါ်ခင်ခင်ကြီးအမည် အပါနည်းလှသည် ကို လည်းကောင်း၊ ဦးချစ်သောင်းနှင့် ဒေါ်ခင်ခင်ကြီးမှာ နှစ်ဦးနှစ်ဖက် စလုံး မျိုးရိုးကောင်း၍ ဘောဂဗလနှင့် ပြည့်စုံသူများဖြစ်ကြပြီးလျှင် အထူး သဖြင့် ဒေါ်ခင်ခင်ကြီးမှာ တစ်ဦးတည်း အမွေခံသမီး ဖြစ်သဖြင့် ဦးချစ် သောင်းထက်ပင် ဓနအင်အားပြည့်စုံသူဟူ၍လည်းကောင်း၊ ဒေါ်ခင်ခင်

ကြီး၏ ဖခင်မှာ ဆာဘွဲ့ရ ပြည်ထဲရေးဝန်ကြီးချုပ်ဟောင်း တစ်ဦးဖြစ်သောကြောင့် လက်ရှိဂုဏ်အားဖြင့်လည်း ဦးချစ်သောင်း၏ မိဘများထက် သာလွန်သည်ဟူ၍ လည်းကောင်း ကြားဖူးနားဝရှိခဲ့၏။ သို့နှင့် ဘီလူးတွေ့ဒူးတွေ့ဆိုသလို များမကြာမီ အချိန်နာရီအတွင်း၌ ဦးချစ်သောင်း ဒေါ်ခင်ခင်ကြီးတို့နှင့် တွေ့ရတော့မည် ဖြစ်လေရာ ဆရာမကလေးညွန့်မေမှာ သူတို့၏ စိတ်ကြိုက်ကို မည်သို့အလိုလိုက်၍ မည်သို့အရိုအသေပေးရမည်တို့ကို တင်ကြိုစဉ်းစားလျက် အစေခံမှူးကြီး အခေါ်ရောက်လာသောအခါ အဆင်သင့်လိုက်ပါနိုင်ရန် ပြင်ဆင် စောင့်စားနေလေ၏။

၃ နာရီခန့်မျှကြာသောအခါ အစေခံမှူးကြီး လာခေါ်သောကြောင့် ညွန့်မေလည်း နောက်မှ လိုက်ပါလာခဲ့ရလေ၏။ ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်၍၊ ကာနယ်ဦးချစ်သောင်းနှင့် ကလေးများမှာ အိမ်မှာရှိနေကြောင်း ကြိုတင်သိရှိရသည့်အပြင် အိမ်တွင်လည်း ဧည့်သည်များ မစဲနိုင်အောင်ရှိ ကြောင်း အောက်ထပ် ဧည့်ခန်းကြီး၌ ဧည့်သည်အသီးသီး ထိုင်စောင့်နေကြသည်ကို တွေ့မြင်ရခြင်းအားဖြင့် အကဲခတ်နိုင်လေတော့၏။

အစေခံမှူးကြီးနောက်မှ လိုက်ပါလာခဲ့သော ညွန့်မေသည် အောက်ထပ်ရှိ အဆောင်အခန်းများကို ဖြတ်သန်းပြီးနောက် ကွေ့ဝိုက်သော ကျွန်းသားလှေကားကျယ်ကြီးမှ အပေါ်ထပ်သို့ တက်လာခဲ့ရပြန်၏။ လှေကားထိပ်သို့ရောက်လျှင် ဝဲယာရှေ့နောက်သို့ လှည့်ကြည့်မိရာ ခမ်းနားသော အဆောင်ဆောင်အခန်းခန်းများမှာ မြန်မာပြည် ဘုရင်ခံအိမ်မျှမက ဖိတ်ဖိတ်ကြွသားနားလှအောင် မွမ်းမံပြင်ဆင် ထားသည်ကို တွေ့ရပြန်လျက်၊ ထိုအခန်းများမှာ အိမ်ရှင်များအဖို့ အမျိုးမျိုး စည်းစိမ်ခံစားရန် စီမံဖန်တီးထားရာများဖြစ်ကြောင်း၊ ယုတ်စွအဆုံး ကလေးများအပျော်ကစားသော အခန်းကြီးတစ်ခုမှာပင် အရုပ်ပေါင်း ရာထောင်နှင့်

ကစားစရာကုန်ရောင်းသော တိုက်ဆိုင်ကြီးသဖွယ် အမျိုးမျိုး ခြယ်လှယ် ပြင်ဆင်ထားပြီးလျှင် ကလေးများအဖို့ စာကြည့်ရန် နေရာ အပျင်းပြေ ပီယာနိုတီးရန်။ ရေဒီယိုစက်သီချင်း စသည်တို့မှာ လည်း အငြီးဖြေစရာ အသီးသီး ပြင်ဆင်ပေးထားသည်တို့ကို တွေ့မြင်ရပြန်၍ ညွှန့်မေမှာ ဤအခန်းတွင် မိမိနှင့် ကလေးတွေ ပျော်ရွှင်စွာ အတူနေရမည့် အရေး တွေးမိတိုင်း ပီတိဖြစ်နေရှာ၏။

သို့ရာတွင် ညွှန့်မေ၏ ပီတိဖြစ်နေမှုကို ရုတ်တရက်ဆွဲဆောင့် ခံလိုက်ရသလို ဖြစ်သွားလေ၏။ လှေကားနှင့် ဦးတိုက်ရှိသော အခန်း တွင်းမှ ဒေါသနှင့် ဟစ်အော်ငေါက်ငမ်းလိုက်သော ယောကျ်ားကြီးတစ် ယောက်၏ အသံနှင့် ပက်ကော်ကလန် ပြန်လှန်ရန်တွေ့လိုက်သော မိန်းမကြီးတစ်ယောက်၏ အသံကို ရုတ်တရက် ကြားလိုက်ရခြင်း ဖြစ်လေ၏။ ညွှန့်မေသည် ထိုအသံများကို ရုတ်တရက် အံ့အားသင့်သလို နားစိုက်ထောင်ပြီးမှ အစေခံမှူးကြီးကို ကြည့်လိုက်မိရာ။ အဘိုးကြီးလည်း ရုတ်တရက် မျက်နှာပျက်ပြီး သက်ပြင်းကြီးတစ်ချက် ဆွဲရှုလိုက်သည်ကို တွေ့မြင်ရလေ၏။ သို့ရာတွင် ညွှန့်မေမှာ မိမိသည် ကလေးများကို စာသင်ရန် လာရောက်သူသာ ဖြစ်သောကြောင့် အခြားအိမ်တွင်းရေး ကိစ္စများမှာ မိမိနှင့် ဘာမျှမဆိုင်သလို အစေခံမှူးကြီးအား တစ်စုံတစ်ရာ မေးမြန်းသမှုမပြုဘဲ အမှတ်မထင်နေလိုက်လေ၏။

အခန်းထဲမှ မသဲကွဲသော ခွန်းကြီးခွန်းငယ် ပြောသံများ အနည်း ငယ် ဆက်ကာ ကြားရပြီးနောက်။ ထိုအခန်းကြီးအနီးရှိ တစ်ဖက်သော ဝရန်တာ ဆောင်တော်ကူးကလေးဆီသို့မှုကား ကျောင်းထိုင်ဘုန်းကြီးနှင့် တူသော အာဂန္တုရဟန်းတော်ကြီးတစ်ပါးမှာ အိမ့်ရှင် ဒါယကာနှင့် ဒါယိ ကာမကြီးတို့ ဒေါသနှင့် ခွန်းကြီးခွန်းငယ် ပြောနေကြသော အသံများကို ကြားရသဖြင့် နားမချမ်းမသာ ရှာဘိအလား မဏိပြောင်ကလေးကို

အယားဖျောက်ရင်း စကြိုကိုသာလျှင် အခေါက်ရေ များများရအောင်ဖို့ လျှောက်နေရှာသည်ကို တွေ့မြင်ရပြန်လေ၏။ တစ်ခဏမျှစောင့်သော်လည်း အထဲမှ အသံမှာ မစဲသေးပေ။ ယောကျ်ားသံမှာ တိတ်ဆိတ်သလောက် မိန်းမသံမှာက အမောက်တက်၍ ခုနစ်စဉ်ပတ်တန်းဆက်နေပြန်သည်ကို ကြားရလေ၏။ အစေခံမှူးကြီး၏ မျက်နှာကို အကဲခတ်ခြင်းအားဖြင့်လည်း ဤအိမ်၌ ဤကိစ္စမျိုးမှာ ရိုးနေသည်ဟု သိရပြီးလျှင် အိမ်ကြီးမှာ ဤမျှခမ်းနားသာယာမွေ့လျော်ပျော်ရွှင်စရာ ကောင်းသလောက် အိမ်တွင်းရေးမသာယာလှသော အိမ်ပူရေဆာကြီး ဖြစ်နေဟန်ရှိခြေသည်ဟုလည်း တွေးမိပြန်လေသည်။ ညွှန့်မေ တွေးမိသည့်အတိုင်းပင် အစေခံမှူးကြီးလည်း စကားပွဲပြီးအောင် စောင့်နေလျှင် တစ်နေကုန်သည့်တိုင်အောင်လည်း ကိစ္စပြီးမည် မဟုတ်ကြောင်းသိရသည့် အလား။ ပိတ်ထားသော တံခါးကို အသာခေါက်လိုက်လေတော့၏။

"ဝင်ခဲ့" ဟု အထဲမှ အသံပေါ်လာသည်နှင့် တစ်ပြိုင်နက်။ အဘိုးကြီးသည် တံခါးကို ဖြည်းညင်းစွာတွန်းဖွင့်ကာ ညွှန့်မေပါ အတူဝင်လိုက်ရန် ခေါ်လာခဲ့လေ၏။ ညွှန့်မေလည်း အခန်းထဲမှာ မည်သို့သော မြင်ကွင်းနှင့် ပက်ပင်းပါ တွေ့မြင်ရမည်နည်းဟု သိလိုသော မျက်လုံးကလေးနှင့် ဝင်လိုက်လာရင်း အခန်းတွင်းရှိ လူများ၏ အခြေအနေကို ကြည့်လိုက်ရာ။ ကြားရသည်နှင့် မြင်ရသည်တို့မှာ တစ်ဖက်တစ်လမ်းစီကဲ့သို့ ဖြစ်နေလေ၏။ ဦးချစ်သောင်းက အော်ဟစ်ငေါက်ငမ်းလိုက်သံ ဒေါ်ခင်ခင်ကြီးက မိန်းမပီပီ လျှာရှည်ရှည်နှင့် မာန်ကာမဲကာ ရန်ထောင်ရန်တွေ့နေသံများကို ကြားရခြင်းအားဖြင့်။ တစ်ယောက်က အင်္ကျီလက်ပင့် တစ်ယောက်က ထဘီတိုတိုနှင့် သတ်မောင်းပုတ်မောင်းလုပ်မလို တွေ့နေရမည် ထင်မိ၏။ ယခုကား ညွှန့်မေထင်သလို မဟုတ်ပေ။ ဦးချစ်သောင်းမှာ အခန်းကြီးအလယ်၌ လက်နောက်ပစ် ခေါက်တုံ့ခေါက်

ပြန့်လမ်းလျှောက်နေသည်ကို တွေ့ရပြီးလျှင် ဒေါ်ခင်ခင်ကြီးမှာ ဖဲပန်းကြွ တို့ဖြင့် လွှမ်းထားသည့် တစ်ဖက်ရပ် ဆိုဖာသလွန်ကြီးပေါ်တွင် ခြေဆင်း ကာ ခပ်မှိုမှိုထိုင်နေပြီး အစေခံမကလေး သုံးလေးယောက်မှာ ဒေါ်ခင်ခင် ကြီး၏ ခြေသည်းများကို အလှပြင်အရောင်တင်ပေးနေကြရလျက်။ ဒေါ်ခင်ခင်ကြီး ကိုယ်တိုင်မူကား လက်ကိုင်မှန်ဝိုင်းတစ်ခုကို ကိုင်ကြည့် ကာ မျက်နှာတွင် မညီမညာတင်နေသော ပေါင်ဒါများကို သိပ်သည်း ညီညွတ်အောင် ပြုပြင်ရင်း ပါးစပ်မှလည်း မပြီးနိုင်အောင် မြည်တွန် တောက်တီးလုပ်လျက်ရှိနေလေ၏။ မလှမ်းမကမ်း စားပွဲဝိုင်း ကုလား ထိုင်စုတွင် ဆယ့်လေးနှစ် သမီးအရွယ်တစ်ယောက်၊ ဆယ့်တစ်နှစ် သမီး အရွယ် တစ်ယောက်၊ ခုနစ်နှစ် သားအရွယ် ကလေးငယ်တစ်ယောက် ပေါင်း ကလေးသုံးယောက်တို့ သည် စာအုပ်ကလေးတွေ ကိုယ်စီလှန် လျက်ရှိရာ သူတို့၏ မျက်နှာကလေးများမှာ စာအုပ်တွင် စိတ်မဝင်စားရှာ ဘဲ။ ပျော့်ရွှင်ခြင်းကင်းဝေး၍ ညှိုးငယ်ဝမ်းနည်းသော မျက်နှာကလေးတွေ နှင့် ရှိရှာကြသည်ကို တွေ့မြင်ရလေ၏။ အထူးသဖြင့် အကြီးနှစ်ယောက် မှာ ရိုးနေသောကိစ္စကဲ့သို့ အမှတ်မထင် နေနိုင်ကြသည့်တိုင်အောင် သားအငယ်ကလေးမှုကား ပျော်ရွှင်မှုကင်းဝေးသော မျက်နှာကလေးနှင့် မိခင်ကို တစ်လှည့်၊ ဖခင်ကြီးကို တစ်လှည့်။ ပါးစပ်ကလေးဟောင်း လောင်းထားလျက်၊ လက်မကလေးကို သွားနှင့်ကြိတ်ရင်း ကြည့်နေရှာ သည်ကို တွေ့မြင်ရလေ၏။

အစေခံမှူးကြီးမှာ မိမိသခင်များကို အတော်ဖင် ကြောက်ရွံ့ရှိသေ ရှာ၏။ အခန်းတွင်းသို့ ဝင်မိလျှင်ဝင်မိခြင်း စကြံလျှောက်နေသော ဦးချစ် သောင်းအား ... "ဆရာမကလေး ရောက်လာပါပြီ သခင် ..." ဟု ပြောလိုက်လေ၏။ ဦးချစ်သောင်းသည် ဝင်လာသူများဘက်သို့ ရုတ်တ ရက် လှည့်ကြည့်လိုက်သောအခါ ညွန့်မေမှာ အတော်အံ့အားသင့်သွား

ပြန်၏။ စောစောက အော်ဟစ် ငေါက်ငမ်းလိုက်သော အသံကို ထောက် စာလျှင် ဦးချစ်သောင်း၏ မျက်နှာမှာ တင်းမာခက်ထန်စွာ ရှိနေ ချိမ့်မည်ဟု ထင်ရသလောက် ယခုရင်ဆိုင်တွေ့ရသောအခါ ကြည်လင် ချိုသာ၍ သနားကြင်နာတတ်သော မျက်နှာထားကို တွေ့ရခြင်းကြောင့် စောစောက အသံမှာ စိတ်မရှည်နိုင်၍သာ အော်ဟစ်လိုက်မိခြင်းနှင့် တူ၏ ဟု စဉ်းစားမိလေသည်။ သို့သော် ဒေါ်ခင်ခင်ကြီးမှာမူကား။ မိမိကိုယ်ကို အလှအပ ပြင်ဆင်နေသလောက် မျက်နှာကြီးက ရှုသိုးလျက် မာန်မာန ခက်ထန်နေသည်ကို တွေ့ရလေ၏။

ထို့နောက် ကာနယ် ဦးချစ်သောင်းသည် ဖော်ရွေသော မျက်နှာ နှင့်... "အော် ... ဆရာမကလေး ရောက်လာပြီလား ... လာလာ ... ဒီမှာထိုင်..." ဟု ကလေးများ၏ ကုလားထိုင်ဝိုင်းဆီသို့ ညွှန်ပြသဖြင့် ညွန့်မေလည်း ရိုသေလေးစားသော အမူအရာနှင့် ကိုယ်ကို ညွှတ်ကိုင်း ကာ ကလေးများအနီးတွင် ဝင်၍ထိုင်လေ၏။

မြည်တွန်တောက်တီးလျက်ရှိသော ဒေါ်ခင်ခင်ကြီးလည်း နှုတ် ဆိတ်၍ သွားလေ၏။ ဦးချစ်သောင်းသည် ဒေါ်ခင်ခင်ကြီးရှိရာသို့ ချိုသာသောမျက်နှာနှင့် လှည့်ကြည့်လိုက်ကာ ... "ဟော့ ... ခင် ... ဟောဒီမှာ ကလေးတွေဖို့ ဆရာမကလေးရောက်လာပြီ ..." ဟု ပြောလိုက် လျှင် ပြုံတော့မည့် မိုးကဲ့သို့ မျက်နှာထားဆိုးကြီးနှင့် စူနေသော ဒေါ်ခင်ခင် ကြီးသည် ညွန့်မေကို တစ်ချက်လှမ်းကြည့်ကာ မူလရှိရင်းစွဲ မျက်နှာထား ဆိုးကြီးအတိုင်းနှင့် ... "ညည်း ဒီနေ့မှ ရောက်သလား..." ဟုမေးလေ၏။

"ဟုတ်ကဲ့ မမ မနက်ကမှ ထားဝယ်ကရောက်ပါတယ်"

"ထားဝယ်ကမို့ မည်းမည်းတုတ်တုတ် အရုပ်ဆိုးဆိုးထင်တယ်။ ခုတော့ ညည်းက လှနေပါကလား။ အေး ... လှတဲ့လူဟာ အလုပ်မမြဲ တတ်ဘူး။ နိုင်းတဲ့အစေခံမတွေလည်း ဒီလိုပဲ။ အရုပ်ဆိုးအကျည်းတန်မှ

အိမ်မြဲ တယ်။ ချောချောလှလှကလေးဆိုရင် တစ်နည်းနည်းနဲ့ ...”

ဒေါ်ခင်ခင်ကြီးမှာ ဇီဇာကျယ်လေရှည်ပုံရ၏။ ထိုခဏတွင် စကားမဆုံးမီ ဦးချစ်သောင်းက ကလေးများဘက်သို့ လှည့်ကာ ... “မေတို့၊ နယ်လီတို့ ဟောဒါ မင်းတို့ဖို့ဆရာမပဲ။ ဟော့ သားလေး အပါ... ဟောဒါ အပါတို့ ဆရာမပဲကွယ့်။ ထပြီး နှုတ်ဆက်လိုက်ပါ ...” ဟု ပြောလျှင် မေနှင့် နယ်လီတို့သည် “ဟုတ်ကဲ့ ... ဒက်ဒီ ...” ဟု ဆိုကာ ပြုံးချိုသော မျက်နှာကလေးတွေနှင့် ညွန့်မေ၏ ဝဲယာတစ်ဖက်တစ်ချက်တွင် လာထိုင်ကြပြီး လက်မောင်းတစ်ဖက်စီကိုင်ကာ နှုတ်ဆက်စကား ပြောကြလျှင် ညွန့်မေကလည်း လေးစားဖော်ရွေစွာ ပြန်၍ နှုတ်ဆက်လျက်ရှိလေ၏။ သားအငယ်ဆုံးကလေး အပါမှုကား မိခင်အနီးရှိ မှန်သားစားပွဲပေါ်တွင် အလှပြင်စိုက်ထားသော ခြောက်လက်မ နှင်းဆီပွင့်ကြီး တစ်ပွင့်ကိုဆွဲနှုတ်ကာ ညွန့်မေရှိရာသို့လာ ပေးပြီး ... “ချာမ ... ပန်း ...” ဟု မပီကလာ ပီကလာပြော၍ လောကွတ်လုပ်ရာလျှင်၊ ညွန့်မေလည်း အပါကလေး ပေးသောပန်းကို ကျေကျေနပ်နပ်ကြီး ဆီးယူပြီး အပါကိုလည်း အနီးသို့ တိုးစေ၍ ယုယကြင်နာစွာ ပွေ့ဖက်နှုတ်ဆက် လိုက်လေ၏။ အပါကား... မိမိတို့အဖို့ ဆရာမလှလှကလေးကိုရ၍ အားရကျေနပ်စွာနှင့် ညွန့်မေ၏ ရင်ခွင်သို့ရောက်နေရာမှ ကလေးဘာဝ မိခင်မျက်နှာကို လှမ်းကြည့်လိုက်ရာ ဒေါ်ခင်ခင်ကြီးမှာ အပါ လောကွတ်ချော်မှုကို မကျေနပ်သလို မျက်မှောင်ကုတ်ကြည့်နေတော့၏။ မိမိသားသမီးများနှင့် ယုယကြင်နာစွာ ထိန်းသိမ်းစောင့်ရှောက်မည့် ဆရာမကလေးတို့ ပလဲနံပ သင့်နေသည်ကို မြင်ရသောကြောင့် ကျေနပ်စွာပြုံးကြည့်နေမိသော ဦးချစ်သောင်းမှာ အပါ ရုတ်တရက် မျက်နှာပျက်သွားသည်ကို အကြောင်းပြုလျက် ဒေါ်ခင်ခင်ကြီးဘက်သို့ လှမ်းကြည့်လိုက်မိ၏။ လူနေ အထက်တန်းကျသလောက်၊ အပြင် မိတ်ဆွေများနှင့် ဆိုရှယ်ဖြစ်သလောက် အိမ်သူ အိမ်သားများ

အပေါ်တွင် အစစအရာရာ သဝန်တိုတတ်သော မိမိဇနီးအကြောင်းကို သိပြီးဖြစ်သော ဦးချစ်သောင်းသည် ဒေါ်ခင်ခင်ကြီးမျက်နှာထားကို မိမိအဖို့ ရိုးနေသော်လည်း ခရီးရောက်မဆိုက် မျက်နှာစိမ်း ဆရာမကလေးအတွက်မူကား အားနာစိတ်ကလေး ဖြစ်ပေါ်မိသည့်အတိုင်း စကားဖာသောအနေနှင့် ... "ခင်တော့ မင်းသမီးတွေ သားတွေ မပျင်းအောင် ဖြေဖျော်စောင့်ရှောက်မယ့်လူ ရောက်လာတဲ့အတွက် သားသမီးကိစ္စနဲ့ ဘာမှ နောက်ဆံငင်စရာ မရှိတော့ဘူး။ မင်းလည်း မျက်စိအေး နားအေး နေရမယ် ... ကလေးတွေလည်း ပျော်ပျော်ရွှင်ရွှင် နေရမယ် ... ဟုတ်လား ... ကဲ ... ကဲ ... မေတို့ နယ်လီတို့ မင်းတို့ဆရာမကို မင်းတို့နေတဲ့အခန်းတွေ လိုက်ပြချေကြပါကွယ် တို့ ..." ဟု စကားအဆက်မပြတ်အောင် ပြောလွတ်လိုက်သည်တွင် မေ၊ နယ်လီနှင့် အပါတို့လည်း ဆရာမ ညွန့်မေကို လက်တွဲကာ အခန်းထဲမှ ထွက်လာကြလေ၏။

ညွန့်မေသည် ကလေးများအဖို့ ဦးချစ်သောင်း အထူးပြုပြင်ပေးထားသော ကစားခန်းကြီးအတွင်းသို့ ရောက်လာခဲ့လေ၏။ ဦးချစ်သောင်း၏ စေတနာအားဖြင့် ဤမျှ ခမ်းနားသော ကစားခန်းကြီးကို ဖန်တီးပြုပြင်ပေးထားသော်လည်း ကလေးများမှာ ပျော်ပိုက်နှစ်ခြိုက်ပုံမရပေ။ လောကဓမ္မတာ သဘာဝအားဖြင့် ကြည်လင်ပျော်ရွှင်ဖွယ်ကောင်းသော မိခင်၊ ဖခင်တို့ ရင်ခွင်၌ မိဘရင်ငွေ့ကို ခိုလှုံကာ ပျော်ရွှင်ချင်ရာချေမည်။ ဤကလေးငယ် သုံးယောက်တို့ကား ရွှေဘုံရွှေနန်းကဲ့သို့ လျှမ်းလျှမ်းတောက်သော အဆောက်အဦကြီးအလယ်တွင် အသွယ်သွယ်သော ဘောဇဉ်ခဲဖွယ်တို့ကို စား၍ တောင်ပုံရာပုံမျှရှိသော ကစားစရာတို့ ဝန်းရံလျက်ရှိစေကာမူ အမိအဖတို့ ရင်ခွင်ဝယ် ချစ်တုံ့လှယ်၍နေ ရသလောက် ပျော်ရွှင်စရာမဟုတ်။ အမိ၏ အတောင်ကြားမှ ခွဲယူလာပြီး ရွှေချိုင့်နှင့် ထည့်မွေးသော ကျေးငှက်ငယ်တို့လိုသာ ရှိနေရှာသည်ဟု အထင်အတွေး

နှင့်ကလေးများကို အသနားပိုမိတော့သည်။ စင်စစ်အားဖြင့် ဦးချစ်သောင်းသည် ကြင်နာသနားတတ်သူ၊ အလုပ်ခွင်မှအပ မိမိအိမ်တွင် နေထိုင်ရစဉ် အခိုက်အတန့် အချိန်ကလေး၌ သားကလေး သမီးကလေးများနှင့် ဝိုင်းဖွဲ့ကာ မယားနှင့်လင် ကြည်လင်ချမ်းမြေ့စွာနေချင်ရှာပုံရသည်။ သို့ရာတွင် ဒေါ်ခင်ခင်ကြီးမှာ ငယ်စဉ်အခါကစ၍ ချမ်းသာစွာ ကြီးပွားခဲ့ရသူ၊ သူတစ်ပါး၏ အပြုအစု အယုအယကိုသာ ခံခဲ့ရသူ ဖြစ်သောကြောင့် လင်ပေါ်သားသမီးပေါ်တွင် မိမိက ပြုစုယုယရန် နားမလည်။ ပြုစုယုယလိုသော ဆန္ဒလည်းမရှိ။ မိမိကိုယ်ကိုသာ အစေခံများ၏ အပြုအစု အယုအယကို ပုခက်တွင်းကလေးငယ်တမျှ အေးချမ်းသက်သာစွာ ခံယူနေလျက်ရှိသူဖြစ်၏။

ဦးချစ်သောင်းမှာ အလုပ်ဝတ္တရားကို များစွာအရေးဂရုပြုသူဖြစ်၏။ မိမိကိုယ်သက်သာမှုထက် အလုပ်ဝတ္တရား ပရဟိတအလုပ်များတွင် ကိုယ်ရောစိတ်ပါ အသုံးချနေမှုဖြင့် ပျော်တတ်၏။ ကိုယ့်ကိုယ်ကိုယ်အဖို့ပင် အရေးမထားတတ်သူဖြစ်ရာ။ မယားကို ယုယမြှူချော့နေရန်ကိုလည်း နားမလည်ပေ။ ဒေါ်ခင်ခင်ကြီးမှာ ထိုအမှုနှင့်ပင် ဦးချစ်သောင်းအပေါ်၌ အခါမလပ် ပြစ်တင်ငြူစူခဲ့ခြင်းဖြင့် ကာလကြာသော် လင်မယား မျက်နှာချင်းဆိုင်မိတိုင်း အငေါ့အထေ့ စကားနာထိုးသောအလေ့ဖြင့် အရင်းခံကာ တကျီကျီ တကျက်ကျက် ဖြစ်လာရတော့၏။ နေမြင့်လေ အရှူးရင့်လေ ဆိုသလို ကြာလေကြာလေ အပြောမတည့်ဘဲ၊ ကျီးနှင့်ခင်ပုပ်ပမာ ဖြစ်နေခြင်းကြောင့်လည်း သားကလေး၊ သမီးကလေးများမှာ အဖေနှင့်အမေ မျက်နှာချင်းဆိုင်၍ ကြည်ကြည်သာသာနေသည်ကို တစ်ခါမျှ မတွေ့ဖူးဘဲ အမြဲအားဖြင့် ဖခင်ကြီးတစ်ဦးတည်း၏ ယုယ အလိုလိုက်ခြင်းကိုသာ ခံခဲ့ရ၏။ သို့ရာတွင် ဦးချစ်သောင်းမှာ ယောကျ်ားဖြစ်၍ သားသမီးကို ရင်အုပ်မကွာ မယုယနိုင်ရှာချေ။ ကလေးများမှာ အစေခံ

များ၏ အပြုအစုဖြင့် ဘာသိဘာသာ နေထိုင်ကြရရှာသည်သာ များလေ၏။

ညွှန့်မေမှာ တွတ်တီးတွတ်တာ ပြောတတ်ရှာသော အပါကလေးကို လည်းကောင်း၊ အခြေအနေ ပြောင်းလဲစ အပျိုပေါက်အရွယ်ကလေးတွင် လက်ပွန်းတတီးပြုပြင်သွန်သင်မည့်သူနှင့် နီးနီးကပ်ကပ်မနေရရှာသော အကြီးမ "မေ" ကလေးအတွက် လည်းကောင်း သနားကြင်နာစိတ် တဖိတ်ဖိတ် လျှံတက်လာရှာလေ၏။

ညွှန့်မေ၏ အလုပ်ဝတ္တရားကား နံနက်လင်းလျှင် ကလေးများကို ရေမိုးချိုး အဝတ်အစားလဲလှယ်စေလျက် မိမိနှင့်အတူ လက်ဖက်ရည် စားပွဲတွင် ဝိုင်းထိုင်ကာ စာပေနှင့် ပတ်သက်သော စကားများကိုပြောရင်း ပျော်ရွှင်စွာသောက်စားပြီး ကစားခန်းထဲသို့ ခေါ်လာခဲ့လေ၏။ ကစားခန်းထဲသို့ရောက်လျှင် ညွှန့်မေသည် မိမိပါအတူ ဝင်ရောက်ကစားတန်လျှင် ကစား၍ ကျောင်းမှပေးသော သင်ခန်းစာများကို နားလည့်ပါးလည့် သင်ကြားပေးလိုက်ရာ။ ကလေးများမှာ စာသင်ရသည်ဟု မထင်လိုက်ဘဲ ပျော်ပျော်ရွှင်ရွှင်နှင့်ပင် တတ်မြောက်သွားကြ၏။ အကြီးမိန်းကလေးများကိုလည်း ကျောင်းစာတွင်မျှမက ဓာထိုး ပန်းချုပ် မိန်းမလုပ်ကလေးများကိုလည်းကောင်း၊ ဖြီးလိမ်းပြုပြင်မှုကလေးများကို လည်းကောင်း၊ အဆိုအတီးစသော ဟာသပညာများကို လည်းကောင်း၊ လူမှုလူရေး နားလည်စေရန်တို့ကို လည်းကောင်း အချိန်အခါအားလျော်စွာ သင်ကြားပေးပြီး ကျောင်းချိန်နီးလျှင် ထမင်းကျွေး၊ အဝတ်လဲ၍ ညွှန့်မေကိုယ်တိုင် ကြီးကြပ်ကာ ကျောင်းအရောက်ကားနှင့် လိုက်ပို့ရ၏။ ကျောင်းပြန်ချိန်ကားနှင့် သွားကြိုရ၏။ ညနေခင်း ရေမိုးချိုးကာ ခြံထဲတွင် ကလေးများနှင့် အညောင်းအညာပြေ လမ်းလျှောက်ကစားကြ၏။ ညဦးဘက် စာပြပေးပြီး ညအိပ်ရာဝင်လျှင် မှတ်သားဖွယ် နည်းယူအတုခိုးဖွယ်ကောင်းသော

ပုံဝတ္ထု၊ ဖတ်စာတွင်ပါသော ပုံဝတ္ထုများကို ပြောပြကာ အိပ်ပျော်ကြသည့် တိုင်အောင် သိပ်လေ၏။ ကလေးများ အိပ်ပျော်လျှင် ယုယကြင်နာစွာ စောင်ခြုံထွေးပေးလျက်၊ အကယ်၍ ကလေးများ နေထိုင်မကောင်းရှိလျှင် လည်း ညည့်အိပ်ညည့်နေ ဆေးဝါးစောင့်ကြပ်တိုက်၏။ သို့နှင့် ညွန့်မေ မှာ ကလေးများကို မိမိသွေးသားရင်းကဲ့သို့ ခင်မင်နေရှာလျက်။ ကလေး များကလည်း မိမိတို့ကို ယုယုယယ စောင့်ရှောက်ရှာသူ ညွန့်မေအား အပျောက်မခံနိုင်အောင် ချစ်ခင်စွဲလမ်းနေရှာကြလေ၏။

ဦးချစ်သောင်းမှာမူကား အထူးပြောဖွယ်ရာ မရှိတော့ပြီ။ အစစ အရာရာ မတောင့်မတ၊ မကြောင့်မကြ ပြည့်စုံပါသော်လည်း ကလေးများ ၏ ပျော်ရွှင်ချမ်းမြေ့မှုကို မိမိက ယောကျ်ားရင့်မကြီး ဖြစ်နေ၍ မတတ်နိုင် တတ်နိုင်သူ မိခင်ကလည်း ဂရုမစိုက်ခဲ့။ ယခုမူ စိတ်ရှည်၍ သဘော ကောင်းသော ဆရာမကလေး ညွန့်မေက မိမိအလိုဆန္ဒကို ရာနှုန်းပြည့် ဖြည့်စွမ်းနေနိုင်သည်ကို တွေ့ရ၏။ ကလေးများမှာလည်း အပျော်ကြီး ပျော်ရွှင်နေရှာသည်ကို မြင်ရ၏။ အခါမပြတ် တစ်စုံတစ်ခုကို မကျေနပ် ခြင်းဖြင့် တအီအီ၊ တကျီကျီ၊ ငိုမဲ့ငိုမဲ့ ဖြစ်နေရှာသော သားအထွေး အပါ ကလေးမှာပင် အမြဲထာဝရ ပြုံးရွှင်ရယ်မောနေသည်ကို တွေ့ရတော့၏။ ထို့ကြောင့် ဦးချစ်သောင်းမှာ ညွန့်မေကို များစွာကျေးဇူးတင်မိရှာ၏။ ညွန့်မေ၏ လခကို နောက်တစ်လအကြာတွင် အစိတ်တိုး၍ ပေးလိုက်ရုံ မျှမက ညွန့်မေအား မိမိကလေးများ လူလားမြောက်သည့်အရွယ်တိုင် အောင် မခွဲမခွာ အတူနေထိုင် စောင့်ရှောက်ဖို့ မကြာမကြာ ပြောရှာ၏။ ညွန့်မေကိုယ်၌ကလည်း ရိုးဖြောင့်တည်ကြည် လူကြီးပီလှသော ဦးချစ် သောင်းအား အဖလိုတစ်မျိုး၊ အဘိုးလိုတစ်ဖုံ ကြည်ညိုသော အာရုံပြုခြင်း ဖြင့် အာရုံပြုကာ ခင်မင်၍ နေရှာတော့၏။

# အခန်း [ ၃ ]

သတ္တဝါတို့မည်သည် သာရာတွင် နားချင်ကြ၏။ အနိဋ္ဌာရုံကို အလိုမရှိ၊ ဣဋ္ဌာရုံကိုသာ နှစ်လိုကြ၏။ ငိုသံထက် ရယ်သံကို ကြိုက်နှစ်သက်ကြသည်။ ဆဲသံထက် သီချင်းဆိုသံကို နားဝင်ချိုကြမည်။ အဆင်မပြေသည်ထက် အဆင်ပြေသည်ကိုသာ ကြည့်လိုမြင်လို ကြသည်မှာ လူတို့ ဓမ္မတာကြီးတစ်ခု ဖြစ်လေတော့၏။ ထိုနည်းတူစွာ ကာနယ်ဦးချစ်သောင်းမှာလည်း အိမ်တွင် အနားယူရသော အခိုက်အတန့်ကလေး၌ အိမ်ပူရေဆာဖြစ်နေသော ဒေါ်ခင်ခင်ကြီး၏ အခန်းထက် စန္ဒရားသံကလေး တအေးအေး သီချင်းသံကလေး တသာသာ။ ရယ်ကာ မောကာတစ်လှည့်၊ စာဖတ်သံ၊ စာကျက်သံကလေးတစ်လှည့်နှင့် ရှိနေသော သားသမီးကလေးများ နေထိုင်ရာ အခန်းအနီးတွင် တရစ်သီသီပြုကာ နှစ်သိမ့်ကျေနပ်၍နေရရှာ၏။

ဒေါ်ခင်ခင်ကြီးမှာ အိမ်တွင်းကိစ္စကို ဘာမျှဂရုပြုလှသူ မဟုတ်ပေ။ မည်သူ မည်သို့ဖြစ်နေစေ အရေးမကြီး။ မိမိကိုယ်ကို သက်သာနိုင်သမျှ သက်သာစွာ စည်းစိမ်ခံမှု အလှအပ ပြုပြင်မှု အကောင်းဆုံး အဆန်းဆုံး

နှင့် အဖိုးတန် အဝတ်များကို ဝတ်ဆင်ကာ အထက်တန်းစား ပွဲနေပွဲထိုင်များသို့ ထိပ်ဆုံးမှသွား၍ထိုင်ခြင်း၊ မိမိကဲ့သို့ စရိုက်တူ ဂုဏ်ကြီးရှင်ကတော်အချင်းချင်းများထံသို့ သွားလာလည်ပတ်နေခြင်း၊ အနောက်တိုင်းသား မျက်နှာဖြူများနှင့်လည်း များစွာအပေါင်းအသင်းပြုလျက် ၎င်းတို့၏ ထမင်းစားပွဲများသို့ မကြာခဏသွားရောက်ရခြင်း၊ မျက်နှာဖြူအနောက်တိုင်းသားတို့၏ အမူဓလေ့ကို မနောခွေ့ နှစ်ခြိုက်သူဖြစ်သည့်အလျောက်အဖော်ညှိ၍မရသော ဦးချစ်သောင်းကိုထားခဲ့လျက် တစ်ကိုယ်တည်း မျက်နှာဖြူတို့၏ ကပွဲကြီးများသို့ တက်ရောက်ခြင်းစသောအလုပ်များနှင့်သာ အချိန်ကုန်စေပြီးလျှင် အိမ်တွင်နေသော အချိန်များ၌မူကား အစေခံများကို မြည်တွန်ကြိမ်းဝါးခြင်း၊ ဦးချစ်သောင်းနှင့် မျက်နှာချင်းဆိုင်မိသောအခါများတွင် စကားပြောရင်းနှင့် ဘုကျခြင်းဖြင့်သာအချိန်ကုန်ခဲ့၍ အိမ်တွင်းရေး၊ သားရေးသမီးရေးတို့ကို ဘာမျှ မသိဘဲရှိခဲ့လေ၏။

သို့နေခဲ့ရာတွင် မင်းနားတစ်ထောင်၊ မင်းမျှော်တစ်သောင်းဆိုသလိုဒေါ်ခင်ခင်ကြီးထံတွင် ထွက်ဝင်ခစား၍ မြှောက်ကာပင့်ကာ မင်းလိုလိုက်မင်းကြိုက်ပြောနေသော ကပ်စားရပ်စား မိန်းမကြီးများသည် ညွှန့်မေအားဦးချစ်သောင်း အရေးပေးထားခြင်းကို မနာလို မရှုဆိတ်ဖြစ်နေကြသည့်အလျောက် ဒေါ်ခင်ခင်ကြီး၏ နားသို့ အထင်အမြင်မှားလောက်အောင်ကုန်းချောစကားပြောကြလေ၏။

"သခင်မကြီးဘုရား ... သခင်ကြီးဟာလေ ဆရာမညွှန့်မေကိုသိပ်ဂရုစိုက်နေတာပဲ။ သခင်မကြီးက သိပ်မျက်နှာလွှဲမထားနဲ့ ဘုရား..." စသော စကားများမှာ ဒေါ်ခင်ခင်ကြီးအား ဦးချစ်သောင်းအပေါ်တွင်အထင်အမြင်မှားစပြုလာစေတော့၏။

တစ်နေ့သော တနင်္ဂနွေနေ့တွင် ဒေါ်ခင်ခင်ကြီးမှာ မျက်နှာဖြူ

အရာရှိကြီးတစ်ဦးအိမ်မှ ဖိတ်ကြားထားသော ထမင်းစားပွဲနှင့် ကပွဲသို့ သွားရောက်နေလေ၏။ ဦးချစ်သောင်းမှာလည်း တစ်ယောက်တည်း အနားယူကာ စာကြည့်ခန်းကြီးတွင် သတင်းစာကြည့်လျက် ရှိလေ၏။ ဆရာမ ညွန့်မေနှင့် ကလေးများမှာ နေ့အားဖြစ်သည့်အလျှောက် ကစားခန်းကြီးတွင် စန္ဒရားသံ သီချင်းသံကလေး တအေးအေးနှင့် ရှိနေကြလေ၏။ ဦးချစ်သောင်းသည် သတင်းစာဖတ်ရာမှ ပျင်းရိငြီးငွေ့လာချိန်တွင် ကလေးများအခန်းဆီမှ စန္ဒရားသံကလေး နားထဲတွင် ဝင်ရောက်လာသောကြောင့် အမှတ်မထင်ထလာခဲ့လေ၏။ ဦးချစ်သောင်းသည် တံခါးဝမှ ရပ်ကြည့်လိုက်သောအခါ အပါကလေးသည် လှုပ်ကုလားထိုင်တွင် တပ်ဆင်ထားသော မြင်းရုပ်ကလေးပေါ်တွင် ခွစီးလျက် ဆိုင်းချက်နှင့် မြင်းရုပ်ကို လှုပ်စီးရင်း ကျောင်းမှသင်ပေးလိုက်သော "ပို့ထရီ" တစ်ပိုဒ်ကို မပီကလာပီကလာနှင့် အရကျက်ဆိုလျက် ရှိလေ၏။ ဆရာမညွန့်မေမှာ စန္ဒရားကိုနှိပ်လျက် ညွန့်မေ၏ ဝဲယာတစ်ဖက် တစ်ချက်တွင်မူကား မေက ထူးမခြားနား သီချင်းကို သီဆို၍ နယ်လီက စည်းလိုက်လျက်ရှိနေသည်ကို တွေ့ရလေ၏။

ဦးချစ်သောင်းသည် သမီးကလေး သားကလေးများကို ကျေနပ်သော ပြုံးခြင်းဖြင့် ပြုံးရွှင်စွာစိုက်ကြည့်နေမိပြီးလျှင်။ သမီးအကြီးကလေးမေမှာ ဤမျှ ခက်ခဲသော သီချင်းကြီးမျိုးကို လေယူလေထားမှန်မှန်နှင့် သီဆိုတတ်နေသည်ကိုလည်း ဝမ်းသာအားရကြီး ဖြစ်သွားမိရှာလေ၏။

ဦးချစ်သောင်းမှာ ငယ်စဉ်က ရှေးသီချင်းကြီးများ သီဆိုတီးမှုတ်မှုကို အတော်ကလေး ဝါသနာပါခဲ့၏။ အသင့်အတင့်လည်း ဆိုနိုင်တီးနိုင်ခဲ့၏။ သို့သော် ယခုအရွယ်သို့ ရောက်သည်တွင်ကား လူကြီးပိုင်းရောက်၍ အပေါင်းအသင်းများကို သိက္ခာဣန္ဒြေနှင့် ပေါင်းသင်းဆက်ဆံနေရသောကြောင့် အပြင်တွင် စိတ်ပျော်ရွှင်မှု၊ စိတ်အငြိမ်းဖြေမှုများနှင့်

မတွေ့ကြုံခဲ့၊ မဆုံစည်းခဲ့ရသည့်အပြင် အိမ်တွင်လည်း စိတ်ကြည်လင်ချမ်းမြေ့ဖွယ်ရာဖြစ်သော အဆိုပါ ဖျော်ဖြေမှုမျိုးနှင့် ကြုံကြိုက်ရန် အခွင့်အရေးမသာနိုင်ဘဲ ဤယနေ့မှ တိုက်တိုက်ဆိုင်ဆိုင် လာရောက်တွေ့ကြုံနေရသောအခါ ဦးချစ်သောင်းမှာ ဂီတ၏ဖျော်ဖြေမှုအရသာကို ခံစားလိုသည့် ချင်ခြင်းကလေးဖြစ်ပေါ်လာမိသဖြင့် စန္ဒရားအနီးသို့ ရောက်သည့်တိုင်အောင် ဝင်လာခဲ့လေ၏။

"ဟော ... ဒက်ဒီလာပြီ။ ဆရာမ ဒက်ဒီက မေတို့သီချင်းဆိုတာလာနားထောင်နေတယ် ..." ဟု ဆိုကာ။ မေ၊ နယ်လီနှင့် အပါတို့သည် ဦးချစ်သောင်းကို ဝိုင်း၍ဖက်ကြလေ၏။ ညွှန့်မေလည်း အတီးကို ရပ်နားကာ သားသမီးများအလယ်တွင် ပြုံးပြုံး ပြုံးပြုံးနှင့်နေရှာသော ဦးချစ်သောင်းကို လှည့်၍ကြည့်လိုက်မိလေ၏။

"ဆရာမက သီချင်းကြီးတွေလည်း တီးနိုင်ပါကလား ..."

"ဟုတ်ကဲ့ ကောလိပ်နေတုန်းက ကျောင်းအားတဲ့အခါတိုင်း စန္ဒရားဆရာနဲ့ ခေါ်သင်ခဲ့ဖူးပါတယ်။ ဒါကြောင့် မေတို့ကိုလည်း နည်းနည်းပါးပါး ဆိုနိုင်တီးနိုင်အောင် တစ်ဆင့်သင်ပေးတာပါ ..."

"အင်း ... အင်း ... ကောင်းတယ် ... ဆရာမလေး လက်သံဟာအတော်ကောင်းနေတယ်။ ဦးလည်း ငယ်ငယ်ကတော့ သီချင်းကြီးတွေအတော်တီးဖူးတာပဲ ..." ဟု ဆိုလျှင်။ မေသည် ဦးချစ်သောင်းလက်ကိုဆွဲကာ ... "ဒက်ဒီလည်း တီးတတ်တယ်လား ... ဟုတ်လား ... ကြည့်ပါဦး ဒက်ဒီတီးတတ်ရက်နဲ့ မေ တို့ကို သင်မပေးဘူး ..." ဟု ပြောလေ၏။ နယ်လီနှင့် အပါကလည်း ... "ဟင် ဒါဖြင့် ဒက်ဒီတီးပြပါလားဒက်ဒီရယ် ... ဆရာမနဲ့ မေ ကဆို ... နော်နော် ..." ဟု ဝိုင်းပူဆာကြသောကြောင့်။ ဦးချစ်သောင်းမှာ စိတ်ပျော်လာပြီး စန္ဒရားထိုင်ခုံကြီးပေါ်သို့ ဝင်ထိုင်လိုက်လျက် ...

"ကဲကဲ ... ဒက်ဒီတီးပြမယ် မင်းတို့ဆရာမကလေးက ဆိုပေစေ ဟုတ်လား ... ကိုင်း ဆရာမ ဘာရသလဲဆို ..."

"ဟုတ်တယ် ဆရာမ ဆိုပြနော် ... မေတို့ ဆရာမဆိုပြီး ဒက်ဒီက တီးတာ သိပ်နားထောင်ချင်တာပဲ ... ဆိုပါ ဆရာမရဲ့ ... ကဲ ခုနက မေဆိုတဲ့ ထူးမခြားနားဘဲ ထပ်ပြီးဆိုပြပါ ဆရာမရဲ့ ..." ဟု တိုက်တွန်းကြပြီး အပါကလေးကလည်း ညွန့်မေ၏ လက်ကိုဖျစ်ညှစ်ကာ "ချိုပါချာမရ ... ချိုပါ ... ပါလည်း နားထောင်ချင်လှပါဘီ ..." ဟု ပူဆာနေပြန်သဖြင့် ညွန့်မေမှာ ထူးမခြားနား သီချင်းကြီးကို စတင်သီဆိုလိုက်ရလေ၏။ စန္ဒရားနှင့်လက်နှင့် နှစ်ပေါင်းအတန်ကြာ ဝေးကွာနေသော ကာနယ် ဦးချစ်သောင်းသည်စိတ်ပါလက်ပါ တီး၍ကောင်းနေပြီးလျှင် လေသံခပ်အေးအေးနှင့် သီဆိုနေသော ညွန့်မေ၏ ထူးမခြားနားသီချင်းခံကြီးမှာ အဆိုရော အတီးပါ စည်းဝင်စည်းကွက် လက်ကျညီလျက်ရှိနေလေ၏။ ဆိုသူနှင့် တီးသူတို့မှာ လက်တွေ့နေသလောက် နားထောင်နေရသူကလေးများတွင်လည်း မငြီးနိုင်အောင်ရှိကာ အပါကလေးမှာ မူကားတောင်မသိ မြောက်မသိနှင့် လက်ကလေးများ မြှောက်ချည်ကွေးချည်ပြုကာ ကခုန်ပျော်ရွှင်နေရှာလေ၏။

အိမ်တွင် သားကလေးသမီးကလေးများနှင့် ယခုလို ပျော်ရွှင်စွာနေလိုရှာသော ဦးချစ်သောင်းမှာ ဤနေ့မှပင် အလိုပြည့်ရှာသကဲ့သို့ ပျော်ရွှင်ကျေနပ်နေရှာလေ၏။ သို့ ပျော်မိရှာသည့် အထဲမှပင် ဤဝိုင်း၌ မိမိဇနီး ဒေါ်ခင်ခင်ကြီးသာ လိုက်လျောပျော်ရွှင်စွာ ပါမည်ဆိုပါက သားသမီးကလေးများမှာလည်း အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားကဲ့သို့ ယခုထက်ပင် ပျော်ရွှင်မဆုံး တပြုံးပြုံး ဖြစ်ရလေမည်ဟု တွေးထင်လိုက်မိရှာ၏။ သို့ရာတွင် ဒေါ်ခင်ခင်ကြီး၏ တစ်ဖက်သတ် စိတ်နေစိတ်ထားကို တွေးမိလျက် စိတ်အပျက်ကြီး ပျက်မိပြန်လေ၏။

သို့နှင့် ပျော်ရွှင်သော အချိန်ကလေးမှာ ကုန်မှန်းမသိ ကုန်၍သွားပြန်၏။ ဦးချစ်သောင်းမှာ သားသမီးကလေးများနှင့် ပျော်ရွှင်လက်စကြောင့် ညကော်ဖီသောက်ရန်ကိုပင် မိမိအခန်းသို့ မသွားတော့ဘဲ ကလေးများနှင့်အတူ ကစားခန်းတွင် ဝိုင်းဖွဲ့ပျော်ရွှင်စွာ ကော်ဖီများ သောက်ပြီး စန္ဒရားကို ဆက်လက်တီးနေလေ၏။ အိမ်ရှိ အစေခံများမှာ ဦးချစ်သောင်း ကလေးများရှိရာ အခန်းတွင် ထူးခြားပျော်ရွှင်နေသည်ကို ဤတစ်ကြိမ်သာ တွေ့မြင်ဖူးသဖြင့် အထူးအဆန်းကဲ့သို့ စောင်းပါးရိပ်ခြည် ကြည့်နေမိကြလေ၏။

သို့နှင့် တစ်စတစ်စ အချိန်မည်မျှ ကြာသွားသည်မသိ အပါကလေးမှာ ဆိုဖာတစ်ခုပေါ်တွင် ရှေးဦးစွာ အိပ်ပျော်သွားလေ၏။ နယ်လီနှင့် မေတို့လည်း နားထောင်ရင်းပင် မျက်လုံးမှေးကာ တဖြည်းဖြည်းအိပ်ငိုက်လျက်ရှိကြ၏။ ဦးချစ်သောင်းမှာ စန္ဒရားတီး၍ ကောင်းနေတုန်းဖြစ်၍ ညွှန့်မေမှာလည်း ဦးချစ်သောင်းစေခိုင်းချက်အရ စိန်ချယ်ခြူးသန်းကို ဆက်၍ဆိုရပြန်သည်ဖြစ်ရာ အချိန်မှာလည်း လူခြေတိတ်လျက် ညဉ့်အတော်နက်နေပြီဖြစ်၍ အဆိုနှင့် စန္ဒရားသံတို့မှာ တိုး၍ သာယာနာပျော်ဖွယ်ကောင်းလာသည်ဟု ထင်ရလေ၏။ ဦးချစ်သောင်းမှာ တစ်စုံတစ်ရာ မစဉ်းစားပေ။ စန္ဒရားနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေသော်လည်း လက်အတွေ့ကြီးတွေ့နေသဖြင့် မလွှတ်ချင်အောင်ရှိကာ ဆက်၍တီးမြဲတီးနေရှာ၏။ သူ၏ စိတ်မှာ ညွှန့်မေအား မိမိသမီးကလေးမေနှင့် အလားတူ ချစ်ခင်နေသူဖြစ်ပြီးလျှင် ညွှန့်မေကိုယ်တိုင်ကလည်း ဖခင်နှင့်မခြား ချစ်ခင်ကြည်ညိုနေသူ ဖြစ်၍ မည်သို့မျှ အထူးအထွေ မတွေးဘဲနေခဲ့လေ၏။

"ဟင် ... ကြည့်စမ်းပါဦး။ ဟုတ်လိုက်ကြတာ၊ ကလေးတွေ အိပ်ပျော်နေတာတောင် မသိကြဘူး။ ဟိုလူကြီးကလည်း ကိုယ့်အရွယ်

ဝဋ္ဋိနဲ့ မလိုက် ... ဟင်းဟင်း ...”ဟု မိုးချုန်းသံလို ပြစ်တင်ပြောဆိုလိုက်သော ဒေါ်ခင်ခင်ကြီး၏ အသံကို ကြားရမှ ရုတ်တရက် သတိရကြလေ၏။ ဦးချစ်သောင်းလည်း လှည့်ကြည့်ကာ ရိုးသားတည်ခိုင်သော မျက်နှာနှင့်ပင် “အော် ... ခင်ခင် ပြန်လာပြီလား။ ကျုပ်လည်း ပျင်းပျင်းရှိတာနဲ့ ကွယ်၊ ဆရာမကလေး စန္ဒရားတီးတာလာ နားထောင်ရင်း ဝင်တီးနေမိတယ်။ ဟဲဟဲ ... မတီးတာလည်း အတော်ကြာလို့ မေ့ကုန်ပြီလား အောက်မေ့ပါ တီးကြည့်တော့လည်း လက်အတွေ့သားပဲ။ လာလေ... မင်းကော နားထောင်ဦးမလား ... ကျုပ်တီးပြဦးမယ်” ဟု ပြောသည့်တိုင်အောင် ဒေါ်ခင်ခင်ကြီးမှာ မျက်နှာမချိုနိုင် ... “အို ညဉ့်နက်ပါပြီ။ နားမထောင်ပါရစေနဲ့တော့။ ဟော့ မဟိုဒင်း ... ကလေးတွေကို နေရာတကျ အိပ်ပါစေတော့လား ...” ဟု ဆိုကာ လှည့်ထွက်သွားသောကြောင့် “ကဲကဲ... ဆရာမလေး အပါကိုရွှေ၊ မေတို့ကိုလည်း နှိုးခေါ်သွားလိုက်ပါကွယ် ...” ဟု ဆိုကာ ဦးချစ်သောင်းလည်း သူ၏အခန်းရှိရာသို့ ပြန်သွားလေ၏။

ကျန်ရစ်သော ညွန့်မေလည်း မေနှင့် နယ်လီတို့ကို နှိုးကာ အပါကိုမူ ကိုယ်တိုင်ပွေ့ယူလာပြီး အိပ်ခန်းထဲတွင် နေသားတကျ ယုယကြင်နာစွာ သိပ်လေ၏။ အကြီးမကလေးနှစ်ယောက်ကိုလည်း ထိုနည်းတူစွာ ညဝတ်အင်္ကျီကလေးများ ကိုယ်တိုင်လဲလှယ်ပေးပြီး အိပ်ရာအသီးသီးသို့ တွဲပို့၍ စောင်ကလေးများကို ကျကျနန ထွေးခြုံပေးခဲ့ပြီးမှ မိမိအိပ်ရာ ခုတင်ဘက်ဆီသို့ ပြန်လာခဲ့လေ၏။

ကြည်လင်ငြိမ်သက်သော ရေအိုင်ကလေးအတွင်းရှိ ရွှံ့နွံတွင် ငုပ်လျှိုးနေသော အလိုက်မသိသည့် ငါးရံ့ဆိုးတစ်ကောင် လှုပ်ရှားမှုကြောင့် အမှုန်အနယ်တွေ ထသွားသည်နှင့်မခြား ဦးချစ်သောင်းနှင့် ညွန့်မေတို့မှာ စောစောက အပြစ်ကင်းစွာသော ပျော်ရွှင်မှုကလေးမှာ

ဒေါ်ခင်ခင် ကြီး၏ အထေ့အငေါ့မကင်းသံစကားနှင့် သုန်မှုန်သော မျက်နှာထား ကြောင့် စိတ်ရှုပ်နောက်ကျိသွားမိကြ၏။ ဦးချစ်သောင်းသည် မိမိအခန်း သို့ ရောက်သော်လည်း မိမိစိတ်ပျော်ရွှင်မှုကလေးကို လေမုန်တိုင်းဆင်၍ ဖျက်ဆီးခြင်းခံလိုက်ရသောကြောင့် ရုတ်တရက် မအိပ်သေးဘဲ ဆောင်တော်ကူးဝရန်တာကလေးတွင် အမှတ်မထင် လမ်းလျှောက်လျက် ရှိသည်ဖြစ်ရာ။ ထိုသို့ လမ်းလျှောက်ရင်းပင် ကလေးတွေ အိပ်နေသော အခန်းသို့ လှမ်း၍မြင်မိပြန်၏။ အခန်းများမှာ ကြည်လင်သန့်ပြန့်သော မှန်ပြတင်းများဖြင့်သာ တပ်ဆင်ထားသောကြောင့် ကလေးများကို ယုယ ကြင်နာစွာ စောင်ကလေးများ ထွေးခြုံသိပ်နေရှာသူ ညွှန့်မေကို မြင်လျှင်၊ ကွယ်ရာရှေ့တွင်မခြား စေတနာဖြူစင်စွာထား၍ မိမိသားသမီးများကို သနားချစ်ခင်ရှာပေသည်။ ဤကလေးမသည် အရွယ်ငယ်သော်လည်း သဘောဖြူအူစင်းနှင့် စိတ်ကောင်းရှိရှာပေသည်ဟု စိတ်ထဲမှ ချီးမွမ်းမိရာ ၏။ မိမိရင်သွေးများကို ကိုယ်ဖိ ရင်ဖိ ဂရုစိုက်ရှာသဖြင့်လည်း ကျေးဇူး တင်မိရှာ၏။ သို့နှင့် အကောင်းကို တွေ့မြင်ရလျှင် အဆိုးကိုလည်း တစ်ဖက်မှ တွေ့မြင်ရမြဲ ဓမ္မတာအတိုင်း မိမိ၏ ဇနီးဖြစ်သူ ကလေးများ ၏ မိခင် ဒေါ်ခင်ခင်ကြီးသာ ဤဆရာမကလေးလို သားသမီးများအပေါ် ဂရုစိုက်တတ်မည်ဆိုလျှင် ကောင်းလေစွဟု စဉ်းစားမိ၏။ ထိုသို့ စဉ်းစားမိလေ ဒေါ်ခင်ခင်ကြီးမှာ ဤတစ်သက်မည်သည့်နည်းနှင့်မျှ မိမိ ကြိုက်သလို ဖြစ်လာနိုင်မည် မဟုတ်ကြောင်း သိရသည့်အတွက်လည်း စိတ်အပျက်ကြီးပျက်၍ သွားရှာလေ၏။

ညွှန့်မေမှာလည်း ထိုညအဖို့ မိမိအိပ်ရာပေါ်သို့ ရောက်သည့် တိုင်အောင် တော်တော်နှင့် အိပ်မပျော်ရှာချေ။ ဤအိမ်သူ အိမ်သားများ အကြောင်း ထွေရာလေးပါး စဉ်းစားနေမိရာမှ ကာနယ် ဦးချစ်သောင်း၏

စိတ်သဘောကောင်းပုံနှင့် ဒေါ်ခင်ခင်ကြီး၏ အပေါင်းခက်သော စိတ်နေစိတ်ထားများကို စဉ်းစားမိကာ မိမိဤအိမ်တွင် ကြာရှည် အလုပ်လုပ်နေ၍မှ ဖြစ်ပါလေမည်လားဟု စဉ်းစားစိတ်ပူမိရှာလေ၏။

ဒေါ်ခင်ခင်ကြီး၏ မနှစ်မြို့သော အမူအရာမှတစ်ပါး ဤအိမ်ကြီးတစ်ခုလုံး အကောင်းဘက်ကချည့်နှင်နှင် ဖြစ်နေပြီး ကလေးများကလည်း မိခင်ရင်းပမာ များစွာခင်မင်နေရှာကြသောကြောင့် ညွန့်မေမှာ တခြားအလုပ်ကို ကူးပြောင်းလုပ်ကိုင်ရန် မကြံရက်ရှာအောင် ရှိရကား။ မိမိဘက်က ဝတ္တရားမပျက်ရ အလုပ်ရှင်များ၏ စိတ်ကြိုက်ကို အစစလိုက်လျောနေထိုင်ရန်သာ သန္နိဋ္ဌာန်ချလိုက်မိရှာတော့သတည်း။

*

"သခင်မကြီးဘုရာ့ ... သခင်ကြီးက အိမ်မှာအနားယူနေတဲ့ အချိန်တိုင်း ကလေးတွေနဲ့ နေတာပဲ။ ဆရာမကလေးကိုလည်း အတော်မျက်နှာသာပေးတယ် ..." ဟူ၍ လည်းကောင်း သခင်မကြီး ဘုရာ့ မနေ့က သခင်မကြီး ဒင်နားပါတီသွားနေတုန်းက သခင်ကြီးက စန္ဒရားတီးလို့ ဆရာမက သီချင်းဆိုလို့ မေတို့က ကလို့ သိပ်ပျော်ကြတာပဲ ဘုရာ့..." ဟူ၍လည်းကောင်း ...

"သခင်မကြီးဘုရား ဟိုအခန်းထဲမှာ ဆရာမကလေးကို သခင်ကြီးကိုယ်တိုင် ခေါင်းကိုက်ပျောက်ဆေးတွေ တိုက်နေတယ် ..." ဟူ၍ လည်းကောင်း၊ "တစ်နေ့က ကျောင်း ကပွဲမှာ မေ သီချင်းဆိုတာ၊ သခင်ကြီးသွားကြည့်ပြီး အပြန်ကျတော့ ဆရာမနဲ့အတူ ပြန်လာကြတယ် ဘုရား ..." ဟူ၍လည်းကောင်း အိမ်သူ အစေခံမကလေးများ၏ မျက်နှာလိုမျက်နှာရပြောကြသော စကားတို့မှာ ဒေါ်ခင်ခင်ကြီးတွင် အမူမဲ့ အမှတ်မဲ့ မနေသာအောင် ရှိလာပြန်လေ၏။ ဦးချစ်သောင်းမှာ နဂိုက စိတ်အေး

နားအေးနေတတ်သူဖြစ်၍ လေပေးမဖြောင့်လှသော ဒေါ်ခင်ခင်ကြီးနှင့် မျက်နှာချင်းဆိုင်ရသည်ထက် စာအုပ်နှင့်သော် လည်းကောင်း၊ အလုပ်နှင့်သော် လည်းကောင်း မျက်နှာချင်းဆိုင်နေရသည်က စိတ်ချမ်းသာသကဲ့သို့ရှိ၍ ဘာသိဘာသာ နေခဲ့တတ်သည်ကို ရှေးအခါက ဗွေမယူခဲ့သော ဒေါ်ခင်ခင်ကြီးမှာ ယခုအခါ ဗွေယူချင်သလိုလိုရှိလာလေ၏။ အကြင်လင်နှင့်မယား လူကြီးလူကောင်းများလည်းဖြစ်၍ မင်းပွဲစိုး ခွင်စသည်တို့နှင့် သာမှု နာမှုများကို သွားရာ၌ အခြားသော ဇနီးမောင်နှံတို့လို ဒွိယံဒွိယံ တွဲကာသွားလာခြင်းလည်း မရှိသလောက် နည်းပါးခဲ့၏။ ထိုသို့နည်းပါးရခြင်း၏ အကြောင်းရင်းမှာလည်း ဦးချစ်သောင်းမှာ သိက္ခာဏ္ဍေနှင့် မြန်မာပီပီနေလိုသော လူကြီးစိတ်ရှိသလောက် ဒေါ်ခင်ခင်ကြီးမှာ မိဘရိုးရာက ဆင်းသက်၍ အနောက်နိုင်ငံသူ အနောက်နိုင်ငံသားတို့၏ အမူအလေ့ကို အတုယူလိုက်စားလာသူများ ဖြစ်ခြင်းကြောင့် လင်နှင့်မယား ပြဒါးတစ်လမ်း သံတစ်လမ်း ခွဲခြမ်းခွဲခြမ်းဖြစ်နေခဲ့၏။ လင်မယားအတူတွဲတက်ရမည့် လက်ဖက်ရည်ပွဲ၊ ဥယျာဉ်ပွဲ၊ ထမင်းစားပွဲ၊ က ပွဲစသည်များသို့ ဦးချစ်သောင်း ဘယ်အခါမျှ မလိုက်ပါ။ ဒေါ်ခင်ခင်ကြီးတစ်ယောက်တည်းသာလျှင် လက်သင့်ရာ မိတ်ဆွေများနှင့် သွားလာခဲ့၏။ တိုင်းပြည်ရေးရာကိစ္စ၊ အများအဖို့ ကောင်းရာကောင်းကြောင်းဖြစ်သော ဘာသာရေး၊ သာသနာရေး၊ ပညာရေးစသော စည်းဝေးပွဲ၊ ဟောပြောပွဲတို့ကိုမူ ဦးချစ်သောင်းတစ်ဦးတည်း ရှေ့ဆုံးကရောက်လာလျက် ဒေါ်ခင်ခင်ကြီးမှာ ဘယ်အခါမျှ မပါခဲ့။ သို့နှင့် လင်ကိုယ်မယား စိတ်ထားတစ်မျိုးစီ၊ အကြိုက်တစ်မျိုးစီဖြစ်သောကြောင့် တစ်ကိုယ် တစ်လမ်းစီ ကွဲပြားစွာ သွားလာနေထိုင်ခဲ့၏။ ထိုနေထိုင်ခဲ့မှုတို့မှာ ဒေါ်ခင်ခင်ကြီးအဖို့ ရှေးအခါက အရေးမကြီးသော်လည်း ယခုမူ ထည့်သွင်း စဉ်းစားခြင်း မပြုဘဲ မနေသာအောင် ဖြစ်လာလေ၏။ သို့ကြောင့် နောက်တစ်နေ့ညနေ

ဦးချစ်သောင်း အပြင်ထွက်ခါနီးတွင် ခေါင်းခင်ကြီးကပင် စတင်၍...

"ဒီမှာ ... ဒါက ဘယ်သွားဖို့တုန်း ..."

"ဂျူဘလီဟောကိုလေ ကျောင်းကပွဲအတွက် မေနဲ့ နယ်လီတို့ ညီအစ်မနှစ်ယောက် စန္ဒရားတီးပြီး သီချင်းကြီးတွေ ဆိုကြတာ သွားကြည့်မလို့ ..."

"ကလေးတွေနဲ့ ဘယ်သူပါသွားသလဲ ..."

"ဆရာမလေးပါသွားတာပေါ့ ..."

"ဒါဖြင့် အပြန် ကလေးတွေရော ဆရာမရော ရှင့်ကားနဲ့ တင်ခေါ်လာခဲ့မှာဘဲ မဟုတ်လား ..."

"အင်း ... တလက်စတည်း ခေါ်လာမှာပေါ့။ နို့မို့ နောက်တစ်ခေါက် ကားကြိုလွှတ်နေရမှာပဲ ဘာထူးသေးလဲ ..."

"ရှင်ဟာ ခုတလော ကလေးတွေကို ဘာပြုလို့ ဒါလောက် ဂရုစိုက်နေတာလဲ ..."

"မင်းနှယ်ကွယ် ... ကျုပ်သမီးကလေး သားကလေးတွေ ပျော်ပျော်ရွှင်ရွှင်နေတာမြင်ရတော့ ကျုပ်လည်းဝမ်းသာတာပေါ့ ..."

ကြီး ။ ။ "ကလေးတွေ ဂရုစိုက်တာလား၊ ကလေးတွေ ရမယ်ရှာပြီး ဂရုစိုက်ချင်ရာ စိုက်ရအောင်လို့လား ..."

သောင်း ။ ။ "ဟာ ... မင်းကလည်း ဘယ်လိုစကားတွေ ပြောနေတာလဲ ..."

ကြီး ။ ။ "ဒီမှာ ... စကားပြတ်ပြတ်ပြောရမှာဖြင့် ဆရာမ ညွန့်မေကို ကျုပ်အိမ်မှာ မလိုချင်တော့ဘူး ..."

"သောင်း ။ ။ "အို ... ဘာပြုလို့လဲကွယ်။ ဒီကလေးမဟာ ကျုပ်သားသမီးတွေကို အင်မတန် ဂရုစိုက်ရှာတယ်။ ပိုက်ဆံပေးငှားတိုင်း ဒီလိုစိတ်ရှည်ပြီး ကြင်နာတတ်တဲ့ ဆရာမ မရနိုင်ဘူး ..."

ကြီး ။ ။ "အို ... ဘာပဲဖြစ်ဖြစ် ဒီကောင်မ ရှိတာ ကျုပ်မကြိုက်ဘူး ..."

"သောင်း ။ ။ "စဉ်းစားပါဦး ခင်ခင်ကြီးရဲ့ ဒီ ကလေးတွေကို မင်းကိုယ်တိုင်လည်း ဂရုမစိုက်ချင်ဘူး ... ကျုပ်ကလည်း ယောကျာ်းဆိုတော့ နေရာတိုင်း သူတို့ကို လိုက်ပြီးမကြည့်နိုင်ဘူး။ ကလေးတွေဟာ ဘာမှ မသိတတ်တဲ့ အိမ်အစေခံတွေ ပြုပြင်ပေးသမျှနဲ့ နေရရှာတယ်ဆိုတာ မင်းအသိသားပဲ။ ခုလို ကလေးတွေကို ကြည့်ရှုဖို့ ဆရာမငှားရတာလည်း မင်းငှားချင်တယ်ဆိုလို့ ကျုပ်ကိုယ်တိုင် သတင်းစာမှာ ကြော်ငြာပေးတယ်။ နောက် ဒီ ထားဝယ်က ဆရာမကလေးလျှောက်လွှာကိုလည်း မင်းသဘောအတိုင်း ရွေးချယ်ခန့်လိုက်တယ်။ ခန့်လိုက်တဲ့အတိုင်း ဒီသူငယ်မကလေးဟာ အလုပ်ကို ကျုပ်တို့ထင်တာထက်ပိုပြီး ကြိုးစားလုပ်တယ်။ ကလေးတွေကိုလည်း ကြင်နာချစ်ခင်တယ်။ ကလေးတွေကလည်း သူ့ကို ခင်နေကြပြီ။ သူ့အပြစ်၊ သူ့ချို့ယွင်းချက်ဘာမှ မပြနိုင်ဘဲနဲ့ အကြောင်းမဲ့သက်သက် အလုပ်ဖြုတ်ပစ်ဖို့ ... မင်းတို့ ကျုပ်တို့လို လူကြီးလူကောင်းအဖို့ မသင့်လျော်ဘူးဆိုတာလည်း စဉ်းစားစမ်းပါဦး ..."

ကြီး ။ ။ "ဟုတ်တော့ဟုတ်တယ်။ ဒါပေတဲ့ ကျုပ် သဘောမကျဘူး ..."

"သောင်း ။ ။ "သဘောမကျရင် ကျုပ်ကလေးတွေကို မင်းကိုယ်တိုင် ဂရုစိုက်မလား။ သူ့ကို သုံးလတွက်လောက် အပိုပေးပြီး ထုတ်ပစ်လိုက်မယ် ..."

ကြီး ။ ။ "အို ... ကျုပ်ဟာ ဘယ်တော့မှ သားသမီးရဲ့ ကျွန်လုပ်ဖို့ စိတ်မကူးဘူး။ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လောက် အသက်သာခံသလဲ။ မွေးကတည်းက အဆင်းရဲမခံဘူး။ သူများလက်ဝါးပေါ်မှာ ခြေချ

နင်းလာခဲ့တာ ရှင်မသိဘူးလား ... ရှင်နဲ့ လက်မထပ်ခင် အပျိုဘဝတုန်းကတည်းက ကျွန်မဟာ သားဒုက္ခ၊ လင်ဒုက္ခမခံနိုင်ဘူးလို့ ပြောခဲ့တယ် မဟုတ်လား ..."

သောင်း ။ ။ "ဒါဖြင့် မင်းကိုယ်စား မင်းသွေးသားတွေကို မင်းလို ထပ်တူထပ်မျှ ကြင်ကြင်၊ နာနာ၊ ယုယထိန်းသိမ်းနေတဲ့ ဆရာမကလေး မျိုးကို ထုတ်မပစ်သင့်ဘူး ..."

ကြီး ။ ။ "ဟုတ်တယ် မထုတ်ထိုက်ဘူး။ ဒါပေမဲ့ ဒီကောင်မကို ရှင်က သိပ်အရေးပေးနေတာကို မကြိုက်နိုင်ဘူး"

သောင်း ။ ။ "အို ... မင်းဟာ သိပ်ခက်တဲ့ မိန်းမပဲ။ ဒီကောင်မ ကလေးဟာ ငါ့သမီးလေးလောက်ရှိတယ်။ ပြီးတော့ ငါ့သားသမီးတွေကို လည်း ဝတ်ကျေတမ်းကျေထက်ပိုပြီး စောင့်ရှောက်နေရှာလို့ နည်းနည်း ပါးပါး အရေးပေးထားတာပဲ။ ဒါကို မင်းမကြိုက်တာ ကျုပ် အင်မတန် အံ့သြတယ် ..."

ကြီး ။ ။ "အို ... ဘာမှ အံ့သြစရာမရှိဘူး။ ကိုယ့်လင်က တခြား လူကို အရေးယူနေရင် ဘယ်သူမှ မကြည်ဖြူနိုင်ဘူး ..."

သောင်း ။ ။ "ကောင်းပြီ ... ကျုပ် ဂရုစိုက်တာ မင်းမကြည်ဖြူ နိုင်ရင် မင်းရယ်၊ ဆရာမရယ်၊ ကလေးတွေရယ် ဒီအိမ်မှာနေကြ။ ကျုပ် တခြားမှာ သွားနေမယ်။ မင်းသဘောသေးတဲ့အတွက် ငါ့ကလေးတွေ တော့ အနေအထိုင် ဆင်းရဲအောင် ဆရာမကို ထုတ်မပစ်ပါနဲ့ ဒီလို ဂရုစိုက်သင့်တဲ့ လူကို ဂရုစိုက်ဖို့၊ အရေးပေးသင့်တဲ့ လူအရေးပေးဖို့ ဆိုတာတွေဟာလည်း အားလုံး အိမ်ရှင်မဖြစ်တဲ့ မင်းအလုပ်တွေချည်းပဲ မင်းမလုပ်တဲ့အတွက် ကျုပ်ဝင်လုပ်ရတာကို မင်းက တိုထွာနေရင် ကျုပ် ဟာကျုပ် တော်ရာသွားနေရုံပဲ ... ကိုင်း ... ပြောလေ ကျုပ် တခြားသွား နေရမှာလား ..."

ကြီး ။ ။ "အို ဒီလိုလဲ မနေရပါဘူး။ ကိုယ့်လင် ကိုယ်နဲ့သာ အတူ နေချင်တာပေါ့ ..."

သောင်း ။ ။ "ကဲ ... ဒါဖြင့် မင်းတွေ့ကရာတွေ လျှောက်ပြောမနေနဲ့ကွာ ... ကျုပ်ကလည်း သစ်သားရုပ်မဟုတ်တော့ မတရားသဖြင့် ပြောလာရင် မခံချင်ပေဘူး ..."

ဒေါ်ခင်ခင်ကြီးဘက်မှ စကားအညွှန့်မတက်လာတော့ပေ။ ကလေးတွေကို မိမိကိုယ်တိုင်လည်း ဂရုမစိုက်လို၊ မိမိကိုယ်စား ဂရုစိုက်မည့်သူ ငှားပေးပြန်တော့ အရိုးများသော ချေးခါးသောနှင့် စကားကြောရှည်မိသည်။ မိမိယောကျ်ားသည် သာမန်ယောကျ်ားများကဲ့သို့ မဟုတ်။ အလွန်တရာ တည်ကြည်ရိုးဖြောင့်လျက် သိက္ခာသမာဓိနှင့် ကိုယ်ကျင့်တရား ပြည့်ဝသူဖြစ်ကြောင်း မိမိကိုယ်တိုင်သိသဖြင့် ဤသို့ပြောမိသည်ပင် လွန်သွားပြီလားဟု စဉ်းစားနေမိလေရာ ဦးချစ်သောင်းလည်း အဝတ်အစားများ ဆက်လက်လဲလှယ်ကာ ကျောင်းကပွဲရှိရာ ဂျူဘလီဟောသို့ ထွက်လာခဲ့လေသတည်း။

# အခန်း [ ၄ ]

တရွေ့ရွေ့နှင့် နေ့တွေရက်တွေ ကုန်ခဲ့ပြန်လေ၏။

"မေ"ကလေးမှာ အသက်အရွယ်အားဖြင့် ဆယ့်လေးနှစ်ကျော် ဆယ့်ငါးနှစ်အတွင်း ဖြစ်၍ အခြေအနေပြောင်းလွဲနေချိန် ဖြစ်သောကြောင့် သွေးလေချောက်ချား စိတ်ကစားခိုက်ကလေးဖြစ်လေရာ အနေအထိုင် အပြုအမူကို ညွှန့်မေကိုယ်တိုင် အရေးတကြီးသွန်သင်ပြသ ဆုံးမဩဝါဒ ပေး၍နေရလေ၏။ ထိုအချိန်အခါမျိုးမှာ စိတ်နေသဘောထား၊ အပြော အဆို၊ အပြုအမူ၊ အနေအထိုင်များကို မိခင်ကိုယ်တိုင် တိုးတိုးတစ်သွယ်၊ ကျယ်ကျယ်တစ်လှည့် ဆိုသလို ကိုယ်ဖိရင်ဖိ ကြည့်ရှုရမည့်အခါကလေး မှာ မိခင်ရင်းရှိသော်ငြားလည်း ဆရာမ ညွှန့်မေ "မေ" ကိုသာလျှင် အားထားနေရရှာ၏။

"မေ"သည် ညွှန့်မေအား ချစ်လည်းချစ်ခင်၍ ဆရာလိုတစ်မျိုး၊ မိခင်လိုတစ်သွယ်၊ သူငယ်ချင်းလို တစ်ဝ၊ အစစအရာရာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပြုရဲရှာလေ၏။ သို့နှင့် တစ်ညတွင် "မေ"သည် အိပ်ရာ ပေါ်၌ တလူးလူး တလွန့်လွန့် ဖြစ်နေလေ၏။ လက်ထဲမှ စာရွက်ခေါက်

ကလေးကို ပုံးလျှိုးကွယ်လျှိုး ဖြန့်ချည်ခေါက်ချည်နှင့် မကြာမကြာ ဖတ်ကြည့်မိ၏။ ဖတ်ရင်း သဘောကျသလိုလို၊ စိတ်ဆိုးသလိုလို၊ ရင်တဖိုဖိုဖြစ်လျက်၊ တစ်ချက်တစ်ချက်လည်း အနီးတွင် အိပ်ပျော်နေသော ညီမကလေး နယ်လီပင် တွေ့မြင်သွားနိုးနိုး စိုးရိမ်သော မျက်နှာနှင့် လှည့်ကြည့်မိ၏။ တစ်ဖန် အခန်းတွင်းသို့ ဆရာမဝင်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ကျီးလန့်စာစား စာရွက်ကလေးကို ခေါင်းအုံးကြားသို့ ထိုး၍ဝှက်လိုက်မိပြီး မျက်နှာမှာ ရှက်သလိုလို၊ ကြောက်သလိုလို၊ မရဲတရဲဖြစ်နေလေ၏။

"ဟင် ... မေ မအိပ်သေးဘူးလား ..."

"အိပ်မပျော်ဘူး ဆရာမ ..."

"ညဉ့်နက်ပါပကော မနက် ကျောင်းနောက်ကျနေမယ်။ အိပ်ပါတော့လားကွယ် ..."

"ဆရာမ ..."

"ဟင် ... မေ ... အို ... ဘာဖြစ်သလဲ မျက်နှာကလေးလည်း နီလို့၊ နေမကောင်းဘူးလား။ မှန်းစမ်း ကိုယ်များ ပူသလား ..."

"မေ နေကောင်းပါတယ် ဆရာမ ဒါပေမဲ့ ..."

"ဘာပြုလဲ မေ ... ပြောလေ ... အို ... ရယ်နေပြန်ပြီ ပြောစမ်းပါဘာလဲ ..."

"ပြောတော့ ပြောချင်တယ် ... ဒါပေမဲ့ ပြောရမှာ ... ရှက် ..."

"အို ... မရှက်နဲ့ ပြောသာပြော ဆရာမကို ရှက်စရာ မဟုတ်ဘူးကွဲ့ ..."

"ဆရာမကို မေ တစ်ခု မေးချင်တယ်။ မာမီကိုတော့ မမေးရဲဘူး..."

"မေးလေ ... "မေ" ဘာသိချင်သလဲ ..."

"ချစ်တယ် ကြိုက်တယ်ဆိုတာ ဘယ်လိုနေသလဲ ... ဆရာမသိ

သလား ..."

"အို ... ကလေး ... ဒါတွေ မမေးကောင်းဘူးကွယ် ..."

"ဟင့်အင်း ... မေ သိချင်လို့ပါ ချစ်တာကြိုက်တာဟာ ရင်ထဲမှာ ဒိန်းဒိန်းနဲ့ ခုန်နေသလားဟင်၊ အဲဒီလိုရင်ခုန်နေရင် ကြိုက်တဲ့စိတ်ရှိလို့ လို့ ခေါ်ရမလား ..."

"ကလေး ... ဘာပြုလို့ သိချင်တာလဲ ..."

"ယောကျ်ားလေးတစ်ယောက်က ကြိုက်တဲ့အကြောင်း စာရေးပေး လိုက်ရင် မိန်းကလေးက စာဖတ်ပြီး ငိုချင်သလိုလို ... ရယ်ချင်သလိုလို... ရင်ထဲမှာ ဒိန်းဒိန်းနဲ့ ခုန်လာတာဟာ ကြိုက်လို့လား ဆရာမရဲ့၊ မေ လေ ကြိုက်တယ်ဆိုတာ ဘယ်လိုဟာလဲ သိချင်လိုက်တာ ..."

"နေစမ်းပါဦး မေ ... မေ့ကို တစ်ယောက်ယောက်က စာပေးပြီ ထင်တယ် ပြောပါဦး ဘယ်သူက စာပေးသလဲ ..."

"ဟို ... ဟို ... မေတို့ ကျောင်းထဲမှာ ကစားနေတုန်း ဘယ်က လည်း မသိဘူး ဒီစာခေါက်ကလေးကျလာတယ်။ ရော့ ဆရာမ ဖတ်ကြည့်ပါဦး။ ဒီစာဖတ်ပြီးတော့ မေလေ ဘယ့်နှယ်နေမှန်းမသိဘူး သိလား ... ဘယ်သူက ပေးထားမှန်းလည်း မသိဘူး။ မေပြန်ပြီး ကြိုက် လိုက်ရမလားလို့ စဉ်းစားနေတယ်။ ကြိုက်တယ်ဆိုတာ ဘယ်လို ကြိုက် ရမှန်းလည်း မသိဘူး ..."

"အို ... ဒီစာဟာ မေ့ကို တစ်ယောက်ယောက်က တိုက်ရိုက်ပေး တဲ့ စာမဟုတ်ပါကလား။ ယောကျ်ားကလေးတွေဟာ ဒီလို မေတ္တာစာ မျိုးတွေ အလကား အပျော်ရေးရေးထားတတ်ကြတယ်။ ဒီစာဟာ ဘစ်ယောက်ယောက်က ရည်စူးချက်မရှိဘဲနဲ့ အပျော်ရေးထားတဲ့စာကို ဓမ ကောက်ရလာတာဖြစ်မှာပေါ့ ... ဒီတော့ ကြိုက်ဖို့မလိုပါဘူး။ နို့ပြီး ဘော့ မေတို့အရွယ်ဟာ ကလေးရှိသေးတယ်။ ဒါမျိုးတွေ နားလည်ဖို့

မလိုသေးဘူး။ ဆရာမလည်း ဒါမျိုးတွေကို ဒီနေ့အထိ ဘာမှ မသိခဲ့ဘူး။ ဒီစာကို မေ သိမ်းမထားနဲ့ လွှင့်ပစ်လိုက်နော် ... ဒီအရွယ်လေးမှာ ချစ်တာကြိုက်တာတွေ မစဉ်းစားနဲ့ဦး ကြားလား ... မေက လိမ္မာပါတယ်ကွယ် ...”ဟု ပြောဆိုချော့မော့ကာ အရူးအရိုင်းကလေး၏ စိတ်ဖောက်ပြားမှုကို ပျောက်ပျက် တိမ်ကောသွားစေရန် အရေးမကြီးသလို ဖျက်ဆီးချေမှုန်းပစ်လိုက်ကာ ကလေးမျှသာ ရှိရှာသေးသူ “မေ”၏ လွှင့်ပါးနေသော စိတ်ရိုင်းကလေးကို စောစီးစွာ ထိန်းသိမ်း ချုပ်တည်းပေးလိုက်ရလေ၏။ ဤတွင်လည်း ထိုကလေးမနစ်ယောက်၏ ကိုယ်ကျင့်တရား စောင့်ထိန်းနိုင်မှုကလေးမှာ မိမိအပေါ်သို့ တာဝန်ပိုလာပြန်တော့သည်။ မိမိသာ လက်ပွန်းတတီးရင်းနှီးစွာ စောင့်ရှောက်ခြင်းမပြုပါက အရူးအမိုက်ကလေးများမှာ တုံးတိုက်တိုက် တိုင်တိုက်တိုက် မိုက်မှားဘက်သို့ လိုက်ပါမိရှာကြတော့မည်။ မိခင်ဖြစ်သူသည် အမှုမဲ့ အမှတ်မဲ့ နေစိမ့်လေရက်လှသည်ဟု ကလေးမလေးများကို မိမိသွေးသားရင်းနှင့်မခြား ကြင်နာသနားမှု ပိုကဲသွားမိပြန်တော့၏။

*

“မာမီ ... မေတို့ ကန်တော်ကြီးပွဲလိုက်ချင်တယ်။ မာမီသွားရင် ခေါ်ပါ ...”ဟု ပူဆာလျှင် “အို ... မာမီက ဘုရင်ခံ လက်ဖက်ရည်ပွဲမှာ ထိုင်ရမယ်။ ညည်းတို့သွားချင် တခြားသွားကြပါလား ...”ဟု ဒေါ်ခင်ခင်ကြီးက ပယ်လိုက်သောအခါ၊ မေနှင့် နယ်လီမှာ ငိုမဲ့မဲ့ မျက်နှာကလေးတွေနှင့် အဖေကြီးအနားသို့ ရောက်လာကြပြီး ...

“ဒက်ဒီ မာမီက မေတို့ကို ကန်တော်ကြီးပွဲ မခေါ်နိုင်ဘူးတဲ့။ သွားချင်ရင် ညည်းတို့ဟာညည်းတို့ သွားကြတဲ့ ... ဒက်ဒီ လိုက်ပို့ပါနော် ... နော် ...”ဟု ကပ်ကာ ပူဆာကြပြန်သောကြောင့် ...

"အေးလေ ... သမီးတို့ သွားချင်ရင် ဒက်ဒီ လိုက်ပို့မှာပေါ့။ ဆရာမရေ ... ဟောဒီကလေးတွေ အဝတ်လဲပေးလိုက်ပါ။ လှလှပပ ဝတ်ခဲ့ကြနော်။ ဟိုမှာ လူတွေသူတွေ အများကြီးပဲ ဆရာမလည်း ကလေးတွေကြည့်ဖို့ အတူလိုက်ခဲ့ ဟုတ်လား "ဟုဆိုကာ ဒေါ်ခင်ခင်ကြီးမှတစ်ပါး သိုက်သိုက်ဝန်းဝန်း သွားခဲ့ကြရ၏။

ရုပ်ရှင်ကားကောင်းများ ပြလျှင်လည်း ကလေးများမှာ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ကြီးကို ပူဆာ၍ မရတိုင်း ဦးချစ်သောင်းကိုသာ ခေါင်းနှင့်ခွေ့ကာ နားပူကြသောကြောင့် ... ဦးချစ်သောင်းကိုယ်တိုင် သမီးကလေးသားကလေးများကို လိုက်ပို့ရရှာသည်ဖြစ်ရာ။ ကလေးများသွားလျှင် ဆရာမ ညွန့်မေမှာလည်း ကလေးများအတွက် အစောင့်အရှောက်ဖြစ်ကာ ထက်ကြပ်မကွာ လိုက်ပါခဲ့ရရှာ၏။

သမီးအကြီးကလေးနှစ်ယောက်မှာ အရွယ်ကလေး အတန်ထောက်၍ လူလားမြောက်လာသောအခါ အလှအပ ဝတ်ဆင်လျက် ပွဲလမ်းသဘင်နှင့် မင်းပွဲစိုးခွင်သို့ လိုက်ချင်ရမှန်း သိလာလေ၏။ အခြားအရာရှိသားသမီးများ ပါဝင်သောပွဲတိုင်းပင် သူတို့လည်း ကလေးဘာဝ လိုက်ချင်ကြသောကြောင့် တစ်ကိုယ်ချင်း အသားယူကာ သွားတတ်သူ ဒေါ်ခင်ခင်ကြီးက မခေါ်တိုင်း ဖခင်ဖြစ်သူက ပို့နေရရှာပြီးလျှင် သွားသမျှလာသမျှတို့မှာလည်း ကလေးများအဖို့ လူထဲတွင် အနေအထိုင် အပြောအဆို သိပ်သည်းကျစ်လစ်စွာရှိစေခြင်းငှာ ဆရာမ ညွန့်မေက အမြဲပါရတော့၏။

ဤတွင်လည်း ကာလကြာသော် ဒေါ်ခင်ခင်ကြီးမှာ မကျေမချမ်းဖြစ်လာပြန်လေ၏။ မိမိက ကလေးများနှင့်အတူ သွားလာရသည်မှာ ခြေရှုပ်သည်ဟု တမင် ချန်ထားခြင်းကြောင့် ကလေးများကို အထိန်းအကြောင်းဖြစ်သူ ဆရာမညွန့်မေနှင့်အတူ ဦးချစ်သောင်းကိုယ်တိုင်

လိုက်ပို့ရသည်ကိုပင် ...

"သခင်မကြီးဘုရား ... သခင်ကြီးနဲ့ ကလေးတွေ ဂျူဘလီလက်မှု ပညာပြပွဲမှာ တွေ့လိုက်ပါတယ်။ သခင်မကြီးပါလာသလားလို့ ကြည့် တာ သခင်မကြီး မဟုတ်ဘူး။ ဆရာမ မညွန့်မေဖြစ်နေတော့ တယ်..." ဟူသော အပြောမျိုး ...

"အလို ... မစ္စစ် ချစ်သောင်းပါလား။ တစ်နေ့က ဘိုင်စကုတ်ထဲ မှာ ဦးချစ်သောင်းနဲ့ ကလေးတွေ မြင်လို့ မစ္စစ်ချစ်သောင်းပါတယ်ထင် ပြီး လှမ်းတောင် နှုတ်ဆက်လိုက်ပါသေးတယ်။ နောက်တော့မှ မစ္စစ် ချစ်သောင်းမဟုတ်ဘဲ ကလေးတွေရဲ့ ဆရာမဖြစ်နေမှန်း သိရတယ် ..." ဆိုသော အပြောမျိုး ...

"ဒါနဲ့ ဦးချစ်သောင်းကြီးလည်း ကလေးတွေနဲ့ ဟိုသွား ဒီသွား တယ်ကြီး လမ်းများနေပါကလား ခင်ခင်ရဲ့ ..." ဟူသော အမေးမျိုးများ ကို မကြာမကြာ ကြားရသောအခါ။

"ဟုတ်ပါတယ် ဟုတ်ပါတယ် ... ကလေးတွေကို သူက သိပ် အလိုလိုက်တာပဲ။ ဘယ်သွားချင်တယ်ဆိုဆို၊ သူကိုယ်တိုင် ဒုက္ခခံပြီး လိုက်ပို့တယ်။ ခင်ကတော့ ကလေးတွေရဲ့ သည်းညည်းကို သူ့လောက် မခံနိုင်ဘူး မင်းကတော်ရဲ့ ..." ဟူသော အဖြေမျိုးကို ဟန်မပျက် ဖြေ လိုက်ရစေကာမူ စိတ်တွင်းက နှုတ်ခမ်းစူမိလေတော့၏။

ထို့ကြောင့် ... "ကိုချစ်သောင်း ရှင်ဟာ အခုတလော သိပ်လမ်း များနေတာပဲ။ လမ်းထွက်တိုင်းထွက်တိုင်း ကလေးတွေနဲ့ ညွန့်မေကို ခေါ်ခေါ်သွားရတာလဲ အမောပဲနော် ..."ဟု အငေါ်တူးလိုက်လေ၏။

သောင်း ။ ။ "ကလေးတွေက လူမှန်းသိလာတော့ သွားချင် လာချင်ကြတာပေါ့ကွယ့်။ မင်းကမှ အတူခေါ်သွားဖော် မရတော့၊ ကလေးတွေကို သနားတာနဲ့ မင်းကိုယ်စား ကျုပ်ခေါ်ခေါ်သွားရတယ်။

ဒါကို မင်းက မကြိုက်ပြန်ဘူးလား"

ကြီး ॥ ॥ "ခေါ်ပါ ခေါ်ရပါတယ်။ ကိုယ့်သားသမီးတွေ ခေါ်တာပဲ။ ဘာမကြိုက်စရာရှိသလဲ။ ဒါပေမဲ့ ကလေးတွေ ခေါ်သွားတိုင်း ဟိုဟာမက တွဲတွဲ တွဲတွဲနဲ့ ပါနေတာ ခက်တယ် ..."

သောင်း ॥ ॥ "ညွန့်မေကို ပြောတာလား။ သူက ဆရာမဆိုပေတဲ့ ကလေးတွေကို အာယားလိုတစ်ပိုင်း ကြည့်ရှုနေတော့ လူထဲသူထဲမှာ ကလေးတွေ အနေအထိုင် မတတ်တာတတ်အောင် တိုးတိုးဖော် စောင့်ရှောက်ဖို့ ခေါ်ရတာပဲ ..."

ကြီး ॥ ॥ "အို ... စောင့်ရှောက်ဖို့ ခေါ်ပေတဲ့ တခြားလူတွေက ဘာထင်မလဲ ..."

သောင်း ॥ ॥ "အေး ... ဒါဖြင့် နောက်ကို ကလေးတွေ သွားချင်လာချင်ရင် ကျုပ်မပို့ဘူး။ မင်းနဲ့အတူ ခေါ်သွား ..."

ကြီး ॥ ॥ "ရှင်က ရန်စကားပြောပြန်ပြီလား"

သောင်း ॥ ॥ "ကျုပ်က ရန်စကားပြောတာမဟုတ်ဘူး။ မင်းက ဆီလို အပေါက်ရှာနေတာတော်ကွယ် တော်တော့" ဟုဆိုကာ ဦးချစ်သောင်းက စကားနည်း ရန်စဲအခန်းထဲက ထွက်သွားမှ စကားစ ပြတ်သွားကြလေ၏။

ဒေါ်ခင်ခင်ကြီးလည်း ပြောလို၍သာ ပြောရသည်။ ဦးချစ်သောင်း အပေါ်တွင် လူရိုးကြီးတစ်ယောက်ဟု အများတကာထက် မိမိသာလျှင် ပို၍သိခဲ့သူဖြစ်သည့်အတိုင်း စိတ်ကိုမနိုင်၍ ပြောမိသည်တိုင်အောင် ပြောပြီးသောအခါမူ ငါ ပြောမိတာ လွန်သွားလေပြီလားဟု မစဉ်းစားဘဲ နေမိသည်ဟူ၍ မရှိသလောက် ဖြစ်တော့၏။

နွေဥတု ကျောင်းပိတ်ရက်များနှင့် အင်္ဂလိပ် နှစ်သစ်ကူးကျောင်းပိတ်ရက်များတွင် အများသော ကျောင်းသူကျောင်းသားတို့သည် မိမိတို့

အင်အားအလျောက် အပျော်ခရီးထွက်ကြမြဲ ဖြစ်လေရာ အများအားဖြင့် ရန်ကုန်မြို့ပေါ်ရှိ အရာရှိကြီးများ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသူများ၏ သားသမီးများမှာ မေမြို့၊ ကလော စသော အထက်မြန်မာပြည် အရပ်များသို့သော်လည်းကောင်း၊ မော်လမြိုင် ကျိုက္ခမိ၊ ထားဝယ် မောင်းမကန် စသော အောက်မြန်မာပြည် အရပ်ဒေသတို့သို့လည်းကောင်း၊ အလည် အပတ်ထွက်တတ်ကြသည့် အားလျော်စွာ ဒီဇင်ဘာလ ကျောင်းပိတ်ရက်သို့ တိုင်ရောက်ခါနီးသော တစ်နေ့၌ မေနှင့် နယ်လီတို့သည် ဦးချစ်သောင်း၏ စာကြည့်ခန်းထဲသို့ ဝင်လာပြီး ဖခင်ကြီးကို တစ်စုံတစ်ရာ ပူဆာရန် ပွတ်သီးပွတ်သပ်လာလုပ်နေကြလေ၏။

သောင်း ။ ။ "ဟဲ ... ဟဲ ... ဟဲ ... မေနဲ့ နယ်လီ ဒက်ဒီကို ဘာပြောချင်လို့လဲ ... ဒက်ဒီသိတယ်။ မင်းတို့ ဒက်ဒီကို တစ်ခုခု ပူဆာဖို့ လာတာပဲ ..."

မေ ။ ။ "ဟင် ... ဒက်ဒီက သိပ်ပါးတာပဲ။ ဟုတ်တယ် ဒက်ဒီ မေတို့လေ ခု ဒီဇင်ဘာကျောင်းပိတ်ရင် ကျိုက္ခမိကို သွားလည်ချင်တယ် ဒက်ဒီရယ် ပို့ပေးပါနော် ... မေတို့ ကျောင်းက အတွင်းဝန်ဦးထွန်းငြိမ်း သမီး ကစ်တီ ထွန်းငြိမ်းတို့လည်း ကျိုက္ခမိ သွားကြမယ်တဲ့။ မင်းကြီး ဦးသက်တင်သမီး လီလီသက်တင်တို့လည်း သွားကြလိမ့်မယ်။ သူဌေး ဦးရန်ကင်းသမီး တင်တင်ကြီးတို့လည်း လာမှာပဲ။ မေတို့လည်း သူတို့ သွားတော့ သိပ်သွားချင်တာပဲ ဒက်ဒီရဲ့။ သူများတွေဆိုရင် နှစ်တိုင်း နှစ်တိုင်း အလည်ထွက်ရတယ်။ မေတို့ဖြင့် ခုလောက်ကြီးလာပြီ တစ်ခါမှ အလည်မထွက်ရဘူး။ ဒီတစ်ခါတော့ ပို့ပါနော် ဒက်ဒီ ..."

သောင်း ။ ။ "အေး ... အေး ... ငါ့သမီးကလေးတွေ သွားချင်ရင် သွားရစေ့မယ်။ မင်းတို့ မာမီကို လိုက်ပို့ပါလို့ပြောချေ ..."

မေ ။ ။ "ဟင် ဒက်ဒီကလည်း မာမီကို ပြောခိုင်းပြန်ပြီ။ မေတို့

ဒက်ဒီမပြောခင်ကတည်းက မာမီကို ပြောပြီးခဲ့ပြီ။ သွားသွား နင်တို့ သိပ်ရှုပ်တာပဲ။ ငါ့လာလာ နားမပူကြနဲ့။ သွားချင်ရင် နင်တို့ ဒက်ဒီပြောတဲ့ ...”

နယ်လီ ။ ။ “ဟုတ်တယ် ဒက်ဒီ မာမီကို ဘယ်တော့မှ အဖော်လုပ်လို့မရပါဘူး။ ဒယ်ဒီလိုက်ပို့ပါ။ ဒါမှ နယ်လီတို့ သွားရမှာပဲ ...”

မေ ။ ။ “ဟိုမှာ ဒက်ဒီဖားသားကြီးရှိတုန်းက ဆောက်ထားတဲ့ ဘန်ဂလိုလည်း ရှိတယ်ဆို။ ဒက်ဒီမပို့အားရင် မေတို့ ဆရာမနဲ့ သွားမယ်လေ ...”

သောင်း ။ ။ “အေးလေ ဘယ်နည်းနဲ့ဖြစ်ဖြစ် ငါ့သမီးများ သွားချင်တာသွားရစေမယ်။ ဒါပေမဲ့ ခရီးဝေးဆိုတော့ မင်းတို့ မာမီပါရင် သာကောင်းတာပေါ့ ... လာလာ ဒက်ဒီ သူ့ကို သွားပြောပေးပါဦးမယ်...”

ဦးချစ်သောင်းလည်း ကလေးများနှင့်အတူ ဒေါ်ခင်ခင်ကြီးအခန်းတွင်းသို့ ရောက်လာကြလေ၏။

“ဟော့ ... ခင် ဟောဒီမှာ မင်းသမီးတွေ သားတွေက ကျောင်းပိတ်ထားတုန်း ကျိုက္ကမိသွားချင်တယ်လို့ လာပူဆာနေကြတယ်။ ခင်လည်း အငြိမ်းပြေ သူတို့နဲ့ လိုက်သွားလိုက်ပါလားကွယ် ...”

“အခု ကျောင်းပိတ်ရက်မှာလား”

“အင်းလေ နက်ဖြန်သန်ဘက် ဆိုရင် ကျောင်းပိတ်တော့မှာပဲ...”

“ဟာ ဘယ်ဖြစ်မလဲ ဒီဇင်ဘာ ခရစ်စမတ်ပွဲအတွက် အင်္ဂလိပ်အရာရှိကြီးတွေက အထူးဖိတ်ထားတဲ့ ထမင်းစားပွဲလည်း နှစ်ခု သုံးခုရှိတယ်။ နှစ်သစ်ကူး ဖလားပွဲအတွက် မြင်းပွဲကို အတူတူသွားဖို့ချိန်းထားတဲ့ ခရိုင်မင်းကြီးကတော် မစ္စစ်ကရောလည်း ရောက်လာလိမ့်မယ်။ ဘုရင်ခံ ဒါဘာပွဲကိုလည်း သွားစရာရှိသေးတယ်။ ဒီရက်တွေအတွင်းမှာ သွားစရာလက်ခံထားလိုက်တဲ့ ပွဲတွေ ဒီလောက်များနေတာ ဘယ်မှာ

ခရီးထွက်နိုင်ပါ့မလဲ ..."

"ခင့် ပွဲတွေကို တစ်ခါတလေ ဖျက်လိုက်ပါလားကွယ် ..."

"အို ... မဟုတ်တာ လက်ခံပြီးမှ အရေးမကြီးတဲ့ကိစ္စတစ်ခု အတွက်နဲ့ ဖျက်လိုက်ရမယ်ဆိုရင် ကိုယ့်ဂုဏ်အသရေကို မငဲ့ရာကြနေ မှာပေါ့။ သူတို့ဘာသာ သူတို့ ဆရာမနဲ့ သွားပါစေလား ..."

မေ ။ ။ "ဟုတ်ပါတယ် ဒက်ဒီရယ် မာမီလည်း မလိုက်နိုင်ဘူး။ ဒက်ဒီလည်း မပို့နဲ့။ မေတို့ ဆရာမနဲ့ မေတို့ချည်း သွားကြမယ် ..."

နယ်လီ ။ ။ "အေး ... မေပြောတာ ဟုတ်တယ်ကွဲ့ တို့ ဆရာမနဲ့ တို့ချည်းသွားရတာက ပျော်လိမ့်ဦးမယ် ..."

(အပါသည် ဦးချစ်သောင်းနားနား ကပ်ကာ) "မာမီလိုက်ရင် ကောင်းဘူးနော် ဒက်ဒီရဲ့။ ပါတို့ ဆော့တာ ဆိုကဆိုနဲ့ ချာမနဲ့ သွားမယ် နော် ... နော် ..."

သောင်း ။ ။ "အေးအေး ဒါဖြင့် မင်းတို့ဆရာမနဲ့ မင်းတို့သွားကြ ဒက်ဒီအားလုံး ပြည့်စုံအောင် လုပ်ပေးလိုက်မယ် ..."

ကလေးများသည် ဝမ်းသာအားရ ပျော်ရွှင်စွာ ခုန်ပေါက်ထွက်လာ ကြလေ၏။

"ဆရာမ ... ဆရာမ ... မေတို့တော့ ကော်တာပဲ ဆရာမ ..." ဟုဆိုကာ၊ ဆရာမကို ဝိုင်းဖက်ကြလေ၏။ ညွန့်မေလည်း ကလေးတွေ ကို ကျေနပ်ရွှင်ပြုံးစွာဆီးကြိုကာ အပါကိုမူကား မိမိရင်ခွင်သို့ ပွေ့ချီ ပိုက်ထွေးထားလိုက်ပြီးမှ ...

"ကဲ ... ဆရာမကို ပြောစမ်းပါဦး ဘာများကော်လာကြတာ တုန်း..."

မေ ။ ။ "ကျောင်းပိတ်ရင်လေ မေတို့ရယ် ဆရာမရယ် ကျိုက္ကမီ သွားလည်ရတော့မယ်။ ဟိုကျရင် သိပ်ပျော်မှာပဲ ဆရာမနော် ..."

နယ်လီ ။ ။ "ကျိုက္ကမိမှာ ရေချိုးဆိပ်ရှိတယ်။ ပင်လယ်လှိုင်းကြီး တွေ စီးလို့သိပ်ကောင်းတာပဲတဲ့။ ဆရာမတို့ ထားဝယ်မှာလည်း ပင်လယ်ရေချိုးရတယ်နော် ...။

အပါ ။ ။ "ချာမ အပါတော့ ရေချိုးချင်ဘူးနော် ... နော် ကျောင်းက ဂျော်ဂျီက ပြောတယ်။ ဟိုမှာ ခရုလေးတွေ ကောက်လို့ရတယ်တဲ့။ အပါ ခရုကောက်မယ်နော် ..."

နယ်လီ ။ ။ "အံမယ် မိအပါက ကြောက်လို့ ရေချိုးချင်ဘူးတဲ့။ ဘာရမလဲ ဟိုကျရင် နင့်ကို ရေထဲအရင်ဆွဲနှစ်မှာ ..."

အပါ ။ ။ "ဒီရော့ ပါက ချာမကို ဖက်ထားမှာပေါ့ ..."

မေ ။ ။ "ဟိုရောက်ရင် မေတို့တော့ လှိုင်းစီးမယ်။ အို ကင်မရာ လည်း ယူသွားရဦးမယ်။ ဖလင်တွေလည်း များများကြီး ဝယ်လာမယ်။ ဟိုရောက်ရင် တွေ့သမျှ မြင်သမျှ အကုန်လုံးလျှောက်ပြီး ဓာတ်ပုံရိုက်ယူ လာမယ်။ နောက်တော့ ဒီပုံတွေကို အယ်လ်ဘမ်ထဲမှာ ထည့်ကပ်ထားပြီး မေတို့သူငယ်ချင်းတွေ အလည်လာရင် ထုတ်ပြရမယ် ... အို ... သိပ် ပျော်မှာပဲ နော်နော် ... ဆရာမ..."

ကလေးတွေမှာ ကလေးဘာဝ ခရီးသွားရတော့မည့်အရေး တွေးမိ တိုင်း ဝမ်းသာရွှင်မြူး၍နေရှာကြလေရာ။ ဆရာမ ညွန့်မေမှာလည်း ဦးချစ်သောင်း အမိန့်အရ နောက်တစ်နေ့တွင်ပင် ခရီးသွားရာတွင် ပါသင့် ပါထိုက်သော အသုံးအဆောင်၊ ဆေးဝါးများနှင့် အဝတ်အစား သေတ္တာ များကို ကလေးများအတွက် လုံလောက်အောင် ထည့်သိုပြင်ဆင်လျက်၊ မိမိအတွက်လည်း လက်ဆွဲသားရေသေတ္တာကလေးနှင့် အဝတ်အစား များ စေ့စပ်သေချာစွာ ထည့်ပိုးထားရလေ၏။

နောက်တစ်နေ့တွင်ကား ကျောင်းပိတ်လိုက်ပြီဖြစ်သောကြောင့် ဦးချစ်သောင်းကိုယ်တိုင် ကလေးများနှင့် ဆရာမ ညွန့်မေတို့အား ကျိုက္ကမိ

သို့ အရောက် နေထိုင်ရန် စားသောက်ရန်တို့ပါ၊ အစစအရာရာ လွယ်ကူချောမောစွာ ရှိစေရန် စီမံစရာရှိသရွေ့ စီစဉ်ပေးလိုက်ပြီး၊ မီးရထားဘူတာရုံကြီးအထိ လိုက်ပို့လိုက်သည်ဖြစ်ရာ။ ညွန့်မေနှင့် ကလေးတစ်သိုက်မှာ ကျိုက္ကမီပင်လယ်ကမ်းခြေသို့ ချောမောစွာ ဆိုက်ရောက်လာကြလေ၏။ ကလေးများမှာ ခရီးသွားရသော ပျော်ရွှင်မှု အရသာ၊ ပင်လယ် လေကောင်းလေသန့်များ၏ အရသာတို့ကြောင့် လာရသော ရက်ကလေးအတောအတွင်းမှာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊ စားကောင်း၊ အိပ်ကောင်း၊ သောင်ပြင်တွင် ဆော့လို့ ကောင်းလျက်၊ ပင်လယ်လှိုင်းစီးလိုက်၊ ခရုခွံကောက်လိုက်၊ ဓာတ်ပုံရိုက်လိုက်နှင့် ရွှင်ပျော်မဆုံး တပြုံးပြုံးဖြစ်နေကြသဖြင့် ပြန်ရမည်ကိုပင် ကြောင့်ကြနေမိကြလေသတည်း။

## အခန်း [ ၅ ]

ဆရာမညွန့်မေနှင့် ကလေးများ သွားကြသည့်နောက် ၃–၄ ရက် လောက်ရှိလျှင် ဦးချစ်သောင်းသည် ကလေးများအတွက် စဉ်းစားမိပြန်သည်။ ဆရာမညွန့်မေမှာ ပျိုပျိုရွယ်ရွယ်ကလေး ဖြစ်သည်။ မေနှင့်နယ်လီတို့မှာလည်း၊ မလိမ်တမာအရွယ် သင်းတို့တစ်တွေ စိတ်မှ ချရပါမည်လားဟု ပူပင်မိလေ၏။ သို့ရာတွင် ဆရာမကလေး ညွန့်မေမှာ သိပ်သည်းကျစ်လျစ်သူကလေးဖြစ်၍ စိုးရိမ်ရန်မရှိ။ ချက်ပြုတ်လုပ်ကိုင်ကျွေးမွေးမည့် အစေခံ လင်မယားနှစ်ယောက်လည်း ပါသွားသေးသည်ဟုတွေးကာ စိုးရိမ်စိတ်ကို သက်သာရာရစေပြန်လေ၏။ သို့အတော အတွင်းမှာပင် ဆရာဝန်ကြီး ကာနယ်ဦးချစ်သောင်းမှာ အခွဲအစိတ် ကုသခြင်းဆိုင်ရာ တွင် ထူးထူးချွန်ချွန်တော်သူ ပါရဂူပုဂ္ဂိုလ်တစ်ဦးဖြစ်သောကြောင့်၊ သစ်စက်သူဌေးကြီးတစ်ဦးကို ခွဲစိတ်ကုသရန် မော်လမြိုင်ဆေးရုံကြီးမှ သံကြိုးနှင့် အကူအညီတောင်းလိုက်သဖြင့် ဦးချစ်သောင်းသည် မော်လမြိုင်သို့ အရေးတကြီး လိုက်လာခဲ့လေ၏။

မော်လမြိုင်ဆေးရုံတွင် နှစ်ရက်မျှနှင့် ကိစ္စပြီးခဲ့သည့်နောက်၊ ခရီးကြုံကြိုက်၍ ရောက်လာသည့်အတူ ကလေးများလည်း မည်သို့နေသည်

မသိ။ ၎င်းတို့ရှိရာ ကျိုက္ကမီသို့ တလက်စတည်းဝင်ကြည့်လိုက် ဦးမည်ဟု စိတ်ကူးပေါ်ကာ မော်လမြိုင်မှ ကားကလေးနှင့် ကျိုက္ကမီ ကမ်းခြေရှိ မိမိဘန်ဂလိုသို့ ရောက်လာခဲ့လေ၏။

ကျိုက္ကမီပင်လယ်ကမ်းခြေတွင် အပျော်ကြီးပျော်ရွှင်နေကြသော ကလေးများမှာ မိမိတို့ ဖခင်ကြီး မမျှော်လင့်ဘဲ ရုတ်တရက် ရောက်လာသောအခါ။ ပျော်ရုံမက ဝမ်းသာလုံးဆို့၍ သွားကြလေ၏။ "ဟော ... ဟော ... ဒက်ဒီလိုက်လာပြီ၊ ဒက်ဒီလိုက်လာပြီ ..." ဟု ပြေး၍ ဝိုင်းဖက်နှုတ်ဆက်ကြပြီး နောက်အဖို့တွင်ကား။ ကလေးများသည် မိမိတို့ ပင်လယ်ရေချိုးလျှင် ချိုးခြင်း။ လှိုင်းစီးလျှင် စီးခြင်း။ သောင်ခုံနှင့် ကျောက်ဆောင်ကြားတို့တွင် ခရုခွံကောက်ရင်း ကင်မရာကလေး တမြောက်မြောက်နှင့် တွေ့မြင်ကရာ ဓာတ်ပုံလျှောက်ရိုက်ရင်း ပျော်ရွှင်စွာ နေကြသလောက်။ ဖခင်ကြီးနှင့် ဆရာမ ညွန့်မေကိုလည်း တကောက်ကောက် ဆွဲခေါ်သွားကြတော့၏။ အလုပ်ခွင်မှ အနားယူခွင့် မရရှာခဲ့သော ဦးချစ်သောင်းမှာ သားသမီးကလေးများ အပျော်ကြီး ပျော်ရှာကြသည်ကို တွေ့ရသည်တစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း သန့်ရှင်းသော ပင်လယ်လေတို့ကို ရှူရှိုက်ရခြင်း၊ ပင်လယ်ရေချိုးရခြင်း၊ ကလေးများနှင့် ကမ်းရိုးတန်းတစ်လျှောက် အညောင်းအညာပြေ လမ်းလျှောက်ရခြင်းတို့ကြောင့် ဦးနှောက်အနားယူကာ ထမင်းမြိန်စားထွက်လာရသည်နှင့် မခြား စိတ်လက်ပျော်ရွှင်၍ လူတွင်လည်း ပေါ့ပါးဖျတ်လတ်လာသည်နှင့် တစ်ရက်မှနှစ်ရက်အထိ နေပြီးမှ ဆရာမနှင့် ကလေးများကို ကောင်းစွာ နေရစ်ကြ၍ ကျောင်းဖွင့်ရက်အမီ ပြန်လာခဲ့ကြရန် ပြောဆိုမှာထားခဲ့ပြီးလျှင်၊ ကျိုက္ကမီရေလယ်ဘုရားအနီး ဇရပ်အသီးသီးရှိ ရုံးပိတ်ရက် အပျော်ထွက်လာကြသော အရာရှိ အသိမိတ်ဆွေများကို နှုတ်ဆက်ကာ ရန်ကုန်သို့ ပြန်လာခဲ့လေ၏။

ဦးချစ်သောင်းသည် အိမ်သို့ ရောက်သောအခါ ... ဒေါ်ခင်ခင်ကြီးအား ကျိုက္ကမီသို့ ကလေးတွေ စိတ်မချ၍ ဝင်ကြည့်ခဲ့ကြောင်း မပြောပေ။ မပြောသော အကြောင်းမှာလည်း ဒေါ်ခင်ခင်ကြီး၏ နောက်နောက်က သဘောထားကို သိသောကြောင့် အထင်လွဲမည်စိုး၍ မပြောခြင်းဖြစ်လေ၏။ သို့ရာတွင် ကျောင်းဖွင့်၍ ကလေးများ ကျိုက္ကမီမှ ပြန်လာသောအခါတွင်မူကား မေ၊ နယ်လီ၊ အပါစသော ကလေးများမှာ ကလေးတို့ ဘာဝအတိုင်း မိမိတို့ ခရီးထွက်ရာတွင် မည်သို့မည်ပုံ ပျော်ရွှင်ခဲ့ကြောင်းများ တွေ့သမျှ မြင်သမျှ မိမိတို့ မြူးကြ၊ ခုန်ကြ၊ ဆော့ကြပုံများပါ အပျော်ရိုက်ယူလာသော ဓာတ်ပုံများကို ပြလျက် မနားရအောင် ပြောနေမိကြသည်တွင် ဒေါ်ခင်ခင်ကြီးအားလည်း မိခင်ဖြစ်သည့် အားလျော်စွာ မောင်နှမသုံးယောက်ဝိုင်းထိုင်ကာ ရိုက်ကူးလာသော ဓာတ်ပုံများကိုပြလျက် လက်ပံပင် ဆက်ရက်ကျသလို ပြောဆိုရှာကြလေတော့၏။ ဒေါ်ခင်ခင်ကြီးလည်း တပြုံးပြုံးနှင့် စိတ်ပါလက်ပါ နားထောင်ရင်း ကလေးများ ပြသော ဓာတ်ပုံကားတွေကို တစ်ခုစီကြည့်ရှုနေလေ၏။

မေ ။ ။ "ဟောဒါ အပါကလေး ရေချိုးအဝတ်နဲ့ လှိုင်းစီးနေတဲ့ပုံ မာမီရဲ့။ ဒီပုံကတော့ ကျောက်ဆောင်ပေါ်မှာ နယ်လီနဲ့ အပါရပ်နေတုန်း ရေတွေ တက်လာလို့ ကျောက်ဆောင်ကလေး မြုပ်တော့မလိုဖြစ်နေတာနဲ့ အပါက ကြောက်ပြီးငိုနေတဲ့ပုံ မာမီရဲ့။ ဟော ... ဟော... ဒီပုံကလေ ... ဆရာမရယ်၊ နယ်လီရယ်၊ အပါရယ် ဒီလှိုင်းတွေ တက်လာတာကို ထိုင်စောင့်နေတုန်း ရိုက်ထားတာ။ ဟောဒါက မေတို့ လေ သဲထဲမှာ ရဲတိုက်ကြီးဆောက်တမ်းကစားနေတဲ့ပုံ။ ဒါက ဘန်ဂလိုပေါ်ကနေပြီး ကျိုက္ကမီဘုရားကို ရိုက်ထားတဲ့ပုံ မာမီရဲ့ ..."

ဒေါ်ခင်ခင်ကြီးသည် ဓာတ်ပုံများကို ကြည့်နေရာမှ အောက်က ပုံများကို မြင်သောအခါ ...

"အို ... ဒီပုံထဲမှာ နင်တို့ ဒက်ဒီလည်း ပါနေပါကလား ..."

မေ ။ ။ "အို ... ဟုတ်တယ်လေ ... ဒက်ဒီလည်း လိုက်လာသေးတယ် မာမီရဲ့။ မေတို့လေ ဒက်ဒီ လိုက်လာမှ သိပ်ပျော်သွားတာပဲ။ ဟောဒီပုံထဲမှာ ဒက်ဒီရယ်၊ ဆရာမရယ်၊ နယ်လီရယ်၊ အပါရယ် ကျောက်ဆောင်ကြီးပေါ်မှာ ထိုင်နေကြတာ မာမီရဲ့။ ဟောဒီပုံက ဆရာမ ပင်လယ်ရေချိုးပြီး တက်လာတော့ ကျောက်ခဲတစ်ခုနဲ့ ခလုတ်တိုက်ပြီး လဲသွားလို့ ဒက်ဒီနဲ့ နယ်လီတို့ တွဲထူနေတုန်း မေက စနက်ရှော့ပ်နဲ့ ရိုက်လိုက်တော့ လှုပ်သွားလို့ သိပ်တောင် မထင်ဘူး မာမီရဲ့ ..."

ဒေါ်ခင်ခင်ကြီးမှာ ဓာတ်ပုံတွေလျှောက်ကြည့်ရင်း မျက်နှာကြီး နီမြန်းလာလေ၏။ "ကြည့်စမ်း သူလိုက်သွားတာ ငါ့တောင် အသိမပေးဘူး။ ခုတော့ ဖင်ကဖုံး ခေါင်းကပေါ်ဆိုတာလို ကလေးတွေရဲ့ ဓာတ်ပုံထဲမှာ သက်သေခံထွက်လာပြီ" ဟု စိတ်ထဲမှာ ကြိတ်၍ ဒေါပွနေလေ၏။ သို့နှင့် ကလေးများထံမှ ဦးချစ်သောင်းပါသော ဓာတ်ပုံတစ်ခုကို ယူထားလိုက်လေ၏။ ဒေါ်ခင်ခင်ကြီးသည် ဦးချစ်သောင်း ကျိုက္ခမီလိုက်သွားခြင်းကို အသိမပေးခြင်းအတွက်ပင် မိမိ၏ အထင်မှားမှုကို ပိုမိုလေးနက်စေလေတော့၏။

သို့နှင့် ညဘက် ဦးချစ်သောင်းနှင့် မျက်နှာချင်းဆိုင်မိကြသောအခါ ဒေါ်ခင်ခင်ကြီးသည် လက်ထဲမှ ဓာတ်ပုံကလေးကိုကိုင်ပြကာ မျက်နှာ ခပ်တည်တည်နှင့် "ဒီမှာ ... ဟောဒီဓာတ်ပုံ ဘယ်တုန်းက ရိုက်တာလဲ..." ဟု ဆို၍ ဓာတ်ပုံကို ထိုးပြလေ၏။ ဦးချစ်သောင်းလည်း ဓာတ်ပုံကို ယူကြည့်မိ၏။ ဓာတ်ပုံကလေးမှာ ကျိုက္ခမီရေလယ်ဘုရားကို ကျောထောက်နောက်ခံထား၍ ပင်လယ်ရေစပ်တွင် အပ့ါကို အလယ်ကထား၍ မိမိနှင့် ဆရာမညွန့်မေတို့အတူထိုင်နေသော ပုံဖြစ်လေ၏။ ဦးချစ်သောင်းသည် မိမိရိုးရိုးသွားသည်ကို ဒေါ်ခင်ခင်ကြီး ဆန်းဆန်းထင်

မည်စိုး၍ မပြောဘဲနေရာတွင် ယခုကဲ့သို့ ဓာတ်ပုံတွေ့သောအခါ သက်သာ မကင်းမဖြစ်ပါစေနှင့်ဟူသော စေတနာနှင့် ...

သောင်း ။ ။ "အို ... ဟုတ်တယ် ကျုပ် ဒီအကြောင်း ခင့်ကို ပြောမလို့ မေ့နေတယ်။ ကျုပ် မော်လမြိုင်သွားတုန်းက ကလေးတွေချည်း မို့ စိတ်မချတာနဲ့ ခရီးလည်းကြုံလို့ တစ်လက်စတည်း ခဏဝင်ကြည့် လိုက်ဦးမယ်လေဆိုပြီး သွားကြည့်လိုက်သေးတယ်။ ဟိုရောက်တော့ ကလေးတွေက ဒက်ဒီနဲ့ အတူတစ်နေ့လောက် လည်ပါရစေပူဆာတာနဲ့ နေခဲ့ရသေးတယ်။ အဲဒီတုန်းက မေ ရိုက်လာတဲ့ ဓာတ်ပုံတွေပေါ့ ..." ဟုပြောသော်လည်း ဒေါ်ခင်ခင်ကြီးမှာ အယုံအကြည်မရှိသော မျက်နှာ နှင့် ရှုတ်ချကဲ့ရဲ့သလို မေးငေါ့လိုက်ကာ ..."

ကြီး ။ ။ "သိပ်ပျော်လာလိုက်ကြတာပေါ့လေ။ အိမ်မှာ ထင်တိုင်း မနေရတော့၊ အပြင်ထွက်ပြီး လွတ်လွတ်လပ်လပ် နေကြရအောင် ကုလားဖန်ထိုးလိုက်တာပေါ့ ..."

သောင်း ။ ။ "ဟော့ ... ခင်ခင်ကြီး မင်းကျုပ်ကို ဒီလို မကောင်း မထင်နဲ့နော်။ ကလေးတွေချည်း စိတ်မချတာနဲ့ လမ်းလည်းကြုံနေလို့ ဝင်ကြည့်ခဲ့ပါတယ်လို့ ပြောပါပကော ..."

ကြီး ။ ။ "ဒါက အခုမှ ပြောတာကိုး ဟောဒီဓာတ်ပုံက သက်သေ ခံရလို့ ပေါ်လာရတာ။ တကယ်တမ်း စိတ်ရိုးသဘောရိုးနဲ့ ဝင်ကြည့်လာ ရင် ပြောမှပေါ့။ ခုတော့ လူမသိအောင် တမင်တကာ၊ ခိုးကြောင်ခိုးဝှက် မရိုးသားတဲ့စိတ်နဲ့ လိုက်သွားတာမို့ ကိုယ့်သိက္ခာကိုယ်မလုံလို့ ဖုံးထား တာပဲဟာ၊ ကျုပ်ကပဲ သူတော်ကောင်း မကောင်းထင်သလိုလို မပြော ပါနဲ့ဦး ..."

သောင်း ။ ။ "ကျုပ်မပြောမိတဲ့အတွက် မင်းက အပြစ်တင်တာ လား။ တကယ်လို့ ပြောရင်လည်း မင်းထင်ဦးမှာပဲ မင်းဘယ်လိုထင်ချင်

ပေတဲ့၊ ကျုပ်ကလေးတွေအတွက် စိတ်ပူမိလို့ ရိုးရိုးလိုက်သွားတာ။ ဟိုမှာလည်း လူတွေအများနဲ့ ဘန်ဂလိုမှာဆိုရင်လည်း ကလေးတွေရော အစေခံတွေရောအားလုံးရှိတယ်။ သူတို့ကို မေးကြည့်ပါလား ..."

ကြီး ။ ။ "အို ... မေးကြည့်မှာပဲ စိတ်သာချ။ ရှင်ဟာ လူကြီးတန်မဲ့နဲ့ ခုလိုကလိန်းကလက် မလုပ်ပေဘူးထင်လို့ စိတ်ချနေတာ မရိုးဘူးဆိုတာ သိရတဲ့တစ်နေ့ အမူမဲ့ အမှတ်မဲ့ မနေတော့ဘူး ..."

သောင်း ။ ။ "အေး မနေနဲ့ မနေနဲ့ အမြဲစောင့်ကြည့်နေ။ ငါမဟုတ်တာတွေလုပ်တာ မင်းမြင်ရဦးမှာပေါ့ ..."

ဦးချစ်သောင်းသည် လူရိုးစိတ်တိုဖြစ်လာကာ ကုလားထိုင်ကို ဖြုန်းခနဲ ဆောင့်ဖယ်လျက် အခန်းထဲမှ လှည့်ထွက်သွားလေ၏။

ဒေါ်ခင်ခင်ကြီးမှာ ထိုနေ့မှစ၍ ဦးချစ်သောင်း၏ အနေအထိုင်ကိုသာ အကဲခတ်၍နေလေတော့၏။ ဦးချစ်သောင်းမှာ မိမိသိက္ခာနှင့် ဂုဏ်သရေကို ထိခိုက်မည့် ဇနီးသည်၏ စွပ်စွဲအထင်မှားချက်ကို တွေးမိတိုင်း ရှက်နေရှာ၏။ ဆရာမညွန့်မေကိုလည်း အားနာသနားမိရှာ၏။ ကလေးများအတွက် အလွန်လျှင် "လက်သာ" သော ဆရာမကလေးဖြစ်၍ ဒေါ်ခင်ခင်ကြီး စွပ်စွဲအထင်မှားချက်ကို သိလျှင်၊ ရှက်ရွံ့ ကြောက်လန့်ကာ အလုပ်မှတစ်ခါတည်း ထွက်သွားမည်ကို တွေးတောပူပန်မိလေသေး၏။ သို့ကြောင့် ကလေးများ ပျော်ပျော်ရွှင်ရွှင် နေရှာကြသည်ကို ကြည့်လိုမြင်လိုသလောက် သူတို့ရှိရာ အခန်းသို့ ရှေးအခါကလောက် မသွားဘဲ မိမိအခန်းတွင်သာ အလိုက်ဘာသာ နေလိုက်ရှာတော့၏။

သိစရှိလျှင် သိချင်ချင်ဆိုသလို ဒေါ်ခင်ခင်ကြီးမှာ ကျိုက္ကမီတွင် မည်သို့မည်ပုံနေကြသည်ကို ကလေးများနှင့် အစေခံလင်မယားကို အမှတ်တမဲ့ မသိမသာ အမျိုးမျိုး စစ်တမ်းထုတ်လျက်ရှိ၏။ အစေခံနှင့် ကလေးများမှာလည်း မိမိတို့ မျက်မြင်အတိုင်း ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြ

ပုံကို ရှိုးရှိုးသားသားပင် ပြန်ပြောကြသည်ဖြစ်ရာ အတွေးခေါင်နေသော ဒေါ်ခင်ခင်ကြီးမှာ လှုပ်လေ မြုပ်လေဆိုသလို ကြားရ သိရတိုင်း ပို၍ပို၍ သာ သက်မကင်းဖြစ်လာလေတော့သည်။

နောက်နောက်က ပျောက်ပျောက်ပျက်ပျက် ဖြစ်သွားခဲ့ဖူးသော ထင်ချက်တွေကလည်း တသီတတန်းကြီး ပြန်၍ပေါ်ကာ။ အသစ်ထပ် လောင်းလျက် အသက်သွင်းပေးလိုက်သလို ဖြစ်လာလေ၏။ အထက် အခါက ကပ်မြှောင်ကပ်ပါး အလိုတော်ရိများ၏ စကားသည်လည်း ယခုအခါ ပို၍အရာရောက်လာပြန်လေ၏။ စကားလောကွတ်ချော်ကာ၊ ပဝါဟောင်းလုံချည်ဟောင်းကလေးများ တောင်းခံလေ့ရှိသူ လောကွတ် သယ်တို့မှာလည်း မိမိတို့စကားကို သခင်မကြီးနားဝင်လာမှန်း သိသော အခါ အပိုအမို အသိုင်းအဝိုင်းတွေနှင့် ချဲ့ထွင်ကာ မျက်နှာရသည်ထက် ရအောင် ပြောလာကြလေ၏။ ထိုသို့ ပြောလေလေ ဒေါ်ခင်ခင်ကြီးတွင် အလုံးအခဲနှင့် အစွဲအမြဲကြီးလာလေလေ ဖြစ်တော့၏။

အိမ်ကြီးသို့ အတွင်းကျကျ ထွက်ဝင်သွားလာနေကြသူများသည် အိမ်ရှိအစေခံများနှင့် ရောနှောကာ အိမ်တွင်းရေးများကို စကားကမ်းလှမ်း မိကြရာမှ ထိုသတင်းမှာ အပြင်သို့ ပျံ့နှံ့လာခဲ့၏။ အပြင်မိတ်ဆွေ ဂုဏ် ရည်တူများသည် ယခင်ကလည်း ဦးချစ်သောင်းသည် ဆရာမညွန့်မေ ကို ကလေးများနှင့်အတူ ဂျူဘလီပြပွဲ၊ ကျောင်းကပွဲ၊ ရုပ်ရှင်ပွဲ၊ ကန်တော် ကြီးပွဲတို့၌ မကြာခဏ တွေ့ရသည်တို့နှင့် ရောနှောကာ ဟုတ်ချင်လည်း ဟုတ်မှာပဲဟု ထင်စပြုလာလေသည်။ ဂုဏ်ရည်တူများသည် တစ်ဦး အကြောင်းတစ်ဦး တစ်အိမ်အကြောင်းတစ်အိမ် မြိန်မြိန်ရှက်ရှက် ပြောတတ်ကြသည့်စရိုက်အတိုင်း ဦးချစ်သောင်းနှင့် ညွန့်မေတို့အကြောင်း မှာ ပါးစပ်ပေါက်တိုင်းတွင် လှိုင်းထသလို လှုပ်လှုပ်ရွရွ ဖြစ်လာလေ၏။

နောက်ဆုံး စိတ်ပျက်ဖွယ်သတင်းတစ်ခုကား ကျိုက္ကမိတွင် ဦးချစ်

သောင်းဝင်၍ နှုတ်ဆက်ခဲ့မိသော အရာရှိ အသိမိတ်ဆွေများဖြစ်ကြလေ၏။ အရာရှိ ယောကျ်ားများမှာ အများအားဖြင့် အသောက်သမား၊ အပျော်လိုက်သမားများဖြစ်ကြ၍ မည်သူမည်သို့လုပ်လုပ် အတူတူနှင့် အနူနူချည်းဟု ကိုယ်ချင်းစာကာ။ တစ်စုံတစ်ရာ မပြောသော်လည်း၊ ၎င်းတို့၏ ကတော်များမှာ "အလုပ်မရှိအလုပ်ရှာ" ဆိုသလို တစ်အိမ်နှင့်တစ်အိမ် ကူး၍ ပိုကာဒေါင်းရင်း ... "ဦးချစ်သောင်းကြီးတစ်ယောက်လေ ... သိက္ခာရှိတယ် ... ရိုးတယ်နဲ့ ချီးမွမ်းလို့မှ ပါးစပ်မပိတ်သေးဘူး သူ့အိမ်က ဆရာမကလေး ညွန့်မေနဲ့ အမြဲတွဲလို့ရှင့် ဘယ်နေရာမှ မခွဲဘူး။ ခင်ခင်ကြီးကို အိမ်မှာ ချိတ်ထားခဲ့ပြီး ကျိုက္ခမီ ကမ်းခြေကိုတောင် လာလည်ကြသေးတယ်။ ဟိုကောင်မကလေးကလည်း ကာနယ်ကတော်သာ ဖြစ်ရမယ်ဆိုရင် ဘယ်သူ ဘာပြောပြော ဖြစ်ချင်မှာပဲ ..." ဟု ပြောကြလေရာ။ အိမ်တွင်းမှ လွင့်ထွက်လာသော သတင်းနှင့် အပြင်မှ ဆီးကြိုနေကြသောအဆိုပါ သတင်းနှစ်ရပ် စုပေါင်းမိကာ မမှန်သတင်းမှာ အတော်ကလေး လူပြောများလာလေ၏။ ထိုကိစ္စထဲတွင် ပို၍ကဲသွားစေသော သတင်းမှာ သတင်းထောက်များထံမှ မော်လမြိုင်မြို့ရှိ နာမည်ထင်ရှားသော သူဌေးကြီးတစ်ဦးအား ရန်ကုန်မြို့မှ နာမည်ကျော် ဆရာဝန်ကြီး ကာနယ် ဦးချစ်သောင်းကိုယ်တိုင် လာရောက်ခွဲစိတ်ကုသကြောင်း သတင်းများ ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ကျိုက္ခမီသို့ အပျော် ဘုရားဖူးလာရောက်ကြသူများအကြောင်း ဓာတ်ပုံသတင်းတွင် ... "ကျိုက္ခမီဘုရားတန်ဆောင်းအတွင်း၌ ဘုရားဖူးနေကြသော ကာနယ် ဦးချစ်သောင်း ၎င်း၏ ကလေးများနှင့် ဆရာမကလေးတို့ပုံ ..." ဟူ၍ အထင်အရှားရုပ်ပုံဘလောက်များနှင့် ပါလာသော သတင်းကြောင့် မြစိမ်းစိမ်းဖြစ်နေသော ဦးချစ်သောင်းနှင့် ညွန့်မေတို့သတင်းမှာ တိုင်းသိပြည်သိလို ဖြစ်လာလေတော့၏။

ထိုသို့သော သတင်းအမျိုးမျိုးတို့ကြောင့် အရေးတကြီး မခံမရပ်နိုင်ဖြစ်နေကြသူများမှာ ဒေါ်ခင်ခင်ကြီးနှင့် နီးစပ်သူများ၊ ၎င်း၏ အဆွေအမျိုးများဖြစ်ကြလေရာ။ ထိုသူတို့အထဲတွင် ဒေါ်ခင်ခင်ကြီးမှာ ထူးထူးကဲကဲ မခံမရပ်နိုင်အောင် မိုးမီးလောင်နေသည်နှင့်အမျှ အပူမီးကျ၍နေလေတော့၏။ ဒေါ်ခင်ခင်ကြီး၏ မခံမရပ်နိုင်အောင် တိုင်ကြားချက်များအရ ဒေါ်ခင်ခင်ကြီး၏ဖခင်ဖြစ်သူ ပြည်ထဲရေးဝန်ကြီးဟောင်း ဆာဦးဘိုးဖေကိုယ်တိုင် ဦးချစ်သောင်းထံသို့ ဆွေးနွေးရန် ရောက်လာလေ၏။

*

ဖေ ॥ ॥ "အေး ... လေ ... မောင် သိက္ခာသမာဓိရှိတဲ့လူတစ်ယောက်ဆိုတာ ဦးလည်းသိပါတယ်။ ဒါပေမဲ့ ဦးသမီးကတော့ မိန်းမသားမို့ သူပြော လူပြောတွေနဲ့ အထင်အမြင်မှားပြီး အများကြီး စိတ်မကောင်းဖြစ်နေရှာတယ်။ ဦးဆီကို တငိုငိုတရီရီနဲ့လာပြီး ... "ဖေဖေရဲ့ ... ဖေဖေ့သားကို ပြောစမ်းပါ ..."လို့ နားပူနေလွန်းလို့ မောင့်ကိုလာပြီး အကျိုးအကြောင်း ဆွေးနွေးရတာပဲ ..."

သောင်း ॥ ॥ "ကျွန်တော့် သားကလေး သမီးကလေးတွေကို သူလည်း ဂရုမစိုက်ဘူး။ ဒါကြောင့် သင့်တော်တဲ့ ဆရာမတစ်ယောက်ကို ငှားထားရတာပါ။ သူသာ ဂရုစိုက်တတ်မယ်ဆိုရင် ငှားဖို့ မလိုပါဘူး..."

ဖေ ॥ ॥ "ဒါလည်း မှန်တယ်မောင်။ သို့ပေတဲ့ ခင်ခင်ကြီးဟာ ဦးတို့က ငယ်ငယ်တည်းက ဖူးဖူးမှုတ် အရေးပေးအလိုလိုက်လာခဲ့တဲ့အတွက် အိမ်မှုကိစ္စကို ဘာမှ ပြန်ကြည့်ရကောင်းမှန်း မသိခဲ့တာကိုး။ ဒီတော့ ဦးကျိုးမှ ပဲတိုက်လို့ မရဘူးမောင်ရယ်။ အခု ဦးပြောချင်တာက ဦးသမီး စိတ်ချမ်းသာဖို့ မောင်လည်း မောင့်ဂုဏ်သိက္ခာမထိခိုက်ဖို့ မောင်တို့ လင်မယားလည်း သင့်သင့်မြတ်မြတ် ရှိကြဖို့ပဲ ..."

သောင်း ။ ။ "ဦး ဘယ်လိုစီမံချင်သလဲ။ ဦးစီမံချင်သလို အမိန့်ရှိပါ ..."

ဖေ ။ ။ "မောင်ဟာ ကာနယ်ဦးချစ်သောင်းဆိုတဲ့ ဂုဏ်သရေနဲ့ လိုက်အောင် သိက္ခာသမာဓိနဲ့ တည်ကြည်ရိုးဖြောင့်တဲ့ လူဆိုတာ ဦးကိုယ်တိုင် သိပါတယ်။ သိလို့လည်း မောင့်ကို ကျောင်းသားအရွယ်ကတည်းက ဦးသမီးနဲ့ ကျေကျေနပ်နပ်ကြီး လက်ထပ်ပေးစားထားခဲ့တယ် မဟုတ်လား ... ဒါပေတဲ့ အခုတလော ဒီဆရာမကလေးနဲ့ ပတ်သက်ပြီး မောင့်အဖို့ ဂုဏ်သိက္ခာထိခိုက်နေတဲ့ သတင်းတွေအတော် ကြားနေရတယ်။ အတွင်းရေးမသိတဲ့ လူတွေကလည်း ကြားတဲ့သတင်း စကားတွေကို ယုံကြည်ရမလိုလို ဖြစ်နေတယ်။ ဟိုတစ်လောက ကျိုက္ခမိ သွားလိုက်တဲ့အတွက် မောင်တို့ ရုပ်ပုံတွေ သတင်းစာထဲပါလာပြန်တော့။ အဲဒီသတင်းတွေဟာ သာပြီး ခိုင်မာလာသလို ဖြစ်လာပြန်တယ်။ ခင်ခင်ကြီး စိတ်ထဲမှာ မီးလောင်သလို ဖြစ်နေရတာလည်း ဒီသတင်းတွေကြောင့်ပဲ။ အဲဒီတော့ အခုမောင်က ဘာလုပ်ဖို့လိုသလဲဆိုရင် ဒီဆရာမကလေးကို အလုပ်ထွက်ခိုင်းမှပဲ ဖြစ်လိမ့်မယ် ထင်တယ်။ ကလေးများအတွက်တော့ နောက်မှပဲ ဖြစ်သလို ကြည့်စီစဉ်ရတာပေါ့ ..."

သောင်း ။ ။ "ဦးပြောတာ မှန်ပါတယ်။ ကျွန်တော်လည်း ဦးစကားကို လိုက်နာဝံမယ်။ သို့သော်လည်း ဆရာမကလေးမှာ အပြစ်မရှိပဲနဲ့ ထုတ်ပစ်မယ်ဆိုရင် ကျွန်တော်လူကြီးမပီရာ ကျနေပြန်ပါတယ်..."

ဖေ ။ ။ "မှန်တယ်မောင် မှန်တယ်။ ဒါပေမဲ့ မလွှဲသာတဲ့ကိစ္စက ပေါ်နေတော့ မလုပ်လို့လည်း မဖြစ်ဘူးထင်တယ်။ ဆရာမကလေးကို အလုပ်ကောင်းတဲ့အတွက် ဆုငွေအသင့်အတင့်နဲ့ နာမည်ကောင်း လက်မှတ်တစ်ခုဆုပေးလိုက်တာပေါ့။ မောင်မပြောပါနဲ့ ဒီကိစ္စ ဦးကိုယ်တိုင် အေးချမ်းအောင် စီမံပါမယ်။ ဆရာမကလေးကို ဦးကိုယ်တိုင် အကျိုး

အကြောင်းပြောရတာပေါ့ ..."

ဦးချစ်သောင်းသည် အကြောင်းကြောင်း စဉ်းစားကာ ယောက္ခမဖြစ်သူ ဆာဘိုးဖေ၏ အစီအမံကို သဘောတူ ခေါင်းညိတ်လိုက်ရလေ၏။ စိတ်တွင်ကား ညွန့်မေအပေါ် အထူးအထွေမရှိ ရိုးသားစွာ သနားညှာတာ နေမိသည့်အပြင် ကလေးများအတွက်လည်း အခက်အခဲကြီးတစ်မျိုးတွေ့ရတော့သည်ဟု မျက်နှာ မကြည်မလင် ရှိနေရှာလေ၏။ သို့ရာတွင် ထိုအခက်အခဲများထက် လူသူလေးပါး၏ အထင်မှားခြင်းမခံနိုင်။ တည်တံ့သော မိမိ၏ သိက္ခာသမာဓိဂုဏ်ကို အထိအခိုက် မခံနိုင်အောင်ရှိသဖြင့် တုဏှိဘာဝေ ဆိတ်ဆိတ်သာနေလိုက်ရရှာတော့၏။

*

"ဦးတို့က ဘယ်လိုမှ သဘောမထားဘူး။ ဦးချစ်သောင်းသိက္ခာသမာဓိရှိတာ။ ငါ့တူမကလေး ရိုးဖြောင့်တည်ကြည်တာ အားလုံးသိကြပါတယ်။ သို့သော် လူသူလေးပါး အထင်မှားစရာဖြစ်လာတဲ့ အကြောင်းတွေကြောင့် ဦးချစ်သောင်းလည်း ရှေ့ဆက်လက်ပြီး ဂုဏ်သိက္ခာ မပျက်ရလေအောင် ငါ့တူမကလေးလည်း သူများမကဲ့ရဲ့ရအောင် အလုပ်ကထွက်သွားဖို့ ပြောရတာကိုး။ ဦးတို့က တူမအပေါ် အပြစ်ရှိလို့ ထုတ်ပစ်တာ မဟုတ်ဘူး။ တူမက ထွက်တဲ့အနေနဲ့ ထွက်ပါ။ ဦးတို့က နာမည်ကောင်းလက်မှတ်နဲ့ ခြောက်လတွက်လခကို ဆုအဖြစ်နဲ့ အပိုထုတ်ပေးလိုက်ဦးမယ် ... ဟုတ်လား ... နို့ပြီးတော့ ကလေးတွေကလည်း တူမကိုအတော်ခင်နေရှာကြတယ်။ ငါ့တူမ အလုပ်ထွက်မယ့်အကြောင်း ကလေးတွေ မသိပါစေနဲ့ သူတို့ကို စိတ်မကောင်းဖြစ်ပြီး မကျန်ရစ်ကြရအောင်တော်သလို ကြည့်ပြောမှ ဖြစ်မယ် ..."

ညွန့်မေမှာ မိမိအလုပ်ထွက်ရသည်ထက် ကလေးတွေကို မခွဲရက်

နိုင်အောင် ဖြစ်နေသည့်အတွက် မျက်ရည်များကို အားတင်း၍ တားထား ရလေ၏။ ဆာဘိုးဖေပြောစကားမှာလည်း တရားလမ်းကျနေသည်ဖြစ်ရာ ဤမျှလျော့ကန်သင့်မြတ်နေသော အလုပ်မှ ကြဲကြဲဖန်ဖန် ပြုတ်ရပြန် သည့် မိမိကံကြမ္မာကိုသာ စိတ်နာမိရှာ၏။ စင်စစ်အားဖြင့် မိမိကလည်း ဦးချစ်သောင်းအား မိဘသဖွယ်သဘောထား၍ ဦးချစ်သောင်းကလည်း မိမိအပေါ်တွင် သူ၏ သားသမီးကလေးများနှင့်မခြား တရားသဖြင့် ဖြူစင် စွာ ချစ်ခင်ကြပါလျက် ဤသို့လူသူ အထင်အမြင်မှားခံရအောင် ဖြစ်လာ ရခြင်းမှာ ဒေါ်ခင်ခင်ကြီး ဘက်မညီ၍သာဟု စဉ်းစားကာ ဝမ်းနည်းမိလေ ၏။ အကယ်၍ ဒေါ်ခင်ခင်ကြီးသာ ဦးချစ်သောင်းနှင့်အတူ မိမိအပေါ် တွင် ကြင်နာသနားခြင်း၊ အရေးတယူနှင့် သွားအတူ၊ လာအတူ ရောနှော မိပါက မည်သူမျှ ယခုကဲ့သို့ ထင်မည်မဟုတ်။ ဒေါ်ခင်ခင်ကြီးမပါဘဲ မိမိနှင့် ကလေးများသာ သွားလေရာရာ ဦးချစ်သောင်းနှင့်အတူ တွေ့မြင် နေသော လူတစ်စုမျှ အလွဲထင်မည်ဆိုကလည်း အဆိုးဆိုစရာမရှိအောင် ဖြစ်နေကြောင်း စဉ်းစားမိလေ၏။

သို့နှင့် ညွန့်မေမှာ ဆာဘိုးဖေ၏ အစီအမံကို နာခံပြီး ထုတ်ပေး သောငွေနှင့် လက်မှတ်ကလေးကို ဝမ်းနည်းစွာ လက်ခံလိုက်ရကာ ကလေးတွေ ကျောင်းမပြန်မီ မိမိပစ္စည်းကလေးများကို သိမ်းဆည်း ပြင် ထားပြီးနောက် ညနေကျောင်းဆင်းချိန်ရောက်လျှင် ဟန်မပျက် ကျောင်း သို့ကားနှင့် အကြိုထွက်လာခဲ့ရာ ကျောင်းဆင်းလာသော ကလေးတွေမှာ ထိုနေ့အဖို့ တစ်စုံတစ်ခု ထူးခြားသကဲ့သို့ စက္ကူသေတ္တာကြီးတစ်ခု ပါ လာပြီး မိမိကိုလည်း ပြုံးကာ ပြုံးကာနှင့် ကြည့်ကြသည်ကို တွေ့မြင်ရ သောကြောင့် မစဉ်းစားသာအောင် ဖြစ်ရရှာလေ၏။

❂

# အခန်း [ ၆ ]

အိမ်သို့ ရောက်လျှင် ကလေးများအဖို့ ခါတိုင်းကဲ့သို့ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ပေးပြီးနောက် စိတ်မကောင်းသဖြင့် အခန်းတွင်းတွင် ခဏ ခေတ္တထိုင်နေမိစဉ် အပါ ရှေ့ဆောင်၍ မောင်နှမသုံးယောက် ပြုံးပြုံး ပြုံးပြုံးနှင့် ဝင်ရောက်လာကြသောအခါ ညွန့်မေမှာ ပျက်နေသော မိမိ၏ မျက်နှာကို ကပျာကယာ ပြင်ထားလိုက်ရလေ၏။ အပါကား ထိုနေ့ အဖို့ လူသွက်ကြီးလုပ်ကာ တစ်စုံတစ်ခုသော အမှုကိစ္စကို အောင်မြင်စွာ ပြုလုပ်လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်နေကြသည့် လက္ခဏာနှင့် ရှေ့ဆုံးမှ တပ်ဦးချီဝင်လာလေ၏။

"ချာမ ..." ဟု ခေါ်လိုက်၍ ညွန့်မေက လှည့်ကြည့်လိုက်သော အခါ၊ အပါနှင့်တကွ၊ မေ၊ နယ်လီတို့မှာ တစ်စုံတစ်ခု ပြောမလို ပြုံးပြုံး ကလေးတွေ ရပ်နေကြသည်ကို တွေ့မြင်ရလေ၏။

ညွန့် ။ ။ "ဟင် ... အပါတို့ ဘာလဲကွယ့် ဆရာမကို ဘာပြောမလို့ ဝင်လာကြတာလဲ ..."

ပါ ။ ။ "ပါတို့လေ ... ချာမကို လက်ဆောင်တစ်ခု ပေးချင်လို့..."

မေ ။ ။ "ဟုတ်တယ် ဆရာမ မေတို့ ညီအစ်မ မောင်နှမ သုံးယောက်က ဆရာမကို လက်ဆောင်တစ်ခုပေးဖို့ အခုယူလာပြီ ဟို အခန်းထဲမှာ ထားခဲ့တယ် ဆရာမ လာယူပါ ..."

နယ်လီ ။ ။ "နယ်လီတို့လေ ဆရာမကို "ပရဲဆင်း" လက်ဆောင် တစ်ခုပေးဖို့ အပါလေးရယ်၊ မေရယ်၊ နယ်လီရယ် ကြိတ်ပြီးတိုင်ပင်ထား ပြီးတော့ ဆရာမ မသိအောင် နေ့တိုင်း နေ့တိုင်းရတဲ့ မုန့်ဖိုးထဲက စုလာ လိုက်ကြတာ ကြာလှပြီ။ အဲဒီပိုက်ဆံနဲ့ ဝယ်လာတဲ့လက်ဆောင်ပါပဲ ဆရာမရဲ့ ..."

ညွှန့် ။ ။ "အမယ်လေး ... မင်းတို့လေ ... ဆရာမကို ဒါလောက် တောင်ပဲ ချစ်ကြသလား ... ကဲကဲ ပြောစမ်းပါဦး ဘာများ ဝယ်လာ ကြသလဲ ..."

မေက ပြောမည်လုပ်သောအခါ အပါက ကပျာကယာ "ရှီး" ဟု ဟန့်တားလိုက်ပြီးနောက် ...

"မပြောနဲ့မေ ... မပြောနဲ့ ... တို့တိုင်ပင်ထားတယ်။ ဆရာမ ဖွင့်ကြည့်တော့မှ ဝမ်းသာလိမ့်မယ် ... ကဲကဲ လာပါ ဆရာမ ဟိုအခန်းထဲ စားပွဲပေါ်မှာ တင်ထားပါတယ် ..." ဟုဆိုကာ အပါသည် ညွှန့်မေလက် ကို ဆွဲခေါ်လာလေ၏။ ညွှန့်မေကား ယနေ့ မိမိသွားရတော့မည်ကို မသိရှာသေးသော ကလေးတစ်စုအား သနားစိတ်နှင့် ဝမ်းနည်းစိတ်တို့ ရောကြိတ်ကာ ရင်ထဲသို့ ဆို့တက်လာသောကြောင့် ကလေးများ မရိပ်မိ စေခြင်းငှာ မျက်နှာကို အတော်ဟန်လုပ်၍ လိုက်လာခဲ့ရလေ၏။

ညွှန့်မေသည် စားပွဲအနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်မိသော အခါ မေ၊ နယ်လီနှင့် အပါတို့သည် စားပွဲပေါ်တွင် အသင့်တင်ထားသော စက္ကူသေတ္တာကြီးတစ်ခုကို ထိုး၍ပေးပြီး ဆရာမဖို့ "မေရယ်၊ နယ်လီရယ်၊ အပါရယ် က "ပရဲဆင်း" ပေးပါတယ်။ ယူပါ ဆရာမ ..." ဟု ဆိုကာ

ပေးကြလေ၏။

ညွန့်မေလည်း ကျေနပ်စွာပြုံးလျက် ကလေးများပေးသော လက်ဆောင်ကို လှမ်းလင့်ကာ ယူလေ၏။ ထို့နောက် ပေးသူများ အားရစေခြင်းငှာ ဝမ်းသာသည်ထက်ပိုပြီး ပြုံးရင်းလှပသော စက္ကူသေတ္တာအဖုံးပေါ်တွင် ကြက်သွေးရောင် ဖဲကြိုးစည်းထားသည်ကို စတင်၍ ဖြေလေ၏။ ဖြေရင်း "အင်း ချော့ကလက်တွေ ထင်ရဲ့ ..."ဟု ညွန့်မေက ပြောလိုက်သောအခါ အပါကလေးမှာ သူ၏ အစ်မများဘက်သို့ လှည့်ပြုံးပြီး "မပြောကြနဲ့ ..." ဟု မျက်စိမှိတ်ပြလိုက်ကာ သုံးယောက်သား ကျေနပ်စွာ စောင့်ကြည့်နေကြရာလေ၏။

ညွန့်မေသည် ဖဲကြိုးများကို ဖြေပြီးနောက် စက္ကူသေတ္တာကို ဖွင့်လိုက်ရာ အတွင်းမှာ စက္ကူသေတ္တာငယ်တစ်ခု ပေါ်လာသောကြောင့်၊ "ဟင် ..." ဟုဆိုပြီး ၎င်း စက္ကူသေတ္တာကို တစ်ကြိမ်ထပ်၍ ဖွင့်လိုက်၏။ သို့ရာတွင် အလားတူ စက္ကူသေတ္တာငယ်တစ်ခုကိုသာ တွေ့ရပြန်သောကြောင့် ဒုတိယအကြိမ်မြောက် "ဟင် ..."ဟု ဆိုကာ ကလေးများကို လှမ်းကြည့်လိုက်လျှင် အပါမှာ ဣန္ဒြေမရ။ တခိခိနှင့် ကြိတ်ရယ်နေသည်ကို တွေ့ရလေ၏။ ညွန့်မေလည်း ပြုံးကာ။ "အေး ... မင်းတို့ ဆရာမကို နောက်နေကြပြီထင်တယ် ..." ဟု ပြောလျက် တတိယမြောက် ပေါ်ထွက်လာသော သေတ္တာကလေးကို ဖွင့်လိုက်ပြန်လေ၏။

ဤအကြိမ်တွင်ကား ကတ္တီပါအပြာဖြင့် ပြုလုပ်ထားသည့် လှပသော သေတ္တာကလေးတစ်လုံး ထွက်လာသောကြောင့် ညွန့်မေသည် ကတ္တီပါသေတ္တာကလေးကို အသာအယာ နှိုက်ယူလျက် ကြေးခလုတ်ငယ်ကို နှိပ်၍ဖွင့်လိုက်သောအခါ၊ ဖဲအဖြူပေါ်တွင် လှပစွာတင်ထားသော ရွှေဆွဲကြိုးကလေးတစ်ကုံးဖြစ်နေပြီးလျှင် ရွှေလော့ကက်ဆွဲသီးကလေးတွင် မောင်နှမသုံးယောက်စုရိုက်ထားသော ဓာတ်ပုံအသေးကလေး

တပ်ဆင်ထားသည်ကို တွေ့မြင်ရလေ၏။ စိတ်မကောင်းသော်လည်း ခါတိုင်းကဲ့သို့ ဟန်ဆောင်ပြုံး ပြုံးနေရသော ညွန့်မေမှာ ဆွဲကြိုးကလေးကို မြင်ရသည်နှင့် တစ်ပြိုင်နက် ကလေးများသည် မိမိအပေါ် ဤမျှ စေတနာထားရှာကြသည် ဤမျှ ချစ်ခင်ရှာကြသည်။ လူမမည် အပါကလေးပင် လည်း နေ့ရက်ပေါင်း မြောက်မြားစွာမစားရက်၊ မသောက်ရက် မုန့်ဖိုးမှ ဖဲ့၍ စုဆောင်းပြီး ဤကဲ့သို့ အဖိုးတန်ပစ္စည်းတစ်ခုကို ကျေကျေနပ်နပ် ပေးရှာသည်။ ဤမျှ ချစ်စရာကောင်းသော ကလေးများကို မိမိအဘယ် ကဲ့သို့ ခွဲထွက်သွားရက်ပါမည်နည်းဟု သည်းလှိုက်အူလှိုက် ဝမ်းနည်း ကာ ရတ်တရက် ဟန်မဆောင်သာအောင် မျက်နှာပျက်သွားမိလေ၏။

သို့ရာတွင် ကလေးများမှာ မိမိတို့ အချိန်ကာလကြာမြင့်စွာ စုဆောင်း၍ အမြတ်တနိုးဝယ်ပေးသော လက်ဆောင်အတွက် ဆရာမ မည်မျှ ဝမ်းသာမည်ဟု စောင့်ကြည့်အကဲခတ်နေရှာကြောင်းသိရ၍ အရူး အမူး ဝမ်းသာ ကျေးဇူးတင်ပုံပြ၍ ဆွဲကြိုးကလေးကို အံ့အားသင့်သော မျက်နှာနှင့် ပြုံးကြည့်ကာ ...

"ဟင် ... ရွှေဆွဲကြိုးကလေးပါလား လှလိုက်တာကွယ် အို ... ဒါပေမဲ့ မင်းတို့ ဆရာမကို ဒါလောက် အဖိုးတန်တာကြီး ပေးကြရင်..."

ပါ ။ ။ "ယူပါချာမရယ် ... ဘာကြုလဲ ... ပါတို့ပိုက်ချန်တွေ အများကြီး စုလို့ရတာကို ..."

မေ ။ ။ "ဟုတ်တယ် ဆရာမ၊ မေတို့ ဒက်ဒီပေးတဲ့ မုန့်ဖိုးပိုက်ဆံ တွေကို စုထားတာ ကြာလှပြီ ဆရာမရဲ့ ... နောက်ပိုက်ဆံစုတဲ့ဘူးကို ဖောက်ကြည့်တော့ ပိုက်ဆံတွေ အများကြီး ဖြစ်နေရော ... ဒါနဲ့ ဆရာမဖို့ ဘာဝယ်ရမလဲလို့ စဉ်းစားနေတုန်း ကျောင်းက ဆရာမတွေဆီမှာ လက်ကောက်တွေ ဆွဲကြိုးတွေ လာရောင်းတဲ့ စိန်ကုန်သည် မိန်းမကြီး တစ်ယောက်ဆီက ဒီဆွဲကြိုးကို မေတို့တိုင်ပင်ပြီး ဝယ်လာခဲ့တာပါ။

လော့ကက် ဆွဲပြားထဲက ဓာတ်ပုံကိုတော့ အိမ်ရောက်မှ ထည့်ကြ တယ်..."

နယ်လီ ။ ။ "ကဲ ဆရာမ လည်ပင်းမှာ ဆွဲထားပါ ဆရာမရဲ့..."

ညွှန့်မေသည် ကလေးများ စိတ်ကျေနပ်စေရန် ဆွဲကြိုးကလေးကို နှစ်သက်မြတ်နိုးသော အမူအရာနှင့် ဆွဲဆင်လိုက်ရာ။ ကလေးတွေမှာ အားရဝမ်းသာ လက်ခုပ်ဩဘာပေးလျက် ဆရာမကို ဝိုင်းဖက်ကြရှာလေ၏။ ညွှန့်မေလည်း ကလေးများကျေနပ်လောက်အောင် ရောယောင် ပျော်ကာ အချိန်အတန်ကြာ ဟန်လုပ်၍ နေရရှာလေ၏။ ညွှန့်မေလည်း ကြာလေသည်းလေ ရင်ထဲတွင် ပူပွဲကြီးဆင်လေ ဖြစ်နေရှာတော့၏။ သွားရမည့်အချိန်ကလည်း နီးပြီဖြစ်လေရာ။ ကလေးတွေကို မည်သို့ ကြဲဖန်ပြောရမည်နည်းဟု စိတ်ထဲတွင် စဉ်းစားမရနိုင်အောင် ရှိနေတော့ ၏။ သို့နှင့်လည်း မပြောမပြီးမတီးမမြည်ဆိုသလို ဖြစ်နေရာမှ နောက်ဆုံး တွင် မတတ်သာတော့ဘဲ ကလေးများရှိရာ အခန်းထဲသို့ ဝင်လာခဲ့ရပြန် လေ၏။

"ဟော ဆရာမလာတယ် တို့ကို ပုံပြောမလို့ ထင်တယ်" ဟုဆိုကာ နယ်လီနှင့် အပါသည် အိပ်ရာမှ ကပျာကယာထပြီး ခရီးဦးကြိုပြုကာ နေရာများ ဖယ်ပေးရှာကြသေး၏။ သို့ရာတွင် ကလေးများသည် မိမိတို့ ဆရာမ၏ မကြည်သာလှသော မျက်နှာကို မြင်ရသောအခါ အံ့အားသင့် သလိုနှင့် ငြိမ်သက်စွာ ငေးကြည့်နေမိရာမှ ...

"ဟင် ... ဆရာမ ... ဘာဖြစ်လို့လဲ ... နေမကောင်းဘူးလား..." ဟု ပျာပျာသလဲ မေးကြလေ၏။

ညွှန့် ။ ။ "ဆရာမ ဘာမှမဖြစ်ပါဘူးကွယ်။ ဒါပေမဲ့ ဆရာမလေ မင်းတို့ကို ဒီနေ့ပြောစရာ စကားတစ်ခု ရှိတယ်။ ဒီစကားကို ဆရာမ လည်း မင်းတို့ စိတ်မကောင်းမှာစိုးလို့ မပြောချင်ပါဘူးကွယ်။ သို့ပေတဲ့

မပြောလို့ မဖြစ်ဘူး ...”

မေ ။ ။ “ဘာအကြောင်းလဲ ဆရာမ။ မေတို့ ဆရာမ မကြိုက်တာ ဘာလုပ်မိလို့လဲ ...”

ညွန့် ။ ။ “ဒါကြောင့် မဟုတ်ပါဘူးကွယ်။ ဆရာမရဲ့ ဒုက္ခပါ ဆရာမဟာလေ မင်းတို့ကို သိပ်ချစ်တယ်။ မင်းတို့တစ်တွေနဲ့ နေရတာ သိပ်ပျော်တာပဲ။ မင်းတို့နဲ့ ဆရာမတစ်သက် မခွဲတော့ဘူးလို့ စိတ်ပိုင်း ဖြတ်မိတယ်။ ဆရာမ ကံကမကောင်းချင်တော့ မင်းတို့နဲ့ ခဏခေတ္တ ခွဲခွာရမယ့် အကြောင်းတစ်ခု ပေါ်လာပြီကွယ်တို့ ...

ကလေးများသည် ရုတ်ခနဲ မျက်နှာကလေးတွေ ကိုယ်စီပျက်သွား ကြသည်ကို ညွန့်မေမြင်ရ၏။ ထိုအထဲတွင် အပါကလေးမူကား။ မျက်နှာပျက်ရုံမက။ မျက်ရည်စကလေးများပါ ဝိုင်းလည်လာပြီးလျှင် ဆရာမ၏ ရင်ခွင်ထက်သို့ ဖွတ်တက်၍ ထိုင်တော့ကာ မေးကလေးကိုင် လိုက် ပါးကလေးကိုင်လိုက် ညွန့်မေ၏ ဖြူဖွေးကြော့ရှင်းသော လည် တိုင်ကလေးကို ဖက်၍ “ဟင် ... ချာမ့ ဘယ်သွားမှာလဲ၊ ပါတို့နဲ့ မနေ တော့ဘူးလား ချာမရယ် ...” ဟု မေးပြီး အကြီးနှစ်ယောက်ဖြစ်သော မေနှင့် နယ်လီတို့မှာလည်း မျက်လုံးအိမ်ကလေးများ နီလာကာ ဆရာမ ပြောမည့်စကားကို စောင့်စား၍မျှ မနေနိုင်ရှာကြဘဲ ...

“ဟင် ... ဆရာမ မေတို့ နယ်လီတို့နဲ့ ဘာဖြစ်လို့ ခဏခွဲရမှာလဲ ဆရာမရယ် ...” ဟု ညိုးငယ်စိုးရိမ်စွာ မေးကြရှာလေ၏။

“တခြားကြောင့် မဟုတ်ဘူးကွယ်။ ဆရာမရဲ့ အဒေါ်ကြီးတစ် ယောက် မကျန်းမမာဖြစ်ပြီး ရန်ကုန်မှာ ဆေးစားဖို့လာနေတယ်။ သူ့မှာ လည်း သားသမီးဆိုလို့ တစ်ယောက်မှမရှိရှာဘူး။ ဒါကြောင့် ဆရာမ သူ့ကိုသွားပြီးပြုစုရလိမ့်မယ်။ နောက် ကျန်းကျန်းမာမာရှိလာတဲ့ အခါမှ ဆရာမပြန်လာမယ်နော် ...”

"ဟင် ... ဆရာမ ဒေါ်ဒေါ်ကို ဒီအိမ်ခေါ်ထားပါလားလို့ ဆရာမ မသွားပါနဲ့ဆရာမရယ်။ ဆရာမ မရှိရင် အပါလေးရော၊ မေတို့ နယ်လီတို့ရော သိပ်အောက်မေ့နေမှာပေါ့ ..."

"ဆရာမကလည်း မသွားချင်ပါဘူးကွယ်။ ဒါပေမဲ့လို့ မသွားရင် မဖြစ်တဲ့အတွက် သွားရမှာပါ ..."

ညွန့်မေသည် ပြောရင်းပင် ဟန်မဆောင်နိုင်တော့ဘဲ မျက်ရည်တွေဝဲလာတော့ရာ ကလေးများမှာ ဝမ်းနည်းလှိုက်လှဲစွာ ငိုရှာကြလေ၏။

"မငိုပါနဲ့ အပါတို့၊ မေတို့ရယ် နောက်တော့ ဆရာမ ပြန်လာမှာပေါ့ ..."

"ဆရာမ ဘယ်တော့သွားရမှာလဲ ..."

"အခု ညပဲ နေရာရွှေ့ရလိမ့်မယ်ကွယ့် ..."

"ဒက်ဒီတို့ မာမီတို့ကို ပြောပြီးပြီလား ..."

"အင်း ... သူတို့ကို ဆရာမသွားဖို့အကြောင်း ခွင့်တောင်းပြီးပါပြီ..."

"ဆရာမကလည်း သွားခါနီးမှ ကပ်ပြောတယ်နော်။ နယ်လီတို့ ဆရာမ မရှိရင် သိပ်လွမ်းနေမှာပဲ ..."

ဆရာမကလည်း မင်းတို့ကို နည်းနည်းမှ မခွဲချင်ပါဘူးကွယ်။ ကဲ အချိန်လည်းနီးနေပြီ။ သွားမှပဲ ဖြစ်မယ် ..."

ထို့နောက် ဆရာမ ညွန့်မေသည် ကလေးများကို ချော့မော့နှစ်သိမ့်စေပြီးလျှင် မိမိပစ္စည်းကလေးများကို အစေခံများ အသင့်ခေါ်ယူပေးထားသော တက္ကစီကားပေါ်သို့ တင်၍ပြီးစီးသောအခါ အပါ၊ မေ၊ နယ်လီစသည်တို့ကို ချစ်ခင်ယုယစွာ မျက်ရည်စက်လက်နှင့် ဖက်ပွေ့နမ်းရှုပ်၍ နှုတ်ဆက်ကာ တစ်ဖန် ကလေးများ ခြံရံလျက် ဦးချစ်သောင်း ဒေါ်ခင်ခင်ကြီးတို့အား နှုတ်ခွန်းဆက်ရန် လာခဲ့ရာ၊ ဦးချစ်သောင်းနှင့် ဒေါ်ခင်ခင်

ကြီးမှာ ဆာဘိုးဖေအိမ်သို့ သွားနေကြခိုက်ဖြစ်သောကြောင့် နှုတ်ခွန်းမဆက်ရဘဲ ကလေးများကိုသာ မှာထားပြောဆို၍ မျက်ရည်စက်လက်နှင့် ခွဲခွာခဲ့ရသည်ဖြစ်ရာ ကျန်ရစ်ရှာသော ကလေးများမှာလည်း ဆင်ဝင်အောက်မှ ဝမ်းနည်းလှိုက်လှဲစွာ ငိုရှိုက်ရင်း မိမိတို့ ဆရာမ၏ ကားမီးရောင်ကလေး ပျောက်ကွယ်သွားသည်အထိ မျှော်ငေးကျန်ရစ်ရှာကြလေ၏။

*

ဦးချစ်သောင်းကား စိတ်ထားဖြူစင်စွာနှင့် ကလေးများကို အကြောင်းပြု၍ ဆရာမကလေး ညွန့်မေကို သားလို သမီးလို စိတ်ထားကာ ပြုမူနေထိုင်ခဲ့သည်ကို မိမိဇနီး ဒေါ်ခင်ခင်ကြီးကိုက အစပြု၍ အထင်လွဲမှားမှုကြောင့် တစ်စထက်တစ်စ အပြင်အပ လူများကပါ အထင်လွဲလာကြကြောင်း ယောက္ခမကြီးထံမှတစ်ဆင့် ကြားသိရသည့် အချိန်ကစပြီး ကလေးများအဖို့ ငဲ့ညှာမှုကို ဥပက္ခာပြုလိုက်ရတော့ကာ မိမိဂုဏ်သိက္ခာထိခိုက်နေခြင်းမှ ကာကွယ်မိစေခြင်းငှာ ရှေးအထက်ကာရီက ဝါဒချင်းမတူသော မိမိဇနီး ဒေါ်ခင်ခင်ကြီးနှင့် ဘယ်သို့သော ပွဲလမ်းသဘင်နှင့် မင်းပွဲစိုးပွဲသို့မျှ အတူတွဲ၍ မသွားခဲ့ဖူးသော်ငြားလည်း ယခုအခါတွင် အများ၏ အထင်အမြင်မှားချက်ကို ချေဖျက်လိုသော ဆန္ဒကြောင့် ဇနီးမောင်နှံတွဲကာ တွဲကာ စိတ်မပါဘဲနှင့်ပင် တမင်ဇွတ်နှစ်ကာ သွားလာသမှုပြု၍ နေခဲ့လေ၏။

မေ၊ နယ်လီ၊ အပါစသော ကလေးများကား ဆရာမညွန့်မေ သွားသည့်နေ့ကစ၍ တ တတ တ သသနှင့် ဆရာမပြန်လာမည့်ရက်တွေကို လက်ရေချိုးတွက်နေရှာကြလေ၏။ တစ်နေ့ဝင် တစ်နေ့ထွက် ကျောင်းတွင် အတန်းတက်နေသည့် အချိန်မှတစ်ပါး မောင်နှမတစ်စုမှာ ဆရာမ

ညွှန့်မေအကြောင်းကိုသာ ပြောဆိုတမ်းတနေကြရှာတော့၏။ မကြာမကြာလည်း ဖခင်ဖြစ်သူအား မိမိတို့ဆရာမကလေး ပြန်မလာသေးဘူးလား၊ မြန်မြန်ပြန်လာရန် စာရေးခေါ်ပေးပါဟု ပူဆာကြသည်ဖြစ်ရာ ဦးချစ်သောင်းမှာ သင့်သလို ကြည့်ရှုဖျောင်းဖျထားရရှာလေ၏။ သို့ရာတွင် ကလေးများမှာ မကျေချမ်းနိုင်။ ယခင်ကကဲ့သို့ ဂရုစိုက်၍ ပိုက်ပိုက်ထုပ်ထုပ် ကြည့်ရှုမည့်သူ မရှိတိုင်းလည်း ဆရာမ ညွှန့်မေကို လွမ်းစမပြေနိုင်အောင် ရှိနေရှာကြ၏။ အကြီးနှစ်ယောက်မှာ တစ်ခါတစ်ရံ ပျောက်ပျောက်ပျက်ပျက် နေနိုင်ကြသေးသော်လည်း အငယ်ဆုံးကလေး အပါမူကား။ ဆရာမညွှန့်မေ သွားပြီးသည့်နောက် တငိုငို တ တတနှင့် နေရာမှ မကြာမီပင် လွမ်းဖျားလွမ်းနာကျကာ နေထိုင်မကောင်း ဖြစ်လာပြီး တစ်စတစ်စနှင့် အိပ်ရာထဲမှ မထနိုင်အောင်လဲနေရှာလေ၏။ ယခင်က တုတ်တုတ်ဝဝ ရယ်လိုက်လျှင် ပါးစုံ့ကလေးဖောင်းထသော အပါကလေးမှာ ပိန့်ချည့်ချည့်ညှောင်နာနာကလေး ဖြစ်လာလေ၏။

ဒေါ်ခင်ခင်ကြီးမှာ ကလေးများ နေထိုင်မကောင်းသည့်အခါ မိခင်ပွေ့ချီထားသည်ထက် ဆေးဝါးအဆက်မပြတ်တိုက်ကျွေးနေသည်က ဝေဒနာအမြန်ပျောက်နိုင်သည်ဟု ယူဆကာ အစေခံမိန်းကလေးများကို အချိန်နာရီပိုင်းလျက် ဆေးတိုက်ခိုင်းထားခြင်းဖြင့် ရောင့်ရဲတင်းတိမ်၍ နေမိသည် တစ်ကြောင်း။ ကလေး၏ ဖခင်မှာ နာမည်ကျော် ဆရာဝန်ကြီး တစ်ဦးဖြစ်သောကြောင့် မိမိက အထူးအထွေ စွက်ဖက်နေရန်မလိုဟု အယူရှိသည်တစ်ကြောင်းကြောင့် ခါတိုင်းကဲ့သို့ပင် အလိုက်ဘာသာ နေမြဲနေလေရာ။ ဦးချစ်သောင်းသာလျှင် သားကလေး အပါ၏ အနီးတွင် ပြုစုစောင့်ကြပ်၍ နေရလေတော့၏။

ဦးချစ်သောင်းမှာ အလုပ်တာဝန်ကြီးကို ထမ်းနေရသူ ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်၍ နေ့အချိန်တွင် အပါကို ကောင်းစွာ မကြည့်ရှုနိုင်သော်လည်း

ညဥ့်အခါတွင် သားကလေးအနီးမှာ မအိပ်မနေ စောင့်ထိုင်အကဲခတ် ပြုစုနေလေရာ။ အပါမှာ ဆရာမညွှန့်မေ၏ အမည်ကိုသာလျှင် အခါခါ တမ်းတယောင်ရမ်းနေရှာသည်ကို ကြားသိရလျှင် ဦးချစ်သောင်းမှာ သားကလေးအတွက် စိတ်မကောင်းနိုင်အောင် ရှိနေတော့၏။

ဆရာမကလေး ညွှန့်မေရှိစဉ်အခါများကမူ ယခုကဲ့သို့ အပါ ကလေး နေထိုင်မကောင်းသောအခါမျိုး၌ ယခု မိမိ မအိပ်မနေ စောင့် ရှောက်နေသည်နှင့်မခြား။ ပြုစုစောင့်ရှောက်နေတတ်ရှာခြင်းများကိုသွား၍ ထင်မြင်မိလေ၏။ ညွှန့်မေမှာ ကလေးအပေါ်တွင် မည်သည့် ရေစက်ဟု မသိ။ အတော်ပင် ချစ်ခင်ကြသည့်အတိုင်း အပါ နေထိုင်မကောင်းလျှင် လက်ပေါ်က မချ။ အမျိုးမျိုး ယုယချော့တတ်နေရှာလျက် မည်သူမျှ ချော့၍မရသော အပါမှာလည်း ဆရာမညွှန့်မေပြောလျှင် ဘုရားဟော ကဲ့သို့ နားဝင်ချော၍ သဘောတွေ့တတ်ရှာသည်များကို စဉ်းစားကာ ရိုးသားသော ဆရာမကလေး ညွှန့်မေကိုလည်း သနား၍ မပြီးနိုင်အောင် ရှိခဲ့လေ၏။

မိမိမှာ ဆရာဝန်ကြီးတစ်ဦးဖြစ်သည့်အတိုင်း၊ အပါ၏ ရောဂါကို အကျွမ်းမခံဘဲ တစ်စထက်တစ်စ သက်သာရာရလေအောင် ဂရုစိုက် ကုသနေရရှာလေ၏။ ထိုအထဲကပင် အပါကလေးမှာ သတိရလာသော အခါတိုင်း "ဆရာမ ဆရာမ မလာသေးဘူးလား ... ဒက်ဒီ ပါ့ ဆရာမ ခေါ်ပေးပါ ..." ဟု ညောင်နာနာသံကလေးနှင့် ပူဆာနေရှာလျှင်။ ဦးချစ် သောင်းမှာ အပါအား "အပါ ကျန်းမာလာလျှင် ဆရာမရှိရာသို့ လိုက်ခေါ် မည့်အကြောင်း" ဖျောင်းဖျ ချော့မော့၍ စိတ်ပျော်စေသည်တွင်မှ အပါမှာ စိတ်အားထက်သန်ကာ ဆေးများကို ကြိုးစား၍ သောက်ရှာတော့၏။ အပါ၏ ဝေဒနာမှာ စိတ်နှင့်ယှဉ်သော ဝေဒနာဖြစ်လေရာ။ ထိုဝေဒနာ အဖို့ စိတ်ကိုမျှော်လင့်ချက်ပေး၍ ပျော်ရွှင်အားတက်လာအောင် ကုသခြင်း

ဖြင့်ပင် တစ်စတစ်စ ဝေဒနာမှ သက်သာရာရခဲ့လေ၏။

သို့ရာတွင် ဦးချစ်သောင်းမှာ အပ့်အပေါ်တွင် ထားခဲ့သည့် ကတိအတိုင်း အပါကလေးကလည်း ထူထူထောင်ထောင်ရှိလာသောအခါ ဆရာမ ညွန့်မေကိုသာ ခေါ်ပေးရန် ပူဆာနေပြန်ရကား။ ဦးချစ်သောင်းလည်း အကြောင်းအမျိုးမျိုးပြကာ အချိန်ဆွဲ၍ လာခဲ့ရပြန်တော့၏။ ဒေါ်ခင်ခင်ကြီးမှာ အပါ မည်သို့သော အကြောင်းဖြင့် ကျန်းမာလာစေသည်ဟု မသိရှိခဲ့ပေ။ တစ်ခါတစ်ရံ ဦးချစ်သောင်းအား အပါက ဆရာမကို ခေါ်ပေးရန် ပူဆာနေသည်ကို နားစွန်နားဖျားကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ခက်ထန်သော မျက်နှာထားကြီးနှင့် လှမ်း၍ ကြည့်လိုက်ပြီး ... "ဘာလဲ ... ဒီကောင်ကလေးက နေရာရှာလို့ ဘာလို့ ခေါ်ပေးရမှာလဲ ... နောက်ပြောသံကြားရရင် နင်သေဖို့ပြင် ..." ဟု မာန်မဲလိုက်သောအခါ။ အပါမှာ ငိုမဲ့မဲ့နှင့် ထွက်လာခဲ့ရရှာတော့၏။

မေနှင့် နယ်လီတို့မှာမူကား။ အနည်းငယ် လူလားမြောက်၍ သိတတ်သောအရွယ်ဖြစ်သဖြင့် ဆရာမကလေး ညွန့်မေကို မိမိတို့ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ကြီးက အလိုမရှိသဖြင့် အလုပ်မှ ထွက်သွားရကြောင်း အခိုင်းအစေများထံမှ ရိုးတိုးရိပ်တိပ် ကြားသိစပြုရလျှင်။ ပွင့်ပွင့်လင်းလင်း မပူဆာဝံ့ရှာသော်လည်း ညီအစ်မနှစ်ယောက်မှာ မကြာခဏ ခေါင်းချင်းဆိုင်လျက် ဆရာမကလေးပြန်လာရတော့မည် မထင်ကြောင်း မိမိတို့ ဒက်ဒီက ထားလိုသော်လည်း မိခင်က မကျေနပ်သဖြင့် နောက်ထပ် ပြန်ခေါ်ရတော့မည် မဟုတ်ကြောင်း ပြောဆိုဆွေးနွေးကာ မျက်ရည်ကလေးများ တလည်လည်ဖြစ်နေတတ်ကြရှာပြီးလျှင်။ မောင်ကလေး အပါမှူကား မိမိတို့ သိသလောက် ဖွင့်ပြောရမည်ကို သနားသဖြင့် အရိပ်အငွေ့မျှ မပြောကြားဘဲ သိုသိပ်ကာထားလိုက်ရှာကြလေ၏။

သို့နှင့် ကျောင်းသွားကျောင်းပြန်အခါများတွင် နယ်လီနှင့် မေ

တို့သည် မိမိတို့ ဆရာမကလေးကို တွေ့လိုတွေ့ငြား ဆိုသလို လမ်းဘေးရှိ အိမ်များရှိရာသို့လှည့်ကာ မျက်စိဂနာမငြိမ်အောင် ကားပေါ်မှ ရှာဖွေကြည့်ရှုသွားတတ်ကြလေ၏။ မိခင်ဖြစ်သူနှင့် မောင်ကလေးအပါ၏ ကွယ်ရာတွင် ဖခင်ဖြစ်သူနှင့် တွေ့ကြသောအခါမျိုးများတွင်လည်း "ဒက်ဒီရယ် ... မေတို့ဆရာမကလေးကို ပြန်မခေါ်တော့ဘူးလား ... မာမီက မခေါ်ရဘူးတဲ့လား ... မေတို့တော့ ဆရာမလေးကို သိပ်အောက်မေ့တာပဲ ဒက်ဒီရယ် ..." ဟု မျက်နှာ ညှိုးငယ်စွာနှင့် ပြောရာကြလျှင် ဖခင်ကြီးမှာလည်း သမီးကလေးများကို သနားကြင်နာစွာနှင့် "အေးကွယ် ... ဒက်ဒီကတော့ ခေါ်ပေးချင်ပါတယ် ... ဒါပေမဲ့ သမီးတို့ မာမီက ဆရာမကို သဘောမကျဘူး မလိုချင်ဘူးလို့ ပြောနေတယ်။ ဒီတော့ သူမကြိုက်တာကို ဒက်ဒီအတိုက်အခံ လုပ်နေရင် မင်းတို့ မာမီနဲ့ ခဏခဏ စကားများနေရမှာပဲ ..." ဟု ပြောမိသောအခါ နယ်လီနှင့် မေတို့မှာ မကျေမနပ်နှင့် ... "ဒီ မာမီကလဲနော် ... ဆရာမကို ဘာပြုလို့ သဘောမကျရတာတဲ့လဲ။ မေတို့ . ဆရာမလောက် ကောင်းတာ ဒီကမ္ဘာပေါ်မှာ ရှိတောင်ရှိမယ် မထင်ဘူး ... ပြောစမ်းပါ ဒက်ဒီရဲ့ ... မာမီက ဘာပြုလို့ ဆရာမကို သဘောမကျရတာတုန်း ..." ဟု ထပ်မံမေးမြန်းနေကြသောအခါ ဦးချစ်သောင်းမှာ အဖြေရခက်လာသည်နှင့်... "မသိပါဘူး သမီးရယ် ... မင်းတို့ မာမီက လူတစ်ယောက်ကို သူ့စိတ်နဲ့ နည်းနည်းမတွေ့ရင် ဒီလူဟာ ဘယ်လိုပဲ ကောင်းနေပေစေ သဘောမကျတတ်ဘူး သမီးရဲ့ ..." ဟု တော်သလိုပြော၍ စကားကြောဖြတ်ပစ်လိုက်တတ်သောကြောင့် မေနှင့် နယ်လီတို့မှာ မိမိတို့ ဆရာမအပေါ်၌ ဒေါ်ခင်ခင်ကြီး မကျေနပ်သော ပြဿနာကို ရှင်းလင်းပြတ်သားစွာ မသိနိုင်အောင် ရှိနေရှာကြလေတော့၏။

❂

# အခန်း [ ၇ ]

ဆရာမကလေး ညွန့်မေအဖို့မှာလည်း ကလေးများ နည်းတူ တလွမ်းလွမ်း တ တတနှင့် စိတ်လက်မချမ်းမြေ့နိုင်အောင် ရှိခဲ့ရှာတော့၏။ ဦးချစ်သောင်းအိမ်မှ ခွဲခွာ ဆင်းလာခဲ့ရသည့် အချိန်မှစ၍ သွေးသားအရင်းတမျှ ချစ်ခင်လှသော အပါကလေးနှင့် တကွ၊ မေ၊ နယ်လီတို့၏ မျက်နှာတို့ကိုသာ ကွက်ကာ ကွက်ကာ ထင်မြင်လျက်ရှိပြီး နေမထိ၊ ထိုင်မထိကြီး ဖြစ်ရရှာလေတော့၏။ မိမိသည် ကလေးများ စိတ်မကောင်းမည်စိုး၍ အပြီးအပြတ် ခွဲခွာထွက်လာသည်ဟု အသိမပေးဘဲ မကြာမီ ပြန်လာမယောင်ယောင် ပရိယာယ်ဆောင်ခဲ့ခြင်းအတွက် ကလေးများမှာ မိမိအား တမျှော်မျှော်နှင့် ရှိနေရှာကြမည်။ ပြန်ချိန်တန်လောက်၍မှ မရောက်လာလျှင် အကြီးမကလေးများထက် အပါကလေးမှာ မနေသာ မထိုင်သာအောင် လွမ်းနာကျနေရှာမည်ဟု အလီလီတွေးမိသောအခါ သနားစိတ်နှင့် မျက်ရည်ကလေး တလည်လည်ရှိခဲ့လေ၏။ သို့နှင့် တစ်ခါတစ်ခါလည်း မိမိစိတ်မကောင်းခြင်းမှ သက်သာရာ ရစိမ့်သောငှာ "ဟယ် ... ကလေးတွေပဲ သူတို့ ငါ့အပေါ် ဒါလောက် စွဲစွဲမြဲမြဲ သတိရနေ

မယ် မဟုတ်ပါဘူး။ မီးဝေးချိပ်မှာ ဆိုသလို မမြင်တာ ကြာရင်တဖြည်းဖြည်း မေ့ပျောက်သွားရှာကြမှာပါ။ ခုလောက်ရှိ ငါ့ကို သတိရချင်မှ ရတော့မယ် ..." ဟု ရသေ့စိတ်ဖြေသဘောနှင့် ပေါ့ပေါ့ဆဆတွေးတော ပစ်လိုက်လေ၏။

ညွန့်မေသည် ဦးချစ်သောင်းအိမ်မှ ထွက်ခွာလာခဲ့ရသည့်နောက်။ ထားဝယ်မြို့သို့ ပြန်ရန်မှာလည်း ထိုမြို့မှာ မိမိဇာတိရပ်ဌာန်မဟုတ်သောကြောင့် ပြန်လိုစိတ်မရှိ။ အခြားအလုပ်တစ်ခုခု ရှာဖွေလုပ်ကိုင်ရန်မှာလည်း ရန်ကုန်ထက်အလုပ်တွေ့လွယ်သော ဌာန မရှိသဖြင့် မိမိအဖို့ ပါလာသော ငွေကလေးနှင့်ပင် အခန်းတစ်ခု ငှားရမ်းနေထိုင်ခဲ့ရလေ၏။ အလုပ်မှ ထွက်လာစ လေးငါးလမှာမူ စိတ်ကလည်းမကောင်း ကလေးများကိုလည်း လွမ်းဆွတ်သတိရနေခြင်း အလုပ်တွင် စိတ်မဝင်စားနိုင်ဘဲ အိမ်ထဲမှာသာ စိတ်ရှုပ်ရှုပ်နှင့် ကုတ်ကာနေခဲ့မိလေ၏။

သို့နှင့် လေးငါးခြောက်လ ထိုင်စားနေသောကြောင့်လည်း ပါခဲ့သမျှ ငွေကလေးများမှာ တစ်စတစ်စ အိမ်လခ၊ စားစရိတ်တို့နှင့် ကုန်ခမ်းသွားခဲ့ရာ။ ထိုမှ နောက်နေ့ နောက်လများအဖို့မူ အိမ်စရိတ်နှင့် စားစရိတ်များမှာ မိမိစုဆောင်းဝယ်ခြမ်းထားသော လက်ဝတ်လက်စားကလေးများကို ထုခွဲ၍ အသုံးပြုရတော့၏။ ဤသည်တွင်လည်း ရှေ့အဖို့ အလုပ်မလုပ်ဘဲ ဆက်လက်နေထိုင်ဖို့ ခက်ခဲလာကြောင်း သိရသဖြင့် မိမိတတ်စွမ်းသည့်ပညာဖြင့် ကျောင်းဆရာမ အလုပ်ကလေးများကို လိုက်လံစုံစမ်းခဲ့ရလေ၏။

သို့ရာတွင် အလုပ်အကိုင် ရှားပါး၍ ပညာတတ်တွေများနေသောခေတ်တွင် တစ်ခါတစ်ရံ ကံအားလျော်စွာ လစ်လပ်သော နေရာကလေး တစ်ခုတလေ ပေါ်ပေါက်လာလျှင်လည်း နီးရာစားနှင့် လက်သင့်ရာတွေသာ အစွမ်းကောင်း၍ သွားသောကြောင့် ညွန့်မေကဲ့သို့ ရိုးရိုးသားသား

အသိအကျွမ်း အထောက်အခံ မရှိသလောက်ရှားပါးသော မိန်းကလေးမျိုးမှာ လျှောက်လွှာကို တော်ရာထိုးအထားခံရသည်သာ များသဖြင့် အလုပ်နှင့် မျက်နှာချင်းဆိုင်ခွင့်မရှိတော့ဘဲ။ လျှောက်လွှာစက္ကူဖိုးနှင့် ခရီးစရိတ်ချေမှုတို့ဖြင့် စရိတ်ကုန် လူပန်းဖြစ်နေရလေ၏။

တစ်စတစ်စနှင့် ရှိသမျှကလေးများ လုံးပါးပါး၍လာသောကြောင့် နှစ်ဆယ်အစိတ်တန် အခန်းကလေးကိုလည်း ငှား၍ မနေနိုင်တော့ဘဲ ကျောက်မြောင်းရပ်ရှိ အဒေါ်ကြီးတစ်ဦးပိုင် တစ်ထပ်အိမ်အခန်းငယ်တစ်ခုကို ဈေးချောင်ချောင်နှင့် သင့်လျော်အောင် ငှားရမ်းနေထိုင်ခဲ့ရလျက် အလုပ်ကိုလည်း အဆက်မပြတ် အရေးတကြီး လိုက်လံရှာဖွေရင်း နေ့ရက်တွေ ကုန်ဆုံးလာခဲ့လေ၏။

*

တစ်နေ့သ၌ ညနေစောင်း ကျောင်းပြန်လာသောအချိန်တွင် အိမ်ရှေ့ ပန်းခြံထဲတွင် အညောင်းပြေလမ်းလျှောက်နေသော ဖခင်ကြီး ဦးချစ်သောင်းအနီးသို့ မေတို့ မောင်နှမတစ်စု အရေးတကြီး ပြေးလာကြသောကြောင့် ဦးချစ်သောင်းလည်း လမ်းလျှောက်မှုကို ခေတ္တရပ်ဆိုင်းပြီး သမီးကလေးများပြောမည့် စကားကို စောင့်စားလျက်ရှိလေ၏။

မေ ။ ။ "ဒက်ဒီရေ ... မေတို့လေ ... ဆရာမနေတဲ့ နေရာကို သိခဲ့ပြီ ဒက်ဒီရဲ့ ... ဆရာမလေ ... အခု အလုပ်လည်းမရှိရှာဘူး။ သိပ်သနားစရာကောင်းတာပဲ ဒက်ဒီရယ် ... မေတို့ ဆရာမကို သွားတွေ့ချင်လိုက်တာ ... ဒက်ဒီ လိုက်ပို့ပါလား ဒက်ဒီရယ် ..."

နယ်လီ ။ ။ "ဟုတ်တယ် ... ဒက်ဒီရယ်၊ နယ်လီတို့ရယ် ဆရာမကို သွားကြည့်ရအောင် လိုက်ပို့ပါ ဒက်ဒီရဲ့ ..."

သောင်း ။ ။ "အော် ... ဟုတ်ကဲ့လား။ ငါ့သမီးများ ဘယ်က

သိလာကြသလဲ။ ဆရာမလေးဟာ ထားဝယ်ကို ပြန်သွားရရှာတယ် မဟုတ်လား ..."

မေ ။ ။ "မပြန်ဘူး ဒက်ဒီ။ မေတို့ သူနေတဲ့လမ်းနဲ့ အိမ်နံပါတ်ကို ကျောင်းက ဆရာမပြောလို့ သိခဲ့ရတယ်။ ကျောက်မြောင်း (...) လမ်း၊ အိမ်နံပါတ် (...) မှာတဲ့။ သူ့ခမျာ အလုပ်မရှိရှာလို့ မေတို့ကျောင်းမှာ ဆရာမ အလုပ်လုပ်ဖို့ လျှောက်လွှာပို့လိုက်တယ်။ အဲဒီလျှောက်လွှာထဲမှာ ဒက်ဒီဆီမှာ ... အလုပ်လုပ်ခဲ့ဖူးတဲ့အကြောင်း ... နာမည်ကောင်း လက်မှတ်ပါ လျှောက်လွှာနဲ့အတူ ပို့လိုက်တဲ့ အတွက် ဆရာမကြီးက မေတို့ကို ပြောပြလို့ သိခဲ့ရတယ် ... ဒက်ဒီရဲ့ ..."

နယ်လီ ။ ။ "နယ်လီတော့ ဆရာမ လျှောက်လွှာထဲက လိပ်စာကို မေ့သွားမှာစိုးလို့ တစ်ခါတည်း စာနဲ့ရေးပြီး မှတ်လာခဲ့တယ် ... သွားရအောင် လာပါ ဒက်ဒီရယ် ... လိုက်ပို့ပါ ..."

ထိုလူစုတွင် အပါလည်း ပါဝင်သူတစ်ယောက်ဖြစ်ရုံမက ဆရာမကို အစ်မများထက် ပို၍တွေ့မြင်လိုရှာသောကြောင့် ဦးချစ်သောင်းအား အရေးတကြီး လိုက်ပို့ရန် နားပူလေတော့၏။

သောင်း ။ ။ "အေး ... အေး ... ဒါဖြင့် လိုက်ပို့မယ် ... သွား အဝတ်အစားလဲချည်ကြ ..."

ထို့နောက် ဦးချစ်သောင်းသည် ကလေးများ၏ အလိုဆန္ဒကို လိုက်လျောကာ ကျောက်မြောင်းရပ် ကျဉ်းမြောင်းစုတ်ချာသော လမ်းကလေး တစ်ခုထဲသို့ မှန်ကားကြီးတစ်စင်းနှင့် ဆိုက်ရောက်လာသည် ဖြစ်ရာ။ အပါမှာ သူ၏ ဆရာမကလေးစားရန် မိမိအတွက် လက်ဆောင်ရထားသော ချောကလက်၊ သကြားလုံးနှင့် တော်ဖီများကို စက္ကူအိတ်ကလေးတစ်ခုနှင့် ထည့်ယူလာပြီး မေနှင့် နယ်လီတို့လည်း အသီးသီးသော လက်ဆောင်ကလေးတွေ ကိုယ်စီကိုယ်ငသယ်ပိုး၍လာခဲ့ကြလေ

၏။

ညွန့်မေ၏ အိမ်စုတ်ကလေးရှေ့၌ ကာနယ်ဦးချစ်သောင်း ကိုယ်တိုင် မောင်းလာသော အော်စတင် ဆလွန်းကားကြီးထိုးဆိုက်လိုက် သည့်အချိန်တွင် ညွန့်မေမှာ အကြီးအကျယ် ကံဆိုးမိုးမှောင်ကျနေခိုက် ဖြစ်လေ၏။ အကြောင်းမူကား ပိန်ပိန်ခြောက်ခြောက် တာတေရုပ် ပေါက်နေသော မိန်းမကြီးတစ်ယောက်သည် အကျီလက်ပင့် ထဘီတိုတို နှင့် ဆေးပေါ့လိပ်ကြီးလက်ညှပ်ကာ ညွန့်မေနေသော တံခါးဝမှ မတ် တတ်ရပ်ကာ အခန်းထဲသို့ လက်ညှိုးကြီး ငေါက်ငေါက်ထိုးကာ ထိုးကာ နှင့် ငါးစိမ်းသည်မသာအောင် အာဏာကုန်ရန်တွေ့နေခြင်းခံနေရဆဲ ဖြစ်ရလေ၏။

ကလေးများမှာ ဆရာမနှင့် တွေ့ရတော့မည်ဖြစ်၍ ဝမ်းသာဧော ကြောင့် မွှန်နေကြသောကြောင့် တစ်စုံတစ်ရာ မကြားလိုက်ရသော်လည်း အကင်းပါးသော ဦးချစ်သောင်းကား ... "ညည်း ငါ့အိမ်လခ မပေးနိုင် တာလည်း လေးငါးလရှိပြီ။ နောက်လူတင်ပါရစေ ပြောင်းပေးပါ ဆိုတာ လဲ မပေးဘဲနဲ့ ဖွတ်ပေပြီး နေတာ ဘာကောင်းသလဲ။ အေးနော် ဒါပဲ နက်ဖြန်ခါပြောင်းပေးရင်ပေး။ မပေးရင် ညည်းကို ငါကိုယ်တိုင် ဆွဲအချ ဘဲ ..." ဟု နောက်ဆုံး ရာဇသံပေးကာ ချာခနဲ လှည့်ဆင်းလာသော အိမ်ရှင်မိန်းမကြီး၏ ပြောသံကို ကြားလိုက်ရလေ၏။

ကလေးများလည်း ကားပေါ်မှ အထုပ်ကလေးတွေ ကိုယ်စီနှင့် အားရဝမ်းသာ ဆင်းပြေးကြရှာသည် ဖြစ်ရာ ... ဦးချစ်သောင်းကား သူတစ်ပါး အလွဲထင်ခဲ့မှုများကြောင့် ဆရာမကလေး ညွန့်မေနှင့် မျက်နှာ ချင်းဆိုင်ရန် အားနာသည်တစ်ကြောင်း အိမ်နားနီးချင်းတို့ကပါ နောက် တစ်ကြိမ် ထပ်ကာ ညွန့်မေအပေါ် အထင်လွဲကြမည်ကို တင်ကြိုစိုးရိမ် ခြင်းကြောင့် တစ်ကြောင်း။ ကလေးများကို ကားတံခါးဖွင့်ပေးလိုက်ပြီး

မိမိမှုကား ကားပေါ်တွင် ထိုင်ကာ နေရစ်လျက် ဆင်းရဲ စုတ်ချာသော အိမ်ကလေး၏ အခြေအနေကို ကရုဏာကြီးစွာနှင့် ကြည့်နေမိရှာ၏။ ထိုအခိုက်မှာပင် အိမ်ရှင်အဒေါ်ကြီးလည်း တစ်ဖက်အခန်းရှိ လူများကို လက်ဟန်ခြေဟန်နှင့် လျှာရှည်တန်သလောက် လျှာရှည်ပြီးအားရမှ ဗျစ်တောက်ဗျစ်တောက်ရေရွတ်ကာ နှစ်ထစ်မျှရှိသော လှေကားမှ ဆောင့်အောင့်ဆင်းလာရှာ။ ဘွားခနဲ ခံ့ညားသော မှန်ကားကြီးကို မြင်ရသည်တွင် ရုတ်တရက် အံ့အားကြီးသင့်၍ ကြောင်ကြည့်နေမိလေ၏။ ဦးချစ်သောင်းလည်း အဒေါ်ကြီးအား ခံ့ညားတည်ကြည်သော မျက်နှာနှင့် ခေါင်းညိတ်ကာ ခေါ်လိုက်လျှင် အရှိန်နှင့် လန့်နေသော အဒေါ်ကြီးသည် မှန်ကားကြီးအနီးသို့ မရဲတရဲနှင့် ရောက်လာလေ၏။

"ခင်ဗျား အိမ်လခ မရလို့လား ..."

"ဟုတ် ... ဟုတ်ပါတယ် သူဌေးမင်းရယ်။ ကျွန်မလည်း မုဆိုးမပါ။ ဒီအိမ်လခကလေးနဲ့ မဝတဝစားနေရပါတယ်။ အိမ်လခ မှန်မှန်မရပေတဲ့ မြူနီစီပါယ်ပေးရတဲ့ ကွာတာကြေးကတော့ မဆိုင်းဘူးရှင့်... မရရင် တစ်ခါတည်း ဝရမ်းထုတ်ခံရတယ် ..."

"ကျုပ်ကလေးတွေရဲ့ ဆရာမကလေးပါဗျာ။ ခင်ဗျားငွေက ဘယ်လောက်ရစရာ ရှိနေသလဲ ..."

"တစ်လ ရှစ်ကျပ်နဲ့ ထားတာ မပေးတာ ငါးလရှိပြီ သူဌေးမင်းရဲ့ ..."

"ကဲ ... ရော့ရော့ ကျုပ်ကပဲ ပေးခဲ့ပါမယ်။ နောက်လည်း သူနေချင်သလောက် နေပါစေ ..."

"အမယ်လေး ရာတန် စက္ကူကြီးပါကလား။ ကျေးဇူးကြီးပါပေရဲ့ သူဌေးမင်းရယ်။ ဒီလိုမှန်းမသိလို့ ကျွန်မလည်း စိတ်ညစ်ညစ်ရှိတာနဲ့ ပြောမိပါတယ် ... စိတ်မရှိပါနဲ့ သူဌေးမင်းရယ် ..."

"ကဲကဲ ... သွားတော့ ..."

"ကောင်းလှပါပြီ သူဌေးမင်း ..."

ဦးချစ်သောင်းလည်း ဆေးတံကြီးကို မီးညှိသောက်ကာ လောက ကြီးအကြောင်းစဉ်းစား၍ တရားကျမိရင်း ကလေးများကို ဆိုင်းငံ့လျက် ရှိနေလေ၏။

*

ထိုအချိန်တွင် အိမ်ကလေးအတွင်း၌လည်း အိမ်ရှင်က လူကြား သူကြား ရန်တွေ့သွားသောကြောင့် ညွန့်မေမှာ ရှက်ရှက်နှင့် ညှိုးမည်းနေ သော မျက်နှာကလေးကို ငုံ့ကာ ဘဝကံကြမ္မာကို ဝမ်းနည်းနေမိစဉ်။ "ဆရာမ..." ဟု ပြိုင်တူအော်ကာ လက်ဆောင်အထုပ်ကလေးတွေ ကိုယ်စီနှင့် ဝိုင်းဖက်လိုက်ကြသော ကလေးများကို တွေ့ရသောအခါ ညွန့်မေမှာ ဝမ်းသာဝမ်းနည်းနှင့် ကြောင်ကြည့်နေရာမှ ရုတ်တရက် ချက်ချင်း ဝမ်းနည်းခြင်းဘက်သို့ ယိုင်ဆင်းသွားရှာလျက် အပါကလေး နှင့်တကွ ကလေးသုံးယောက်လုံး၏ ပခုံးကို သိမ်းရုံးပွေ့ဖက်ကာ နမ်းရှုပ် လိုက်လျက်။ ဝမ်းနည်းပက်လက် ငိုချမိသည်တွင် ကလေးများမှာလည်း ဝမ်းသာဝမ်းနည်းနှင့် ဆရာမကို သဲသဲမဲမဲ ဖက်ကာ ငိုကြရှာတော့၏။ ယင်းသို့ ကလေးများ ငိုသောအခါမှကား။ ညွန့်မေသည် မိမိမှာ လူကြီး ဖြစ်၍ ကလေးများစိတ်သက်သာရာရအောင် ချော့မော့ နှစ်သိမ့်စေရမည့် တာဝန်ရှိလာပြန်သောကြောင့် စိတ်ကိုတင်း၍ အငိုကို ရပ်ဆိုင်းလိုက်ကာ မိမိတပည့်များကို တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သော အမူအရာနှင့် ...

"မေတို့ ... ဆရာမ ဒီမှာနေတာ ဘယ်သူပြောလို့ သိကြသလဲ။ တွေ့ရတာ ဝမ်းသာလိုက်တာကွယ်။ ဆရာမလေ ... မင်းတို့ကို တစ်နေ့

မှ မမေ့ဘူး။ ဒါပေမဲ့ ...”

အပါ ။ ။ “ချာမကို အပါ သိပ်လွမ်း...တာပဲ။ ချာမကလည်း ပြန်လာမယ်ဆိုပြီး လာလည်း မလာဘူး ...”

မေ ။ ။ “ဆရာမရယ် ... မေတို့လေ ... ဆရာမ ပြန်လာမယ်ထင်လို့ မျှော်လိုက်ရတာ မောနေတာပဲ။ ဆရာမကလည်း မေတို့ကို စာကလေး တစ်စောင်မှ မပေးဘူး ... နေနိုင်လိုက်တာ ...”

နယ်လီ ။ ။ “ဆရာမရယ် နယ်လီဖြင့် ညတိုင်းညတိုင်း အိပ်ရာထဲ ကြိတ်ငိုနေတာပဲ။ ဆရာမ ပြန်မလာတော့ဘူးဆိုရင်လည်း အစတည်းက ပြောပါလား ဆရာမရယ် ...”

ညွန့် ။ ။ “အေးကွယ် ... ဆရာမလည်း ပြောမလို့ပဲ။ ဒါပေမဲ့ မင်းတို့တစ်တွေ သိပ်စိတ်မကောင်းဖြစ်နေမှာစိုးလို့ မပြောရက်တာနဲ့ တော်အောင် ပြောခဲ့ရတာကွယ့် ဒါနဲ့ အခု မင်းတို့ ဘယ်သူ လိုက်ပို့ သလဲ...”

မေ ။ ။ “ဒက်ဒီလိုက်ပို့တယ်လေ။ ကားထဲမှာ ဒက်ဒီပါသေး တယ် ...”

“အော်” ဟုဆိုကာ ညွန့်မေမှာ ဦးချစ်သောင်းရှိရာသို့ သွား၍ နှုတ်ဆက်မည်ကြံမိပြီးမှ တစ်စုံတစ်ခုကို သတိရကာ ကိုယ်ရှိန်သတ်၍ နေလိုက်ရရှာ၏။ ဦးချစ်သောင်း အိမ်ပေါ်တက်မလာသည်ကို စဉ်းစား လိုက်သောအခါ နောက်နောက်က သတင်းများကြောင့် မျက်နှာပူ၍ မလာရှာသည်ဟု စဉ်းစားမိကာ မိမိက သွားရောက်ခေါ်ငင်ရန်လည်း မသင့်ဟု ဆင်ခြင်လိုက်ရခြင်းဖြစ်လေ၏။

နယ်လီ ။ ။ “နယ်လီတို့လေ ဆရာမကို တစ်နေ့မှ မမေ့ဘူး။ တစ်နေရာမှာ တွေ့မလားလို့ အမြဲကြည့်ခဲ့တယ်။ ဒီနေ့မှ နယ်လီတို့ ကျောင်းကို ဆရာမရဲ့ လျှောက်လွှာရောက်လာလို့ ဆရာမ နေရာကို

သိခဲ့တယ်။ သိသိချင်း ဒက်ဒီကို ဖွတ်အတင်းလိုက်ပို့ဖို့ ပူဆာပြီး လာခဲ့ကြတာပဲ။ ဟောဒီမှာ ဆရာမဖို့ နယ်လီ ပေါင်ဒါဘူး လက်ဆောင်ယူလာခဲ့တယ် ...”

မေ ။ ။ “မေကလည်း ဆရာမဖို့ ရေမွှေးပုလင်း ...”

အပါ ။ ။ “ချာမ ... အပါကတော့ ချာမစားဖို့ ချော့ကလက်နဲ့ တော်ဖီယူလာတယ်။ စားနော် ချာမ။ စားပြီးတော့ အပါတို့နဲ့ ပြန်လိုက်ခဲ့နော် ...”

ညွှန့်မေမှာ အပါကလေးကို ပွေ့ဖက်နမ်းရှုပ်လိုက်ကာ ရင်ထဲတွင် ဆို့လျက် မျက်ရည်တွေလည်လာပြန်လေ၏။

မေ ။ ။ “ဆရာမရယ် မေတို့အိမ်ပြန်နေပါလား ဆရာမရဲ့ ...”

ညွှန့် ။ ။ “ဆရာမကတော့ နေချင်ပါတယ်ကွယ် ဒါပေမဲ့ မင်းတို့ ဒက်ဒီက ဆရာမကို အလိုမရှိတော့ဘူး ထင်လို့ ...”

နယ်လီ ။ ။ “အမယ် ဒက်ဒီက ဆရာမကို သဘောကျပါတယ် ဆရာမရယ်။ မာမီကသာ ပြောလို့မရတာပါ ...”

မေ ။ ။ “နယ်လီကလည်းကွယ် သိသားနဲ့ ဒါတွေပြောမနေပါနဲ့ ဆရာမကို ဒက်ဒီတို့ အိမ်မခေါ်ထားပေမဲ့ မေတို့ ကျောင်းမှာ အလုပ်ရရင်လည်း အတူတူနေရသလိုပါပဲ။ ဒီတော့ မေတို့ကျောင်းက အလုပ်ကို ရအောင် ကြံပါ ဆရာမရယ် ...”

ညွှန့် ။ ။ “အေးကွယ် ဆရာမလည်း ကြံပါမယ်။ ဒါနဲ့ ဒီနေ့ မင်းတို့နဲ့တွေ့ရတာ ဆရာမတော့ သိပ်ဝမ်းသာတာပဲကွယ်။ နောက်လည်း မကြာမကြာ လာလည်ကြနော် ...”

ထို့နောက် ဆရာမညွှန့်မေနှင့် ကလေးများလည်း တွေ့ရသည်ကို အားမရနိုင်အောင် မီးခိုးမဆုံး မိုးမဆုံး စကားလုံးချင်း မိုးမွှန်အောင် ပြောနေကြသောကြောင့် အချိန်မည်မျှကြာသွားသည်မသိ ကားဟွန်းနှိပ်

၍ သတိပေးမှ သတိရကာ။ "ဟော ... ဒက်ဒီ ခေါ်နေပြီ သွားတော့ မယ်နော် ဆရာမ ..." ဟု နှုတ်ဆက်၍ ထွက်လာကြသောအခါ ဆရာမ ညွှန့်မေလည်း ကလေးများကို ကားအနီးထိအောင် လိုက်ပို့ရင်း ဦးချစ် သောင်းအားလည်း ဝမ်းနည်းသော မျက်နှာနှင့် ရှိသေစွာ နှုတ်ဆက် လိုက်လျှင် ဦးချစ်သောင်းကလည်း ခေါင်းပြန်၍ညိတ်လိုက်ရာမှ "အော်... ဆရာမလေး အိမ်ရှင်အဒေါ်ကြီးကို အိမ်လခ ငွေတစ်ရာပေးခဲ့တယ်..." ဟု ပြောလိုက်လျှင် ညွှန့်မေမှာ ကျေးဇူးတင်၍မဆုံးသော မျက်နှာကလေး နှင့် မော်ကြည့်လျက် ဝမ်းနည်းသော မျက်ရည်များ ရစ်ဝဲလာလေ၏။ ကလေးများလည်း ထွက်သွားသော ကားထဲမှ လက်ကလေး တပြပြနှင့် ရှိနေကြရာ အပါမှုကား။ "ဆရာမ တတာ တတာ"ဟု လက်ကလေး မြှောက်ပြရင်း လမ်းချိုးတစ်ခုတွင် ပျောက်ကွယ်သွားသည်အထိ ပါသွား ရှာသည်ကို ညွှန့်မေမှာ ရင်ထုမနာနှင့် ကျန်ရစ်လေတော့သတည်း။

*

ထိုနေ့မှ စ၍ ကလေးများမှာ မကြာခဏ ဦးချစ်သောင်းကို ပူဆာ ၍ မိမိတို့ ဆရာမကလေးနှင့် သွားရောက်တွေ့ဆုံတတ်သည်ဖြစ်ရာ၊ ဦးချစ်သောင်းမှာလည်းကလေးများ ဆယ်ကြိမ်ပူဆာမှ တစ်ရံတစ်ခါ လိုက်ပို့ခဲ့ရှာ၏။ သို့ရာတွင် ပို့တိုင်း ပို့တိုင်း ဦးချစ်သောင်းမှာ မည်သည့် အခါမျှ ကားပေါ်က မဆင်းခဲ့ချေ။ ညွှန့်မေကလည်း မည်သည့်အခါမျှ မိမိအိမ်ပေါ်သို့ တက်လာရန် မခေါ်ပဲနေလေ၏။ အချင်းချင်းမှ မဆင်း သည့်အကြောင်းနှင့် မခေါ်သည့်အကြောင်းကို ကောင်းစွာနားလည်ကြ သောကြောင့် မကျေမနပ်မဖြစ်ကြဘဲ၊ မိမိတို့ကို ရိုးသားဖြောင့်မှန်ပါလျက် အများအထင်လွဲမှားမှုကြောင့် ယခုလို မခေါ်ရဲ မပြောရဲ နေရသည့်အတွက် ပင် ဝမ်းနည်းမိလျက် ရှိကြပြီးလျှင် လူကြီးဖြစ်သော ဦးချစ်သောင်းမှာ

လည်း ညွန့်မေအား သနားခြင်းနှင့်ယှဉ်ကာ အားနာနေလျက် ညွန့်မေကလည်း ဦးချစ်သောင်းအား ရှိသေလေးစားသော အားနာခြင်းဖြင့် အားနာ၍ နေခဲ့ရှာတော့၏။ သို့နှင့် ညွန့်မေထံသို့ ရောက်ကြသော ခေါက်ရေသည် တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က ၃–၄–၅ ကြိမ်ရှိလာသောအခါ ကလေးများမှာ ရှေ့ကနှင့်မတူ ကျေနပ်ဝမ်းမြောက်ခြင်း၏ အရသာကို တိတ်တိတ်ပုန်းကြိတ်၍ ခံစားနေကြရှာလေ၏။

တစ်ခါတစ်ခါ ဆရာမထံသို့ သွားရမည်ဟု အဝတ်အစားလဲလှယ်သောအခါလည်း မောင်နှမသုံးယောက်သားအနက် အငယ်ဆုံးဖြစ်သော အပါကလေးမှာ ကလေးဘာဝ ဝမ်းသာမှုကို မမျိုသိပ်နိုင်အောင် ဖြစ်နေရှာသောကြောင့် အဝတ်အစားလဲလှယ်ပေးနေသော အခိုင်းအစေသူငယ်မကလေးများရှေ့မှာပင် ဆရာမထံသို့ သွားရမည့် စကား ဆရာမထံမှ ပြန်လာခဲ့ကြရသည့် စကားများကို အမှူမဲ့၊ အမှတ်မဲ့ ထွက်သွားမိသည်ဖြစ်ရာ အစ်မနှစ်ယောက်က ရှီးခနဲ၊ ရှဲခနဲ အချက်ပေး မာန်မဲလိုက်မှ သတိရကာ၊ လျှာကလေးထုတ်၍ ကုပ်ကလေးတိုဝင်သွားမိလေ၏။

သို့နှင့်ပင် တစ်စတစ်စ ညွန့်မေထံသို့ ရောက်ကြသော ခေါက်ရေများလာသောအခါ ညွန့်မေနေသော ရပ်ကွက်ကလေးကလည်း အနည်းငယ် ဂရုစိုက်၍ ကြည့်စပြုလာကြပြီး အိမ်တွင်းရှိ အစေခံမကလေးများကလည်း ကလေးများ ဆရာမ ညွန့်မေအိမ်သို့ မကြာခဏ သွားကြကြောင်း ရိပ်မိစပြုလာလေ၏။

ထို့ကြောင့် တစ်ကြိမ်တွင် ဒေါ်ခင်ခင်ကြီး၏ လက်ပါးစေ အလိုတော်ရိဖြစ်သော အစေခံမကလေးတစ်ယောက်သည် အပါကို အယုံသွင်းကာ အကျိုးလိုယောင်နှင့် အမျိုးမျိုး အယုံသွင်း၍ အစ်အောက်မေးရာ၊ ရိုးသားသော ကလေးအရွယ်မျှသာဖြစ်ရှာသော အပါသည် မိမိတို့ ဆရာမလေးထံသို့ မကြာခဏသွားရောက်တွေ့ကြကြောင်း သွားတိုင်း

သွားတိုင်း မည်သူမျှ မသိရအောင် ဦးချစ်သောင်းကိုယ်တိုင် ကားမောင်း၍ ပို့ကြောင်း၊ မိမိတို့မှာ ဆရာမကလေး ဆင်းရဲဒုက္ခရောက်နေရှာသဖြင့် စားစရာနှင့် အဝတ်အစား လက်ဆောင်များ သွားတိုင်းပင်ယူသွားကြောင်း ဦးချစ်သောင်းကလည်း ဆရာမ သုံးစွဲစားသောက်ရန်နှင့် အိမ်လခငွေများ ပေးကြောင်း သို့ရာတွင် ထိုအကြောင်းကို ဒေါ်ခင်ခင်ကြီး သိလျှင် စိတ်ဆိုးမည်ထင်၍ မပြောဖို့အကြောင်းများ ကလေးဘာဝ ယုံကြည်စိတ်ချရမည်ထင်၍ အလုံးစုံပင် ဖွင့်ဟပြောမိလေ၏။ ထိုသဲလွန်စကလေးပင်လျှင် သခင်မကြီးထံမှ ဆုလာဘ်ကို မျှော်ကိုးသော အစေခံမကလေး၏ ကြီးစွာသော အခွင့်အရေးကြီးတစ်ရပ်ဖြစ်လေရာ မကြာမီပင် ဒေါ်ခင်ခင်ကြီး၏ နားသို့ ထိုအကြောင်းများ ရောက်ရှိသွားလေရာ။ အမိုက်အမဲမျှဖြစ်သော အစေခံမကလေးတွင် သူ၏ မျှော်လင့်ချက်အတိုင်း ရွှေလက်ကောက်တစ်ဖက် ဆုအဖြစ်နှင့် ရရှိသွားသော်လည်း တစ်အိမ်လုံးအဖို့ များမကြာမီ လောင်မီးမိုးကြိုးကျသည်နှင့်အမျှဖြစ်သော အရေးတော်ပုံကြီးတစ်ခု ကြုံကြိုက်ရတော့မည် ဖြစ်လေတော့သတည်း။

ဒေါ်ခင်ခင်ကြီးမှာ ဤအကြိမ်၌ သည်းမခံနိုင်အောင်ဖြစ်လာလေ၏။ နောက်နောက်က အဖြစ်အပျက်တွေကို စေ့စေ့စဉ်းစားပြီး တစ်ခုပြီးတစ်ခု သတိရလာသောအခါ ဦးချစ်သောင်းသည် ညွန့်မေအပေါ်၌ အဆက်မဖြတ်နိုင်အောင် အစွဲကြီးစွဲ၍ နေလေပြီ။ ညွန့်မေသည် မည်သို့သော ပရိယာယ်မာယာမျိုးဖြင့် ဖြားယောင်းထားသောကြောင့် တစ်သက်လုံးရိုးသား၍ သိက္ခာသမာဓိတရားနှင့် ပြည့်စုံသူ မိမိခင်ပွန်းသည် ဦးချစ်သောင်းမှာ ကိုယ့်သိက္ခာ ကိုယ်မနှမြောဘဲ ဤမျှ စွဲလမ်းတပ်မက်နေရလေသနည်း။ လူကြီးတွင်မက မိမိလွယ်မွေးရသော သွေးသားများဖြစ်ကြသည့် ကလေးများပင် ရန်သူအား‌ ‌ : နောက်မိထွေးကို ခင်လျက်ဖခင်နှင့် တဖက်တစ်လမ်း စက်ပုန်းခုတ်နေကြလေသည်ဟု မဖြေနိုင်

မဆည်နိုင်အောင် ဒေါသမီးကျွမ်းလောင်လျက်ရှိလေ၏။

ယခင်အခါများကမူ လူကြီးလူကောင်း ဂုဏ်သိက္ခာကို ငဲ့ညှာကာ လူသူလေးပါး မကြားမသိရအောင် အတွင်းကြိတ်ဆူပူမိခဲ့ခြင်း။ တစ်ဖန် မိမိဖခင်ကြီး ဆာဘိုးဖေကို အကြောင်းကြားလျက် သမက်လုပ်သူကို ဖျောင်းဖျစေခဲ့ခြင်းဖြင့် ပြီးခဲ့သော်လည်း ယခုအကြိမ်မူ ကလိမ်ဉာဏ်များ နေသော ဦးချစ်သောင်း၏ အရှုပ်တော်ပုံများကို ဘွားဘွားပေါ်အောင် ပြုပြီးမှ ရက်ရက်စက်စက် ရှက်လှအောင် ပြောလိုက်မည် ... ဟု ကြံစည် စိတ်ကူးကာ၊ စူဠသုဘဒ္ဒါ၏ ရန်ငြိုးမျိုးနှင့် သုန်မှုန်အောက်သိုးလျက် ရှိနေလေ၏။

သို့နှင့် နောက်တစ်နေ့မှာပင် ဦးချစ်သောင်းနှင့် ကလေးများ ခြံ ထဲတွင် လမ်းလျှောက်နေကြခိုက် ဒေါ်ခင်ခင်ကြီးသည် ပြုံးချိုကြည်လင် သော မျက်နှာနှင့် ရောက်လာပြီး ...

"ဒါထက် ကလေးတွေလည်း ခုထက်ထိ ဆရာမအသစ်ငှား မပေး ရသေးဘူးနော် ... ကျွန်မသဘောတော့ အရင်ဆရာမကလေးကိုပဲ ပြန် ခေါ်ချင်တော့တယ် ..." ဟု စပေးလိုက်သောအခါ ကလေးများမှာ ဒေါ်ခင်ခင်ကြီး၏ ပရိယာယ်မာယာကို မသိရှာကြသဖြင့် အားရဝမ်းသာ နှင့် ... "ဟုတ်လား မာမီ ... ဒါဖြင့် မြန်မြန်ခေါ်ပါ မာမီရယ် ... ဆရာမလေးလေ အခု အလုပ်လည်းမရှိဘူး သနားပါတယ် မာမီရယ်..." ဟု ပျာပျာသလဲ ဝိုင်း၍ထောက်ခံကြလေရာ၊ ဒေါ်ခင်ခင်ကြီးမှာ မသိ မသာ ပြုံးလျက် ... "အေးအေး မာမီလည်း ခေါ်မလို့ စိတ်ကူးနေတာပဲ။ ဘယ့်နှယ်တုန်း ကိုချစ်သောင်း ... ဆရာမလေးကို ပြန်ခေါ်လိုက်မယ် လေ ..."

"မင်းက မကျေနပ်ဘူးဆိုလို့သာကိုး၊ ကျုပ်ကတော့ ဒီဆရာမလေး နဲ့ ဒီကလေးတွေနဲ့ သိပ်တော်တာပဲ။ ဒါကြောင့် အရင်ကတည်းက

မထုတ်ပစ်ချင်ပါဘူး ...။

"လူတွေက တစ်မျိုးတစ်မည်ပြောကြလို့ ထုတ်ပစ်ရတာကိုး။ သို့ပေတဲ့ ခုတော့ ပြန်ခေါ်လိုက်တော့မယ် ..."

ဦးချစ်သောင်းလည်း "အေးလေ ... မင်းသဘောပဲ ခေါ်ချင်ခေါ်တာပေါ့ ..." ဟု သဘောတူလိုက်သည်နှင့် တစ်ပြိုင်နက်။ ကလေးများမှာ ဆွေ့ဆွေ့ခုန်မျှ ဝမ်းမြောက်သွားကြသောကြောင့် ... "မာမီ ဒါဖြင့် မေတို့ ကားနဲ့ ခုသွားခေါ်ချည်မယ်နော် ... မာမီ သူ့ကို မေတို့ ဆွဲခေါ်လာမယ်။ နောက်မှ သူ့ပစ္စည်းတွေ ပြန်သယ်ခိုင်းမယ် ဟုတ်လား။ ဒီလိုဆိုရင် ဆရာမ သိပ်ဝမ်းသာရှာမှာပဲနော် ... သူခမျာ အိမ်လခတောင် ပေးစရာ မရှိရှာလို့ အိမ်ရှင်အဒေါ်ကြီးက နှင်ချမယ် တကဲကဲနဲ့ မာမီရယ် ... ခုလို မာမီကသာ အလုပ်ပြန်ပေးမှန်းသိရင် သိပ်ဝမ်းသာသွားရှာမှာပဲ..."

"အေးအေး ... ဒါဖြင့် ခေါ်ချည်ကြ။ မာမီသူ့ကို မေးစရာတွေလည်း ရှိသေးတယ် ..."

ကလေးများကား လှေကားကြီးမှ အပြေးအလွှား ကားပေါ်တက်လျက် ဒရိုင်ဘာကို ကျောက်မြောင်းဘက်သို့ အရေးတကြီး အမောင်းခိုင်းကြလေတော့သတည်း။

❂

## အခန်း [ ၈ ]

ကျယ်ဝန်းသော အခန်းကြီးကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။ သို့ရာတွင် အခန်းထဲ၌ စီစဉ်ခင်းကျင်းထားသော ဆိုဖာကုလားထိုင်ကြီးများပေါ်တွင် ဦးချစ်သောင်းတို့ သားအမိသားအဖငါးယောက်နှင့် ဆရာမကလေး ညွန့်မေ့မှာ ဒေါသအမျက်မာန်နှင့် ဘီလူးသဘက်တမျှ ခက်ထန်နေသော ဒေါ်ခင်ခင်ကြီး၏ မျက်နှာကို အားငယ်ဝမ်းနည်းစွာကြည့်၍ နေကြလေကုန်၏။ ဦးချစ်သောင်းနှင့် ကလေးများမှာ ဒေါ်ခင်ခင်ကြီး၏ တစ်ပတ်ရိုက်သော ဉာဏ်ကို အခုမှသိရသဖြင့် အံ့အားကြီးသင့်၍ ကြည့်နေမိကြလေ၏။ ဤအထဲတွင် မေတို့မှာ ဆရာမကလေးကို မိမိတို့ ခေါ်လာခဲ့မိသောကြောင့် အထူးသဖြင့် စိတ်မကောင်းဖြစ်နေမိကြလေ၏။

ကြီး ။ ။ "ညည်းဘာပြောချင်သေးသလဲ ... အခု ငါ့ပြောပြသွားတဲ့ဟာတွေ မဟုတ်ဘူးလို့ ငြင်းနိုင်ရဲ့လား ... ညည်းဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အကြံပက်စက် ဆန်ကောလောက်မှ ဓောက်မနက်တဲ့အကောင်မပဲ။ ညည်းအခြေ ညည်းအနေနဲ့ ဒီလောက်အထက်တန်းကျတဲ့

လူကို လှမ်းရသလား။ ဟိုလူကြီးက မကြီးမငယ်နဲ့ သားသမီးမျက်နှာ မထောက် မထား နုနုထွတ်ထွတ်ကလေး လိုက်စားချင်ဦး ညည်းက လက်သင့်ခံဖို့ မကောင်းဘူး ...”

ညွှန့် ။ ။ “သခင်မကြီး အထင်မှားနေတာပါ။ သခင်ကြီးဟာ ဒီလို မဟုတ်ပါဘူး။ ကလေးများ ပူဆာလို့ ...”

ကြီး ။ ။ “ဒီကလေးတွေကို ထည့်မပြောနဲ့ ... ကလေးအမိုက်တွေ ကိုလည်း ညည်းဘက်သားဖြစ်အောင် ဘယ်လိုများ သွေးဆောင်ထားမှန်း မသိဘူး။ ကလေးမပြောနဲ့လေ ဟောဟိုသေခါနီးကြီးတောင် ညည်း နောက် တကောက်ကောက်ပါအောင် ညို့ထားနိုင်သေးတာကလား...”

ဦးချစ်သောင်းမှာ သဘောဖြူအူစင်း လူရိုးလူကောင်းကြီးတစ်ဦး လည်းဖြစ် ဤကိစ္စနှင့် ပတ်သက်၍ အထက်အကြိမ်များကလည်း အခါ များစွာ ကြိတ်မှိတ်သည်းခံပြီး အထင်မလွဲစေရန် အမျိုးမျိုး အလိုလိုက်ခဲ့ ပါလျက် ယခုကဲ့သို့ အယုံသွင်းပြီးမှ မျက်နှာစုံညီ၊ မျက်နှာမထားသာ အောင် အားမနာ လျှာမကျိုး ပိုးစိုးပက်စက် ပြောနေသောအခါ တစ်သက် နှင့် တစ်ကိုယ် တစ်ကြိမ်တစ်ခါမှ ယခုလောက် ဒေါသမထွက်ဖူးဘဲ ရုတ်တရက် မျက်နှာများ ညိုမည်းကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန် လျက် အံကိုကြိတ်ကာ ဒေါ်ခင်ခင်ကြီးအား စူးစိုက်သောမျက်နှာထားနှင့် စိန်းစိန်းဝါးဝါး ကြည့်နေမိရာမှ ...

“ဟေ့ ခင်ခင်ကြီး လူတစ်ဖက်သားကို ဒါလောက် ရမ်းရမ်းကား ကား ပြောဖို့မရှိဘူး ...” ဟု တစ်ချက်ဟန့်တားလိုက်မိလေ၏။ သို့ရာတွင် ဒေါ်ခင်ခင်ကြီးမှာ မိမိအမျက်ဒေါသကို ချုပ်တီးမထားနိုင်သူ ဖြစ်သည့် အတိုင်း ဒေါသမုန်တိုင်းကြီးဝှေ့ဆင်ကာ ...

“ဟင် ... ရှင်က ရှင့်ကောင်မဘက်က ခုထက်ထိ ကာကွယ်တုန်း လား။ ဒီကောင်မကို ဒါလောက်ပဲ မြတ်နိုးနေသလား။ အစုတ်အနုတ်

ကောင်မကို မက်မောလွန်းလို့ ကိုယ့်ဂုဏ်မှ ကိုယ်မနေမြောနိုင်ဘူး။ အိမ်ကြ
အိမ်ကြား၊ လမ်းကြိုလမ်းကြားကို အိမ်က ကားကြီးနဲ့ ထင်ထင်ရှားရှ
သွားနေတာကို ဘာပြောချင်သေးသလဲ။ လက်ဆုပ်လက်ကိုင် မိနေတ
မုန်လာဥ လုပ်ချင်သေးသလားဟင်။ နောက်နောက်က ဘူးကွယ်လ
ရပေတဲ့ ဒီတစ်ခါမရဘူး နားလည်လား။ ဒီတော့ ဒီကိစ္စမှာ ရှင်ဟ
ဘာမှ ဝင်ပြီးစွာနေစရာမရှိဘူး။ ကျုပ်ပြောတာ ခေါင်းငုံ့ခံနေဖို့သာ
တယ် ...”

“မင်းပြောတာဟာ မဟုတ်ဘဲနဲ့ မတရားသက်သက်ပြောနေတာ
ကွဲ့။ ငါဒီအတိုင်း ဘယ့်နှယ်ကြောင့် ငုံ့ခံနေရမှာလဲ။ မင်းကစပြီး အခုလို
မတရားသဖြင့် စွပ်စွဲလာခဲ့တဲ့အတွက် လူများတွေကပါ ငါ့ကို အထင်
အမြင် မှားစရာဖြစ်နေပြီ ...”

“ဟင် ... ကျုပ်က မတရားစွပ်စွဲလို့ လူတွေက အထင်မှားတယ်
ဟုတ်လား ... ရှင့်ဟာရှင် အိမ်ထဲမှာနေတာကို ကျုပ်က မတရားစွပ်စွဲ
သလား။ ရှင့်ကိုယ်တိုင် ဒီကောင်မနောက်ကို ကျုပ်မသိအောင်
တကောက်ကောက်လိုက်နေတာကြောင့်လား ... ရှင့်ဦးနှောက်နဲ့ရှင်ပဲ
စဉ်းစားကြည့်။ ရှင်ဟာ မဟုတ်တာလည်း လုပ်သေးတယ် ... ကျုပ်ကို
လည်း တစ်ပတ်ကြေ့ညဏ်နဲ့ မတရားပြောသေးတယ် ... ရှင်တယ်
တိုးနေပါကလား။ ဒါတွေဟာ ဟိုကောင်မ ညဏ်တွေပေါ့ ...”

“ဟေ့ ... ခင်ခင်ကြီး တော်နော်။ ငါဒေါသဖြစ်နေပြီ။ မင်း ဒုက္ခ
များသွားမယ် ...”

“မတော်ဘူး ပြောမယ်၊ ဒပြောရုံမကဘူး နင့်ကို မြူချနေတဲ့ ဟောဒီ
ကောင်မကိုလည်း နင့်မျက်စိအောက်မှာဘဲ ဟောဒီလို ဆွဲဆုတ်ပြမယ်...
ဟုဆိုကာ၊ ဒေါ်ခင်ခင်ကြီးသည် ဒေါသမီးကို မသိမ်ဆည်းနိုင်အောင်
ရှိလာသည့်အလျောက် မျက်ရည်တွေ တွေတွေနှင့် ငြိမ်သက်စွာ ခေါင်းငုံ့

ခံနေသော ညွန့်မေအနီးသို့ လှမ်းအပြေး ကလေးတွေက မာမီ၊ မာမီဟု အော်ကာ ရတ်တရက် နောက်မှနေ၍ ဆွဲထားသလို ဦးချစ်သောင်းက လည်း ညွန့်မေ၏ ရှေ့မှနေ၍ ဆီးကာထားလိုက်လေ၏။ ဤတွင်လည်း ဒေါ်ခင်ခင်ကြီးတွင် ပိုမို၍ဒေါသမွှန်ကာ၊ "ဟင် ... ငချစ်သောင်း နင့် မယားကလေးထိမှာ ဒါလောက် စိုးရိမ်သလား။ စိုးရိမ်လို့ တားထားရင် ငါကလည်း ဟောဒီလို မှီရာနဲ့ လှမ်းလုပ်မယ် ..." ဟုဆိုကာ အနီးတွင် ရှိသော ဆေးလိပ်ပြာခွက် တင်ထားသည့်၊ ကြေးစားပွဲဝိုင်းကလေးနှင့် ကိုင်၍ ညွန့်မေကို ပေါက်လိုက်လေ၏။

သို့ရာတွင် ဦးချစ်သောင်း၏ လျင်မြန်သော လက်များကြောင့် ညွန့်မေအား မထိခိုက်မိဘဲ၊ ကြေးစားပွဲငယ်မှာ မြှောက်ထားသော ဦးချစ် သောင်းလက်တွင် သောင်တင်နေလေ၏။ ဒေါ်ခင်ခင်ကြီးကား သာ၍ ဆိုးလာတော့၏။ ထိုခဏ၌ ညွန့်မေတွင်မက ဦးချစ်သောင်းကိုပါ အသေ သတ်ပစ်ချင်သော ဘီလူးသဘာက်စိတ်ဝင်လာသောကြောင့် မြှောက်ထား သည့် စားပွဲငယ်ကို မရမကလှမ်းတွယ် ဆွဲလုပ်နေရင်းမှ "ဟဲ့ ချစ်သောင်း နင့်မယားမလုပ်ရရင် နင့်ကိုလုပ်မယ်။ နင့်ကို လုပ်မယ် ..." ဟုဆိုကာ ဦးချစ်သောင်း၏ ဗိုလ်ကေစကလေးကို တစ်ဖက်ကဆွဲ၍ လက်တစ်ဖက် မှ ပါးကို နှစ်ချက်သုံးချက် ဆင့်ချလိုက်လေတော့၏။

တစ်သက်လုံး ရိုးသားတည်ကြည်စွာနှင့် သိက္ခာသမာဓိရှင် ဖြစ် လာခဲ့သူ ဆရာဝန်ကြီး ကာနယ်ဦးချစ်သောင်းသည် မိမိအသက်အရွယ် နှင့် ဂုဏ်သိက္ခာကိုမျှမငဲ့မညှာ၊ မိုက်ရိုင်းပက်စက်စွာ ပြုမူလိုက်သော ဇနီးသည် ဒေါ်ခင်ခင်ကြီးအား ဤတစ်ကြိမ်တွင် မခံမရပ်နိုင်တော့ချေ။ စဉ်းစားခွင့်မရ၊ လျင်မြန်သော စက္ကန့်ကလေးအတွင်း၌ ပက်ထရီ လောင်း ၍ ရှို့လိုက်သော မီးတောက်ကြီးပမာ ဒေါသမီးတောက်ကြီး ဝုန်းခနဲ ထလာပြီး၊ မိမိလက်ထဲတွင် မြှောက်ကိုင်ထားဆဲဖြစ်သည့် ကြေး

စားပွဲကလေးနှင့် စိတ်မာန်အလျောက် တအားလွှဲ၍ ချလိုက်ရာ။ ဗလုံးဗထွေးနှင့် အနိုင်လုနေသော ဒေါ်ခင်ခင်ကြီးသည် အရုပ်ကြိုးဖြတ်လိုက်သလို မတ်တတ်မှ ပုံလဲကျသွားလေတော့သတည်း။

အချိန်ကာလ ကြာမြင့်စွာက နေ့စဉ်နှင့်အမျှ သည်းညည်းခံခဲ့ရသမျှ မျိုသိပ်ကြိတ်မှိတ်နေခဲ့ရသမျှသော အလေးချိန်များပါ တစ်ခါတည်း စုပေါင်းလျက် ဘွိုင်လာပေါင်းအိုးကြီး ပွင့်ကွဲထွက်သွားသည့်ပမာ ဦးချစ်သောင်းသည် စုပေါင်းထားခဲ့ရသမျှ ဒေါသအလေးချိန်ရှိသလောက် လွှတ်ခနဲ ပြုမိသည်တစ်ကြောင်း နဂိုကလည်း သန်မာထွားကျိုင်း၍ ဗလကောင်းသော ယောကျ်ားကြီးတစ်ယောက် ဖြစ်လေရာ ကြေးစားပွဲ ငယ်နှင့် တအားလွှဲ၍ ချလိုက်သည်နှင့် တစ်ပြိုင်နက်၊ ဒေါ်ခင်ခင်ကြီးမှာ ချက်ကောင်းကိုထိပြီး ပွဲချင်းပြီး အသက်ထွက်၍သွားရှာတော့၏။

ဦးချစ်သောင်းနှင့်တကွ၊ ကလေးများနှင့် ဆရာမညွန့်မေတို့မှာ နောက်ဘက်မှ ဒလဟော ထွက်ကျနေသော သွေးအိုင်ကြီးအလယ်တွင် မလှုပ်မယှက် ငြိမ်သက်စွာ အသက်ကုန်သွားရှာသော ဒေါ်ခင်ခင်ကြီးအတွက် ရုတ်တရက် အံ့အားသင့်နေမိရာမှ ဝမ်းနည်းပက်လက်ဖြစ်ကာ ဝိုင်းအုံကြည့်ကြလေ၏။ ကြောက်ရွံ့တုန်လှုပ်နေရှာသော ညွန့်မေမှာ ဒေါ်ခင်ခင်ကြီးကို လျင်မြန်စွာ ပွေ့ထူစမ်းသပ်လျက်ရှိလေ၏။ ကလေးများမှာလည်း မာမီ မာမီဟုခေါ်ကာ ကြောက်လန့်တကြား ဟစ်အော်ငိုကြွေးနေကြရှာ၏။ ဦးချစ်သောင်းလည်း တွေတွေကြီး ကြောင်ကြည့်နေရာမှ ...

"အင်း ... အမိုက်မ အမိုက်မ ..." ဟု ရေရွတ်ကာ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်း၊ မိမိဂုဏ်သိက္ခာအားဖြင့် မဖွယ်ရာသော ကိစ္စကြီးကို ဒေါသအလျောက် ပြုမူလက်လွန်သွားမိလေပြီဟု ရှက်ရွံ့စိတ်များ ပေါ်ပေါက်လာလျက် လောကကြီးတွင် မိမိ၏ အရှက်ကို အသက်နှင့် လဲလိုက်တော့

မည်ဟု ရည်စူးပိုင်းဖြတ်လိုက်ပြီး အနီးရှိ စာရေးစားပွဲ အံဆွဲထဲမှ ခြောက်လုံးပြူးကလေးကို ရုတ်တရက်ဆွဲယူလိုက်ကာ ကိုယ့်ကိုယ်ကိုယ် စီရင်တော့မည်ဟု ရင်ညွှန့်ကို ချိန်လိုက်လေ၏။

ထိုခဏ၌ သမီးအကြီးကလေး မေနှင့် နယ်လီတို့မှာ "ဒက်ဒီ ဒက်ဒီ အမယ်လေး မလုပ်ပါနဲ့ ဒက်ဒီရဲ့ ..." ဟု ဟစ်အော် ပြေးဆွဲကြသည်တွင် ညွှန့်မေလည်း ဒေါ်ခင်ခင်ကြီး၏ အလောင်းကို လွှတ်ကာ ဦးချစ်သောင်းထံသို့ ပြေးလာပြီး ...

"သခင်ကြီး ... သခင်ကြီး ... ကလေးတွေကို သနားပါဦး ကလေးတွေရဲ့ မျက်နှာကို ငဲ့ပါဦး ဒီလို မကြံစည်ပါနဲ့ သခင်ကြီးရဲ့ ..." ဟု မျက်ရည်စတွေနှင့် ပြောဆိုကာ ခြောက်လုံးပြူးကို လျင်မြန်စွာ ဆွဲလုထားလိုက်ရလေ၏။ ထိုအဖြစ်အပျက်များမှာ။ နှစ်မိနစ် သုံးမိနစ်အတွင်းသာ ဖြစ်၍ အိမ်ရှိ အစေခံများမှာ ဦးချစ်သောင်းနှင့် ဒေါ်ခင်ခင်ကြီး စကားများစပင် အခန်းကြီး၏ အနီးအပါးတွင် ရစ်ဝဲ ရစ်ဝဲ ဖြစ်နေကြသည်ဖြစ်ရာ အခြေအနေ မဟန်ပုံရစဉ်ကပင် မိမိတို့ သခင် သခင်မများကို ဩဇာပေးနိုင်သည့် ဆာဘိုးဖေထံသို့ အမြန်လာရောက်ရန် တယ်လီဖုန်း ဆက်လိုက်သူက ဆက်လိုက်ပြီး အချို့ကလည်း ဝင်ရောက်ဖျန်ဖြေခြင်း မပြုဝံ့သည့်တိုင်အောင် အခန်းအပြင် မလှမ်းမကမ်း နေရာမှ ချောင်းမြောင်းကာ အတွင်းက အရေးတော်ပုံများကို စောင့်စားကြည့်ရှုနေကြသောကြောင့် အရေးတော်ပုံ ဆုံးခန်းတိုင်ရောက်သောအခါ ရှိသမျှ အစေခံများသည် ကြောက်အားလန့်အားနှင့် အခန်းတွင်းသို့ စုရုံးဝင်ရောက်လာကာ ဒေါ်ခင်ခင် ကြီး၏ အလောင်းကို တစ်လှည့်၊ ဦးချစ်သောင်းကိုတစ်လှည့်၊ ဆရာမ ညွှန့်မေနှင့် ကလေးတွေကိုတစ်လှည့်ကြည့်ကာ၊ ဘာပြော၍ ဘာလုပ်ရမှန်း မသိအောင် ကြောင်နေရှာကြလေ၏။

ထိုခဏမှာပင် ယခင်က တယ်လီဖုန်းဖြင့် အကြောင်းကြားချက်

အရ ဆာဘိုးဖေနှင့် လေဒီဖေတို့ ရောက်လာကြသည်ဖြစ်ရာ၊ အဘိုးကြီး အမယ်ကြီးတို့မှာလည်း မြင်မကောင်းသော အရေးတော်ပုံနှင့် သည်းတုန်၊ ရင်တုန် တွေ့ကြုံရရှာတော့၏။

ညွန့်မေအား ဒေါ်ခင်ခင်ကြီးကသာ အထင်အမြင်လွဲမှားမှုကြောင့် မုန်းတီးရှုံ့ရှာခြင်း ဖြစ်နေစေကာမူ ညွန့်မေကား ဒေါ်ခင်ခင်ကြီး အပေါ်တွင် ဦးချစ်သောင်းအား ချစ်ခင်ကြည်ညိုသကဲ့သို့ပင် ချစ်ခင်ကြည်ညိုခဲ့သူ ဖြစ်၏။ သို့ရာတွင် ဒေါ်ခင်ခင်ကြီးက အရေးမစိုက် အလိုက်ဘာသာ နေသောကြောင့် အကဲသိစွာ ခပ်ဝေးဝေးကပ်၍နေရသော်လည်း ယခု ကဲ့သို့ ဒေါ်ခင်ခင်ကြီး ပိုးစိုးပက်စက် ရုတ်တရက် သေဆုံးရသောအခါ၊ ထိုသို့သေဆုံးရသည်မှာလည်း မိမိပယောဂမကင်းမိမိအပေါ်တွင် အထင် အမြင်မှားမှုတစ်ခုကို အရင်းခံကာ ဖြစ်ရရှာလေသည်ဟု ဖြေဆည်မရ အောင် ရှိသည်တစ်ကြောင်း ဂုဏ်သရေရှိ သိက္ခာသမာဓိရှင်ဖြစ်သော ဦးချစ် သောင်း၌ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်ရရှာသည်မှာလည်း မိမိ ငြိုဟ်မွေ၍ ဤအိမ်သို့ လာရောက်အလုပ်လုပ်မိသည့်အတွက် ဖြစ်ရ လေခြင်းဟု ဝမ်းနည်းပူဆွေးမှုတွေ ရင်တွင်းမှ လှိုက်လျက် ရှိုက်ကာရှိုက် ကာ ငိုနေမိလေတော့ရာ၊ နောက်အချိန်များ၌ ဘာဖြစ်ကြသည်ပင် မသိအောင် သတိလစ်သွားလေတော့၏။

*

မည်မျှ အချိန်ကြာသွားသည်မသိ ညွန့်မေ သတိရ၍ ကြည့်လိုက် သောအခါ အခန်းကြီးတစ်ခုလုံးရှင်းလင်းတိတ်ဆိတ်နေသည်ကို တွေ့ရ လေ၏။ ညွန့်မေသည် လဲရာမှအားယူ၍ ထလိုက်သောအခါ တစ်ဖက် သော အခန်းမှဝင်လာကြသော အစေခံ မိန်းမကြီးငယ် ၄–၅ ယောက်နှင့် အစေခံယောကျာ်း ၃–၄ ယောက် ဝင်လာကြကာ၊ ညွန့်မေကို စက်ဆုပ်

ရွှဲရှာသော မျက်နှာတွေနှင့် ကြည့်လျက် ထိုလူစုအနက် အသက်အတော်ကြီးသော အစေခံ မိန်းမကြီးက "ဟော့ ဂြိုဟ်မ၊ မူရာမာယာလုပ်နေပေမဲ့ ညည်းကို ဘယ်သူမှ မှုမနေနိုင်ဘူး။ သတိရရင် ဒီအိမ်ပေါ်က မြန်မြန်ကြွတော်မူ ... ညည်းအတွက်နဲ့ တစ်အိမ်သားလုံး ပိုးစိုးပက်စက်ဖြစ်ကုန်ရပြီ ..." ဟု ပြောလိုက်သောကြောင့် ညွန့်မေမှာ တစ်စုံတစ်ရာ ပြန်လည်ချေပခြင်း မပြုနိုင်၊ တလိမ့်လိမ့် ကျဆင်းလာသော မျက်ရည်များကို သုတ်ရင်း တရှုပ်ရှုပ်ငိုရင်း အခန်းတွင်းမှ တဖြည်းဖြည်း ထွက်လာခဲ့ရလေတော့၏။

အိမ်အောက်သို့ရောက်လျှင် မိမိကျေးဇူးရှင်များ မည်သို့ ဖြစ်ရှာကြသည်မသိ။ ကလေးများကိုလည်း မတွေ့ရတော့သည်နှင့် မခွာနိုင်သေးဘဲ၊ တရစ်ဝဲဝဲ ဖြစ်နေရာမှ မိမိအပေါ် အနည်းငယ်သနားပုံရသော အစေခံသူငယ်လေး တစ်ယောက်ကို အကျိုးအကြောင်း မေးမြန်းစုံစမ်းမိလေတော့၏။ သို့နှင့် ထိုသူငယ်ထံမှ ကြားသိရသော သတင်းများမှာလည်း ညွန့်မေအတွက် နားမသက်သာလှချေ။ ဒေါ်ခင်ခင်ကြီး၏ အလောင်းမှာ ပုလိပ်ဘက်က အရေးယူရသော အမှုကြီးဖြစ်၍ ဆေးရုံသို့ စစ်ဆေးရန် ပို့လိုက်ရကြောင်း။ ဆေးရုံရေခဲတိုက်မှ တစ်ဆင့် အလောင်းကို သုသာန်သို့ ခမ်းနားစွာ ယူဆောင်သဂြိုဟ်ရမည်ဖြစ်ကြောင်း ဆာဘိုးဖေမှာ မိမိသမီးအား ရက်စက်စွာ ပြုမူလိုက်ရမလားဟု သမက်ဖြစ်သူ ဆရာဝန်ကြီးကာနယ်ဦးချစ်သောင်းအား များစွာစိတ်ဆိုးလျက် သူ့ သမီးအသက်သေရသလို စက်တိုင်တက်ရစေမည်ဟု ပုလိပ်မင်းကြီးနှင့်တကွ ပုလိပ်အဖွဲ့တစ်ခုလုံးကို ခေါ်ယူအကြောင်းကြားလိုက်သည်ဖြစ်၍ မျက်နှာကြီး အမှုသည်များအတွက် ပုလိပ်ဘက်ကလည်း တရားအတိုင်း ကျပ်တည်းစွာ အရေးယူရသည်ဖြစ်သောကြောင့် ဦးချစ်သောင်းကို ဖမ်းဆီးကာ အာမခံပင်မပေးရဲဘဲ အကျဉ်းထောင်တွင် အရေးကြီးသော လူသတ်မှု တရားခံ

အဖြစ် အချုပ်ချထားကြောင်း ... ဦးချစ်သောင်းသည် မိမိအား ပုလိပ်များ ဖမ်းဆီးရာသို့ လိုက်ပါသွားရမည်ရှိစဉ်အခါက ငိုယိုမြည်တမ်းနေရှာသော မိမိ သမီးကလေး၊ သားကလေးများကို ဤအိမ်မှာပင် ဆရာမ ညွန့်မေ၏ အစောင့်အရှောက်ဖြင့်ထားရန် မှာကြားသွားကြောင်း၊ သို့ရာတွင် ကလေး များ၏ အဘိုးအဘွား ဖြစ်ကြသူ ဆာဘိုးဖေနှင့် လေဒီဖေတို့မှာလည်း သမီးမှ မွေးဖွားခဲ့သော မြေးကလေးများကို အုပ်ချုပ် ပိုင်ခွင့်ရှိနေသေး သဖြင့် သည်အရှုပ်မ၊ ညွန့်မေလက်တွင် ကလေးများကို မထားနိုင်။ ညွန့်မေကို လိုက်စားလျက် အချစ်မာန်တက်နေသော ဦးချစ်သောင်း၏ ရက်စက်မှုကြောင့် မိမိသမီး သေဆုံးရသည်ဟု မကျေမချမ်းနိုင်အောင် ဒေါသထွက်နေကြသည့်အလျောက် ညွန့်မေကို အိမ်မှ မောင်းချလိုက်ရန် အစေခံများကို အမိန့်ပေးမှာကြားပြီး မြေးကလေးများကို ၎င်းတို့ကားနှင့် ဇွတ်အဓမ္မ ခေါ်ယူရွှေ့ပြောင်းသွားကြကြောင်း။ ဤအိမ်သူ အိမ်သား အစေခံများနှင့်တကွ၊ ဒေါ်ခင်ခင်ကြီး၏ ဆွေမျိုး မိတ်သင်္ဂဟများမှာ ညွန့်မေအပေါ်တွင် လွန်စွာ စက်ဆုပ်ရွံမုန်းလျက် ပုလိပ်တိုင်ချက်မှာပင် ညွန့်မေက အားပေးအားမြှောက်ပြု၍ ဦးချစ်သောင်းက ဒေါ်ခင်ခင်ကြီး ကို ရက်စက်စွာ သတ်ရသလိုလို အစေခံများက ထွက်ဆိုထားကြောင်း သို့ရာတွင် အနီးဆုံးမျက်မြင်သက်သေဖြစ်ကြသည့် မေ၊ နယ်လီ၊ အပါ စသော ကလေးများက မှန်ရာထွက်ဆိုထားသောကြောင့်သာ ညွန့်မေတွင် အဖမ်းအဆီးမခံရကြောင်း။ သို့ရာတွင် ညွန့်မေမှာ လူသတ်မှုတွင် အရေးပါအရာရောက်သော သက်သေတစ်ဦးအဖြစ် ပါဝင်ရဦးမည့်အပြင် ဤအမှုနှင့် ပတ်သက်၍ အထက်ကျော်ကာရီက ညွန့်မေနှင့် ဦးချစ်သောင်း တို့ ကလေးများနှင့်အတူတကွ အပျော်လမ်းခရီးထွက်တတ်ကြသည်ကို တွေ့မြင်ရသော လူကြီးလူကောင်းသက်သေများလည်း အမြောက်အမြား ဝင်ရောက်အစစ်ခံကြရန် ဆာဘိုးဖေတို့က စီမံစိုင်းပြင်းလျက်ရှိနေကြ

ကြောင်း ... များကို ကြားသိရသောအခါ ညွန့်မေမှာ ကံဆိုးမသွားလေရာ မိုးလိုက်၍ရွာတတ်သည့် မိမိ၏ ဆိုးရွားလှစွာသော ကံကြမ္မာကိုသာ အကြိမ်ကြိမ် အထပ်ထပ် စိတ်နာလျက် မိမိနှင့်အလားတူ ကံဆိုးမိုးမှောင် ကျသွားကြရရှာသော ဦးချစ်သောင်း၊ ဒေါ်ခင်ခင်ကြီးနှင့် ကလေးများ အတွက် မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရရှာလေတော့သတည်း။

⭘

# အခန်း [ ၉ ]

ဆရာဝန်ကြီး ကာနယ်ဦးချစ်သောင်း၏ဇနီး ဒေါ်ခင်ခင်ကြီးမသာ မှာ ရန်ကုန်မြို့ကြီးတွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးအောင် အထူး စည်ကားလှစွာ၏။ ဒေါ်ခင်ခင်ကြီး၏ မိဘများမှာ အစိုးရအရာရှိကြီး ဆွေမျိုးကြီးထဲမှ ဖြစ်ပြီးလျှင် ဦးဘိုးဖေမှာ ဆာဘွဲ့ရ ပြည်ထဲရေးဝန်ကြီးချုပ် ဟောင်းတစ်ဦး ဖြစ်သောကြောင့်လည်း မသာပို့ကြသော ပရိသတ်များမှာ အစိုးရအရာရှိအစ သူဌေးသူကြွယ်၊ ကုန်သည်အဆုံး မြို့လုံးကျွတ်မျှ ရှိကြလေ၏။

မသာတွင် လူစည်သလောက် လူတိုင်း၏ ပါးစပ်ဖျားတွင် အချုပ် ခန်းတွင်း၌ ရှိနေရာသော ကာနယ်ဦးချစ်သောင်း၏ အကြောင်းကို ရင်သပ်အံ့ဩ အပြောကြီးပြောကြပြီးလျှင် သနားသဖြင့် စုတ်သပ်သူက သပ်၊ မတရားကျော်ကြားသော သတင်းကို ယုံမှား၍ ကဲ့ရဲ့ပြစ်တင်စကား ပြောသူကပြောလျက် ကျန်ရစ်သူ ကလေးများအတွက် ကရုဏာဖြစ်သူ ကဖြစ်ကြပြီးလျှင်။ အဆုံးတွင် မြေနိမ့်ရာလှံစိုက်ဆိုသလို၊ မျက်နှာမွဲ ကလေး ညွန့်မေအပေါ်သို့သာ အပြစ်ရှိသမျှ စုပုံချကြပြီး မဲ့ရွဲ့ရွံ့မုန်း

အော့နလုံးနာသွားကြလေတော့၏။

ဦးချစ်သောင်း၏ အရပ်ရပ်အနယ်နယ်ရှိ အပေါင်းအသင်းမိတ်ဆွေရင်းများမှာလည်း မိမိတို့ ကြည်ညိုလေးစား အရေးထားလျက်ရှိနေသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဤသို့ဖြစ်ရခြင်းအတွက် ရင်ကွဲပက်လက်ဝမ်းနည်းလက်စ မသိမ်းနိုင်အောင် စုတ်တသပ်သပ် ရင်ဘတ်တမမနှင့်နမြောတသမပြီးနိုင်အောင် ဖြစ်ကြရကာ။ ထိုသူတို့၏ နိဂုံးချုပ် အပြစ်တင် စကားမှာလည်း ညွန့်မေအားသာလျှင် အဆုံးထားကြလေတော့၏။

ဦးချစ်သောင်းမှာ အမည်ထင်ရှား လူသိများသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သလောက်၊ ကြောက်လန့်ဖွယ် ရာဇဝတ်မှုကြီးကို ကျူးလွန်ထားကြောင်း၊ ကံဆိုးစွာနှင့် သေရရှာသူမှာလည်း ဦးချစ်သောင်း၏ဇနီးဂုဏ်အသရေရှိ အမျိုးသမီးကြီးဖြစ်နေသောကြောင့် သတင်းစာ အစောင်စောင်တို့မှာ မိမိတို့ သတင်းထောက်များ စုံစမ်းထောက်လှမ်းရကြသလောက် တစ်ယောက်ထက်တစ်ယောက် မသာသာအောင် အမျိုးမျိုးအစားစား စီကာပတ်ကုံး ဖွဲ့နွဲ့ရေးသားထားကြပြီး ဆရာဝန်ကြီးကာနယ်ဦးချစ်သောင်း၏ရုပ်ပုံ၊ သေဆုံးရရှာသူ ဇနီး ဒေါ်ခင်ခင်ကြီး၏ ရုပ်ပုံများအပြင် ဤမှု တိုင်းကျော်ပြည်ကျော် မတော်မလျော်သော အမှုကိစ္စကြီးတစ်ခု ပေါ်ပေါက်လာအောင် “စနက်မီးမွှေးလိုက်သော ဆရာမကလေးမညွန့်မေ၏ပုံ” ဟု ခေါင်းစဉ်တပ်လျက် ညွန့်မေ၏ ဘလောက်ပုံ အမျိုးမျိုးကို ထင်ရှားပြတ်သားစွာ ထည့်သွင်းဖော်ပြကြရုံမက၊ မျက်နှာကြီးဖြစ်သော ဒေါ်ခင်ခင်ကြီး၏ မိဘဆွေမျိုးများထံမှကြားရသော တစ်ဖက်သတ်သတင်းစကားအတိုင်း ညွန့်မေအား ပျံလွှားမ၊ မိန်းမပျက်မ၊ ပိုင်းလုံးမတိုင်းပြည်က ကြည်ညိုမြတ်နိုးခြင်း ခံနေရသော လူကြီးလူကောင်းတစ်ဦးအား အမှားမှားအယွင်းယွင်း ဖြစ်စေအောင် သွေးဆောင်ဖျက်ဆီးသော“မိန်းမလည်” အခြေမျိုးသို့ ရောက်သွားစေသည့် သတင်းများကို ရနိုင်

သလောက် ထည့်သွင်းဖော်ပြထားကြသောကြောင့်လည်း သတင်းစာ အားဖြင့် ကြားရသိရကုန်သော တစ်နိုင်ငံလုံးသည် ညွန့်မေအား ပကာသ နိယကံ ပြုထားချင်ကြသလောက် အရှုံကြီး ရှုံ၍ အမုန်းကြီးမုန်းနေကြလေ၏။

ညွန့်မေကို မုန်းသလောက် သေရရှာသူ ဒေါ်ခင်ခင်ကြီးနှင့် အချုပ် ခံနေရရှာသူ ဦးချစ်သောင်းတို့၏ ဂုဏ်သတင်းကို အထက်ဘဝဂ်သို့ ရောက်လုနီးမျှ မြှောက်ချီးသိဒ္ဓိတင်ကြကာ သနားကရုဏာမကင်းဖြစ်နေ ကြလေရာ။ ညွန့်မေမှာ မြေနိမ့်ရာ လှံစိုက်၊ မျက်နှာမဲ့ ငပဲ့တုတ်နဲ့ ဝိုင်းချ ဆိုသလို တစ်ဖက်သတ်ဝိုင်း၍ "အနှိမ်" ခံနေရရှာခဲ့၏။

သို့နှင့် တစ်တိုင်းပြည်လုံး ညွန့်မေကိုဝိုင်း၍ မုန်းနေကြလေရာ။ ညွန့်မေအတွက် တရားသဖြင့် မှန်ရာသိနေကြသူများမှာ မေ၊ နယ်လီနှင့် အပါတို့ သုံးဦးမျှသာရှိ၍ ထိုသုံးဦးမှာလည်း လူရာမဝင်သေးသော ကလေးများသာဖြစ်ရှာကြသည့်အပြင် အဘိုးအဘွားတို့၏ ချုပ်ချယ်ထား မှုလည်း မကင်းသဖြင့် ညွန့်မေ၏ အမှုမှန်ကို တိုင်းပြည်သိရန် ရှင်းလင်း နိုင်စွမ်းမရှိရှာကြ။ အဖြစ်အပျက် အကျိုးအကြောင်းတွေကိုလည်း ဘာမျှ နားမလည်ကြဘဲ မိမိတို့ ဆရာမချစ်ကလေးနှင့် လေမုန်တိုင်းဆင်၍ ကွဲခဲ့ရသလို တငိုငိုတရီရီနှင့်သာ ရှိနေရှာကြပြီးလျှင် တစ်ခါတစ်ခါတွင် လည်း မိခင်ကြီးကို တ၊ တစ်ခါတစ်ခါ၌လည်း ဖခင်ကြီးကို တ၍၊ တစ်ခါ တစ်ခါလည်း ဆရာမကလေး ညွန့်မေကို တကာ ချိုင့်လှောင်ထား ခြင်းခံရသည့် ကြက်ငယ်၊ ငှက်ငယ်ကလေးများပမာ သနားစရာ ဖြစ်နေ ရှာကြလေ၏။

မြွေပွေ့ရာ ကင်းမှောင့်ဆိုသလို ညွန့်မေမှာလည်း မူလကမှ စားစရာ နေစရာမရှိ၍ အတိဒုက္ခရောက်လျက် ရှိနေသည်ဖြစ်ရာ ယခုကိစ္စကြီးတွင် မိမိက ခလောက်ဆန်လုပ်သည်ဟု အများ၏ အထင်မှားမုန်းထားခြင်းခံရ

ကာ မည်သူကမျှ ဆေးဖော်ကြောဖက်မလုပ် စက်ဆုပ်စွာ စွန့်ခွာထားကြ သည့်အတွက် ဆွေမျိုးအင်အားကလည်းမရှိ၊ ဂုဏ်ပါဝါကလည်း ကင်းမဲ့၊ ဥစ္စာဓနကလည်း ချို့တဲ့သဖြင့် မိမိဘက်မှ တစ်စုံတစ်ရာမျှ ရှင်းလင်း ဖြေဆိုခွင့်မရ။ အကယ်၍ ရှင်းလင်းချေပခွင့်ရသည် ဖြစ်စေကာမူလည်း မည်သူကမျှ ယုံကြည်ကြမည်မဟုတ်။ ဒေါ်ခင်ခင်ကြီးတို့၏ ဆန်ကော လောက် ကြီးမားနေသောမျက်နှာနှင့် ဆီးရွက်မျှသာရှိသော မိမိ၏ မျက်နှာမှာ ကွာချင်တိုင်းကွာနေသည်ကို တွေ့ရပြီး ဓနရှင်နှင့် ဆင်းရဲသား ဤအချက်တွင် တက်တက်စင်ခြားနားနေကြောင်း လက်တွေ့သိလာရ သည့်အတွက် အများ၏ တံတွေးကွက်တွင် မလှုပ်မယှက် ငြိမ်သက်စွာ ခေါင်းငုံ့ခံနေလျက် ရှိတော့၏။

ဦးချစ်သောင်းကား အရှက်နှင့် အသက်ကိုလဲကာ၊ မိမိကိုယ်ကိုပင် ဘဝဆုံးစွန်ထားသူဖြစ်သောကြောင့် မိမိကျူးလွန်ထားသော ထင်ရှားလှ သည့် ပြစ်မှုကြီးအတွက် တစ်စုံတစ်ရာ ပြောဆိုရှင်းလင်းခြင်း မပြုတော့ ဘဲ၊ နှုတ်ပိတ်ရေငုံလုပ်ကာ တေမိဇာတ်ခင်း၍နေရှာတော့၏။ "မထူး ဘူး ... မထူးဘူး ... ငါဘာလုပ်လုပ် အံပိုပဲ ..." ဟူသော စိတ်ဓါတ်ဖြင့် ကြုံရမည့် အပြစ်ဒဏ်ကို ကြိတ်ခဲ၍ခံတော့မည်ဟု ဆုံးဖြတ်ထားသူဖြစ် သည့်အားလျော်စွာ၊ မည်သူလာ၍ မည်သို့ပင် မေးမေး အရှည်အဝေး ဖြေဆိုရှင်းလင်းချက်ဟူ၍ တစ်လုံးတစ်ပါဒမျှမပေးဘဲ ရှိခဲ့၏။

သို့နှင့် ဦးချစ်သောင်းကား။ ချောက်ချားတုန်လှုပ်ကာ ရက်ကြောက် ဝမ်းနည်းသောစိတ်များအတွင်းကပင် ကသီလင်တကျန်ရစ်ရှာကြသော သားသမီးကလေးများအတွက် စိတ်မဖြောင့်နိုင်အောင် ရှိရှာသည်က တစ် မျိုး၊ ကံဆိုးသော ဇနီးသည်အတွက် ဝမ်းနည်းပက်လက်ဖြစ်ရသည်က တစ်ဖက်၊ သက်သက်မဲ့ သူတစ်ပါး အထင်အမြင်လွဲ၍ အကျိုးနည်း အရှက်ကွဲဖြစ်ရရှာသော ညွှန့်မေအဖို့ သားချင်း၊ သမီးချင်းစာကာ သနား

ကြင်နာခြင်း ဖြစ်နေမိရှာသည်က တစ်ဖုံတို့ကြောင့် သုန်မှုန်တွေဝေပြီး အချုပ်ခန်းထဲတွင် စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်နေရရှာတော့၏။

အထက်တန်းစား လူချစ်လူခင်များ၍ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးဖြစ်သည့်အားလျော်စွာ ရင်းနှီးသော လူကြီး၊ လူကောင်း၊ အပေါင်း၊ အသင်းများက လာရောက်အားပေးခြင်း အမှုအတွက် သက်သာရာ သက်သာကြောင်း အားထုတ်ဆောင်ရွက်ရန် အကြံဉာဏ် ပေးဆွေးနွေးခြင်း စသည်တို့ကို ပြုလုပ်ကြစေကာမူ မိမိအတွက် ဒုက္ခမရှာကြရန် မိမိမှာ အရှက်နှင့် အသက်ကို လဲလှယ်လိုသော စိတ်ဆန္ဒရှိနေရာမှ လူမမည်ကလေးများအတွက် ငဲ့ကွက်ခြင်းဖြင့်သာ အောင့်အည်းနေရခြင်းဖြစ်ကြောင်း ဤအမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့သည့်တိုင်အောင် လူပုံအလယ်၌ ရှက်ဖွယ်ကောင်းသော မိမိမျက်နှာကို ပြ၍နေရသည်ထက် ထောင်တစ်သက် လွတ်ရက်မရှိ ကျနေသည်ကို အလိုရှိကြောင်းများ သနားစဖွယ် ပြောဆိုငြင်းပယ်၍ နေရှာတော့၏။

ဆာဘိုးဖေမှာ မိမိ၏ တစ်ဦးတည်းသော ချစ်သမီး သေဆုံးရမှုအတွက် ဦးချစ်သောင်းအပေါ်တွင် အပြစ်မရှိဘူးဆိုက မိမိကိုယ်တိုင်ပင် အသက်ဆုံးအောင် လက်စားချေလိုသော ဆန္ဒရှိနေသည်အထိ အာဃာတစိတ်ထားရှိသည်ဖြစ်ရာ ဦးချစ်သောင်းအပေါ်တွင် အပြစ်လေးသည်ထက် လေးလျက် စက်တိုင်တင်၍ကြိုးပေးခံရသည်အထိ အရေးတကြီးကြိုးစား၍နေတော့၏။ သို့ရာတွင် မြေးကလေးများမျက်နှာကို မြင်ရသောအခါ အထူးစိတ်မကောင်းခြင်း ဖြစ်မိရှာရုံမက ဦးချစ်သောင်းမှာ မိမိကိုယ်တိုင်သဘောကျလှ၍ မိမိသမီးနှင့် ငယ်စဉ်ကရွေးချယ်ပေးစားထိမ်းမြားထားသော သားရင်းတမျှ ချစ်ခင်အားကိုးခဲ့သော သမက်တစ်ဦးဖြစ်နေပြန်သောကြောင့် ဒေါသအလျောက် စိတ်ထားမိသည်ကိုပင် စိတ်မကောင်းဖြစ်မိပြန်လေ၏။

သို့ရာတွင် ထိုအရေးမှာ ဆာဘိုးဖေက ထိမ်ချန်သော်လည်း မဖြစ်နိုင် ပုလိပ်အရေးပိုင်သော ရာဇဝတ်မှုကြီးတစ်ခုဖြစ်နေသောကြောင့်၊ ထုံးစံအတိုင်းပင် အမှုကို ရုံးသို့တင်၍ စစ်ဆေးရသည့် အချိန်သို့တိုင် ရောက်လာလေ၏။ အမှုစစ်ဆေးသည့်နေ့တိုင်း မျက်နှာကြီး၊ နာမည်ကြီး တိုင်းသိပြည်သိအမှုဖြစ်သည့် အားလျော်စွာ၊ ရုံးခန်းတစ်ပိုက်၌ ခေါင်းချင်းကိုယ်ချင်း ရိုက်မိအောင်လာရောက် နားထောင်ကြသော ပရိသတ်များ စည်ကားပြည့်ညပ်လျက်ရှိလေ၏။

လူကိုယ်တိုင် မလာမရောက်နိုင်သော သူများမှာလည်း တစ်ဆင့်စကား တစ်ဆင့်နား ဖောက်သည်ခံနှင့် အမှုကို စိတ်အားထက်သန်စွာ နားနာကြတော့၏။ အမှုဖြစ်စက သတင်းစာအသီးသီးက စာလုံးကြီးများနှင့် ဖွဲ့နွဲ့ချဲ့ထွင်၍ ဖတ်ချင်စဖွယ် ရေးသားထားကြသည်ဖြစ်ရာ၊ ရန်ကုန်မြို့ပေါ်နှင့် တကွ၊ မြို့နယ်အရပ်ရပ်မှ သတင်းစာဖတ်ပရိသတ်များမှာ ဂဠုန်ဆရာစံနှင့် စံဖဲ ကျော်စိုးစသူတို့၏ အမှုမျိုးကို ဂရုတစိုက် သိလိုကြားလိုကြသည်နှင့်မခြား။ တစ်တိုင်းပြည်လုံး မျက်စိနှင့်နားကို ဖွင့်လျက် မနက်စောစောထွက် သတင်းစာများကို အလုအယက် သူ့ထက် ငါဝယ်ယူဖတ်ကြည့်ကြကာ အမှုအတွက် အမျိုးမျိုးသော ထင်မြင်ချက်များပေးလျက်ရှိကြ၏။ အမှုသတင်းပါတိုင်းလိုလို လက်မြန်ခြေမြန်ရှိလှသော သတင်းထောက်၏ ဓာတ်ပုံများကြောင့် သက်သေခံရောက်လာရသူ ဆရာမညွန့်မေ၏ ဓာတ်ပုံဘလောက်များကို ဘေးစောင်းတစ်မျိုး... တည့်တည့်တစ်ဖုံ၊ နောက်ကြည့်ပါ စုံအောင် ထည့်သွင်းထားရုံမက ဆရာမညွန့်မေမှာ ယနေ့အဖို့ မည်သို့ အသွေးအရောင်ရှိသော လုံချည် အင်္ကျီဝတ်လာသည်။ ယနေ့ဆံပင်ကို မည်သို့ ဖြီး၍ တရားသူကြီးရှေ့၌ မည်သို့သော ဟန်အမူအရာနှင့် ပြောသည်တို့ကိုပါ သေချာဂန ရေးပြထားကြသဖြင့်လည်း ကလေးအစ၊ လူကြီးအဆုံး၊ ဘုန်းကြီး မယ်သီလ

မကျန် သတင်းစာကြည့် ပရိသတ်မှန်သမျှများမှာ ညွန့်မေကို စက်ဆုပ်ရွံမုန်းအော့နလုံးနာ၍နေကြပြီးလျှင် ညွန့်မေ၏ ဘလောက်ရုပ်ပုံကိုမြင်တိုင်းလည်း "ပျံလွှားမ၊ ပိုင်းလုံးမ၊ ဂြိုဟ်မ၊ လောင်စာမ၊ သင်းရှို့လိုက်တဲ့မီးကြောင့် လူကြီးလူကောင်းတစ်ယောက်လုံး 'လူသတ်မှုကြီး ကျူးလွန်လိုက်ရတယ်။ တစ်ယောက်မှာလည်း ပွဲချင်းပြီး သေရရှာတယ်။ လူသတ်မ၊ ကြောက်စရာမ၊ သူ့ကိုယ်တိုင်မသတ်ဘဲနဲ့ သူ့အတွက်နဲ့ သူတစ်ပါးလည်ပင်းကို ဒုက္ခကြိုးကွင်းကြီး စွပ်ပေးလိုက်တဲ့ မိန်းမယုတ်..." စသောဂုဏ်ထူးဝိသေသများမှာ ညွန့်မေအဖို့ တစ်နိုင်ငံလုံးက ဝိုင်း၍ နှိမ့်ချပွဲကြီးကျင်းပလိုက်သည်ကဲ့သို့ ဖြစ်သွားလေတော့၏။

သို့နှင့်ပင် နောက်ဆုံးတစ်နေ့၌ ဦးချစ်သောင်းအမှု၏ စီရင်ချက်ပေါ်ထွက်လာလေ၏။ တရားခံဖြစ်သူ ဦးချစ်သောင်းမှာလည်း အဓိပတိလူကြီးလူကောင်း သိက္ခာသမာဓိရှိသူ တစ်ဦးဖြစ်သည် တစ်ကြောင်း၊ သေသူ တရားလိုဘက်ကလည်း အဓိပတိ မျက်နှာကြီးများဖြစ်သည်တစ်ကြောင်း အမှုမှာလည်း တိုင်းကျော်ပြည်ကြား ထင်ရှားသောရာဇဝတ်မှုကြီး ဖြစ်နေသည့်အပြင် မျက်မြင်သက်သေများကလည်းထင်ရှားနေသောကြောင့် ဦးချစ်သောင်းအား လူသတ်မှုအတွက် အစိုးရဘက်မှ သက်ညှာနိုင်သမျှ သက်ညှာကာ ထောင်ဒဏ် ၅ နှစ် ဘီအတန်းမှ ကျခံစေရန် စီရင်ချက် ချမှတ်လိုက်လေ၏။

ဒေါ်ခင်ခင်ကြီး၏ ရင်းနှီးသူများကား ထိုစီရင်ချက်ကို အားမရမကျေနပ်ကြဘဲ သေစားသေစေရန် အမိန့်မချသည်ကိုပင် တရားသူကြီးအား လာဘ်စားသည်ဟု စကားတင်းဆိုကြပြီးလျှင် ဦးချစ်သောင်း၏ဆွေမျိုးမိတ်သင်္ဂဟများကမူကား ထောင်ဒဏ် ငါးနှစ်ကိုပင် မကျေမနပ်ကာ တစ်ဖက်ကမျက်နှာကို အဂတိလိုက်စားသည်ဟု ထင်မြင်ပြီး ဟိုက်ကုတ်သို့ပင် အယူခံဝင်ရန် တကဲကဲ ပြင်လျက်ရှိလေ၏။ သို့ရာတွင်

ကာယကံရှင်ဖြစ်သူ ဦးချစ်သောင်းက အယူခံဝင်ခြင်းကို သဘောမတူဟု အတန်တန် ငြင်းဆန်နေခြင်းကြောင့် အယူခံဝင်လိုသူများမှာ အားမတန် မာန်လျော့ဆိုသလို ငြိမ်သက်စွာ နေလိုက်ကြရလေတော့၏။

ညွန့်မေကား၊ ဦးချစ်သောင်းအတွက် တသက်သက် သနားကရုဏာ ဖြစ်ရရှာတော့၏။ မိမိသက်သေအဖြစ် အစစ်ခံရစဉ်အခါက တစ်ဖက်မှ ရှေ့နေက မိမိနှင့်ဦးချစ်သောင်း အပေါ်တွင် နောက်နောက်က နေထိုင်ဆက်သွယ်ခဲ့ပုံများ ကလေးများနှင့် ပွဲလမ်းသဘင်မှစ၍ အဝေးအလံ ခရီးသွားခြင်းအခါများက ဦးချစ်သောင်း လိုက်ပါလာပုံများကို အခြေထား၍ လူပုံလယ်တွင် ပရိသတ်က အထင်လွဲ၍ အရှက်တကွဲ အကျိုးနည်းဖြစ်စေရန် စုတ်ပွဲသော ရှေ့နေညဏ်နှင့် မေးခွန်းထုတ်ခဲ့သည်များကို လူအများက ရီးသားစွာသွားလာ ဆက်ဆံနေကြောင်း သိစေရန် တစ်ကြောင်း၊ ဒေါ်ခင်ခင်ကြီး၏ မကောင်းထင်တတ်မှုများကို လည်းကောင်း၊ အချင်းဖြစ်ပွားသောနေ့က ဒေါ်ခင်ခင်ကြီးက အလွန့်အလွန် ကျူးလွန်မိုက်ရိုင်းစွာ ပြုမူ၍သာ ဦးချစ်သောင်းမှာ စိတ်အလျောက်၊ မာန်အလျောက် ဖြစ်သွားရရှာကြောင်း ထွက်ဆိုခဲ့ရာတွင်လည်း ဦးချစ်သောင်းကို အမှုမှ လွတ်စေလိုသော စေတနာဖြင့် “ပင်း” ၍ ထွက်ဆိုသွားသည်ဟုသာ အထင်ရောက်နေကြပြီးလျှင်၊ ဒေါ်ခင်ခင်ကြီး သေရသည့်အချိန်က ဖြစ်ပွားပုံအကြောင်းများကို အသေးစိတ် မေးခွန်းထုတ်သောအခါများမှာလည်း အစေခံများ၏ ထွက်ချက်နှင့် ဦးဘိုးဖေတို့၏ ဆင်လုံးတိုင်ချက်အတိုင်းမှာ “ဒေါ်ခင်ခင်ကြီးသည် မိမိလင်နှင့် မသင့်ကြ၍ ဆရာမကလေး ညွန့်မေကို အိမ်မှ အလုပ်ထုတ်ပစ်လိုက်ကြောင်း။ ဦးချစ်သောင်းသည် ဆရာမကလေးရှိရာသို့ ဒေါ်ခင်ခင်ကြီး မသိအောင် တိတ်တဆိတ် သွားလာနေရာ နောက်ဆုံးတွင် ဒေါ်ခင်ခင်ကြီး သိသွား၍ စကားများကြကြောင်း။ အမှုဖြစ်ပွားသောနေ့ကမူ အိမ်မှ နှင်ထုတ်ထား

သော ဆရာမ ညွန့်မေကို ဦးချစ်သောင်း၏ အခန်းထဲတွင် တွေ့နေရသဖြင့် ဒေါ်ခင်ခင်ကြီးမှာ ဦးချစ်သောင်းအား ညွန့်မေ၏ရှေ့တွင် ဆူပူရန်တွေ့ရာမှ ဦးချစ်သောင်းက ကြေးစားပွဲငယ်နှင့် ပွဲချင်းပြီးသေအောင် ခုတ်ချလိုက်ကြောင်းများဖြစ်၍ အရပ်ရပ် သတင်းစာများမှာလည်း ထိုအယူအဆအတိုင်းပင် ပါရှိခဲ့သည်ဖြစ်ရာ ညွန့်မေသည် ထိုအချက်ကိုလည်း မဟုတ်မမှန်ကြောင်း ဦးချစ်သောင်း မိမိထံလာသည်မှာ ကလေးများက တွေ့လိုသည် ပူဆာ၍ ရိုးရိုးသားသား လိုက်ပို့ကြောင်း အိမ်ပေါ်ကိုပင် မည်သည့်အခါကမျှ မတက်ဖူးကြောင်း၊ နောက်ဆုံး ဦးချစ်သောင်း အိမ်သို့ ရောက်လာရသည်မှာ သေသူ ဒေါ်ခင်ခင်ကြီးက မိမိကို အလုပ်ပြန်ပေးလိုကြောင်းနှင့် ကလေးများကို အခေါ်လွှတ်၍ လိုက်လာရခြင်းဖြစ်ကြောင်း သို့ရာတွင် အိမ်ရောက်လာသောအခါ အပြောနှင့် အဟောမညီဘဲ မိမိကို ဦးချစ်သောင်းရှေ့မှာပင် မဟုတ်မတရား စွပ်စွဲဆဲဆိုကြောင်း ဦးချစ်သောင်းက ဤသို့ ပြောရန်မသင့်ကြောင်း ဝင်ပြောမိသဖြင့် ဒေါ်ခင်ခင်ကြီးက မိမိကို ကြေးစားပွဲနှင့် ကိုင်ပေါက်လိုက်ရာ ဦးချစ်သောင်းက ဆီးကာထားခြင်းကြောင့် ဒေါ်ခင်ခင်ကြီးသည် ဦးချစ်သောင်းကို ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုရုံမက ပါးကို လေးငါးချက် ရိုက်နှက်လိုက်သည့်အတွက် ဦးချစ်သောင်းမှာ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ကြီးအားသေစေလိုသော ဆန္ဒမရှိသော်လည်း ရှက်စိတ်နှင့် ဒေါသရောစွက်ကာ လက်တွင်အဆင်သင့်ရှိနေသော ကြေးစားပွဲကလေးနှင့် ရုတ်တရက်ပေါက်မိလိုက်ခြင်းဖြစ်ကြောင်းကို မှန်ကန်သည့်အတိုင်း အစစ်ခံသော်လည်း ကြားရသူများမှာ ညွန့်မေကို မသနားကြသည့်အပြင် မိမိကိုယ်ကိုဉာဏ်ဆင်၍ ခြောက်ပြစ်ကင်းထင်အောင် သွယ်ဝိုက်သော နည်းနှင့် ကြော်ငြာနေသည်ဟုသာ အထင်ရှိပြီး ဟီးလေးဟားလေးနှင့်ပင် လှောင်သံပေး၍ သွားကြကုန်သေး၏။

သို့နှင့် ညွန့်မေမှာ လောကကြီးတွင် ဓနရှင်နှင့်ဆင်းရဲသား အကြိတ်အနယ် စကားပြောနေကြသော်လည်း တကယ့်တကယ် အရေး ဆိုလျှင် ဓနမရှိသော မျက်နှာမဲ့ကလေးများအပေါ်တွင်သာ မြေနိမ့်ရာ လှံစိုက်နှင့် လူတိုင်းက ခလုတ်တိုက်ကြပါကလားဟု လက်တွေ့ တရား ကျကာ လူသူလေးပါးသိအောင် မိမိ၏ အပြစ်ကင်းမှုကို မပြုလို။ ပြု၍ လည်း မည်သူမှ အယုံအကြည်တရားရှိကြမည် မဟုတ်သည်တို့ကို စဉ်းစားမိလျက် မျက်ရည်စက်လက်နှင့်ပင် လူထဲမထွက်ဝံ့ရှာတော့ဘဲ အိမ်လခဌွေဝင်ပြီးဖြစ်နေသော အိမ်ကလေးထဲတွင်သာ ကုပ်၍နေလိုက် ရရှာလေ၏။

○

# အခန်း [ ၁၀ ]

တရွေ့ရွေ့နှင့် တစ်နေ့ပြီးတစ်နေ့ အချိန်တွေကုန်ခဲ့တော့၏။ အရေးတကြီး လူတိုင်း၏ နှုတ်ဖျားတွင် သီးနေသော ဦးချစ်သောင်း၏ အမှုမှာ ရေနွေးအိုးလို အငွေ့တလူလူနှင့် အဆူကြီးဆူနေရာမှ တဖြည်းဖြည်း အေးစပြုလာလေ၏။ ဆရာဝန်ကြီး ကာနယ် ဦးချစ်သောင်းနှင့် ဒေါ်ခင်ခင်ကြီးတို့၏ အကြောင်းကို လူတွေ အပြောအေးသွားသလောက် ညွန့်မေ၏ နာမည်ဆိုးကြီးမှာမူ မည်သူမျှ မမေ့မလျော့ဘဲ စိတ်တည်းဟူသော အမှတ်သညာတွင် စွဲ၍ နေကြလေ၏။

လူတွေ လက်ညှိုးထိုးမှု ကဲ့ရဲ့ရှုတ်ချမှုတို့ကြောင့် ထိကရုံးပင်ကလေးလို တညှိုးညှိုး တခွေခွေ အိမ်ထဲမှ မထွက်ဝံ့ဘဲ နေခဲ့ရသော ညွန့်မေမှာ နှစ်လ သုံးလလောက် အကြာတွင် အိမ်တွင်းအောင်း၍ နေနိုင်သော အင်အားမရှိရှာသူ ဖြစ်သည့်အားလျော်စွာ မြေစမ်းခရမ်းပျိုးဆိုသလို ပုန်းအောင်းရာမှ ထွက်ကာ အစာရှာရစပြုလေ၏။ သို့ရာတွင် မိမိထင်သလိုမဟုတ်ဘဲ တိုင်းကျော်ပြည်ကြား နာမည်ပျက်ကြီး ရရှိထားသူဟု အလုပ်တိုက် အသီးသီးမှ လျှောက်လွှာကိုလက်မခံဘဲ လူကိုပင် သူတို့၏

အလုပ်တိုက်ထဲမှ အမြန်ထွက်သွားရန် မောင်းမဲနှင်ထုတ်ခြင်းခံခဲ့ရလေတော့၏။

ကျောင်းအလုပ်တိုက်များတွင် မတော်ဟု အော်ငေါက်မောင်းနှင်လွှတ်ခြင်းခံရ၍ ရိုးရိုးအလုပ်တိုက်နှင့် ကုန်တိုက်များတွင် လှည့်လည်ရှာဖွေပါသော်လည်း ထိုနည်းလည်းကောင်း မိမိအမည်နှင့် မိမိရုပ်ပုံကိုလူတိုင်းစေ့ မြင်ဖူးကြားဖူးပြီဖြစ်သဖြင့် အလုပ်ပေးရန် မသင့်လျော်ဟု ငြင်းပယ်လွှတ်ကြလေရာ။ ညွှန့်မေမှာ မည်သူ့ထံမှလည်း ခိုကိုးစရာမရှိရှာသောကြောင့် ငတ်တစ်ချက် ပြတ်တစ်ချက်နှင့် ဒုက္ခကြီးစွာ ဖြစ်ရရှာတော့၏။

ထိုအထဲမှာပင် ကွဲကွာနေရရှာသော မိဘမဲ့ မောင်နှမတစ်စုဖြစ်ရှာသည့် အပါ၊ နယ်လီနှင့် မေတို့အား သနားကြင်နာ၍များစွာ တွေ့မြင်ယုယချင်ပါလည်း မိမိမှာ မည်သည့်နည်းနှင့်မျှ ဆာဘိုးဖေ၏ အိမ်သို့သွားနိုင်ခွင့်မရှိ။ ဓမ္မာသောကအစစ် ဖြစ်ကြီးဖြစ်ခဲ့ရသောကြောင့်တစ်ခါတစ်ရံလည်း ကလေးများကို အဝေးကပင် တွေ့မြင်လို တွေ့မြင်ရငြား ဆာဘိုးဖေ၏ အိမ်ကြီးအနီးအပါးတွင် တရစ်ဝဲဝဲ ဖြစ်နေမိရှာ၏။ သို့နှင့် နေကုန်နေခန်း စောင့်စား၍မျှ ကလေးများကို မမြင်ရသောအခါ မိမိပထမဦးဆုံး ခွဲခွာရမည်ဖြစ်သောနေ့က အပါတို့ မောင်နှမတစ်စု၏ မုန့်ဖိုးပိုက်ဆံနှင့် စု၍ လက်ဆောင်ပေးရှာကြသည့် ဓာတ်ပုံနှင့် ရွှေဆွဲကြိုးကလေးကို ကြည့်ကာ မျက်ရည်များချောင်းစီးသလို စိမ့်ယိုထွက်ကျလာလေ၏။

အပါ၊ နယ်လီ၊ မေစသော ကလေးများမှာလည်း မိမိကဲ့သို့ပင် တွေ့ချင်ကြရှာချေမည်။ မိဘစုံညီနှင့် နေထိုင်ခဲ့ရစဉ်အခါကပင် မိမိအား သူတို့၏ မိဘများထက် ပိုမိုချစ်ခင်ခဲ့ရှာသည်။ ယခုကဲ့သို့ မိမဲ့၊ ဖမဲ့နှင့် အားနွဲ့နေရှာချိန်၌ မိမိအား ရှေးအခါများကထက်ပင် လွမ်းဆွတ် တသ

သတိရရှာကြလေမည်ဟု တွေးမိသောအခါ ကလေးများကို အပြေးအလွှားသွား၍ တွေ့လိုပြီးလျှင် မို့မို့ထွားထွားနှင့် ကိုက်စားချင်စဖွယ်ရှိသော အပါ၏ ပါးကလေးကိုလည်း အရေးတကြီးပြေး၍ နမ်းရှုပ်ချင်လှသောကြောင့် ညွှန့်မေမှာ ထမင်းမစားရ၍ အင်အား ကုန်ခန်းနေသည့် အထဲမှပင်အားအင်တင်းလျက် ကလေးများနေထိုင်ရာ အင်္ဂလိပ် သီလရင်ကျောင်းကြီးသို့ ရောက်လာခဲ့လေ၏။

ကျောင်းဆင်းချိန်မဟုတ်သောကြောင့် ကျောင်းဝင်းအပြင်မှ အသာထိုင်စောင့်နေမိ၏။ သို့ရာတွင် ကျောင်းဆင်းချိန်ရောက်သောအခါလည်း ကလေးများကို မတွေ့ရပေ။ မိမိကိုယ်တိုင် ဝင်၍ ရှာဖွေခေါ်ယူမည်မှာမူ ထိုကျောင်းသူကြီးငယ်နှင့် ဆရာမများမှာ မိမိကို သိခဲ့သူများဖြစ်၍ ဝင်သွားသည်နှင့် တစ်ပြိုင်နက် စက်ဆုပ်ရွံရှာစွာ နှင်ထုတ်ကြမည်သာဟု တွေး၍ ကလေးများကို အဝေးကပင် မြင်ရစေတော့ဟု မလျှော့သော လုံ့လဖြင့် ကျောင်းပေါက်ဝမှ ထိုင်စောင့်နေမိစဉ် ကံဆိုးမိုးမှောင်ကျချင်သူမှာ ဆက်ကာ ဆက်ကာသာ ကျလာတတ်သည့်အတိုင်း ထိုအခိုက်တွင် ကလေးများ၏ အဘိုးဖြစ်သူ ဆာဘိုးဖေသည် မြေးများကို ကြိုဆိုကာ ကျောင်းတွင်းမှ ကားနှင့်ထွက်လာသည်ကို တွေ့ရလေ၏။

ညွှန့်မေမှာ ကလေးတွေနှင့် ရင်ဆိုင်တွေ့နေရသောအခါ ဆာဘိုးဖေတို့ကို သတိမထားနိုင်တော့ဘဲ "အပါရေ ... အပါရေ ..." ဟု လက်ကို ဆန့်တန်းက လွှတ်ခနဲခေါ်လိုက်မိရှာလေ၏။ အပါအစ မေ၊ နယ်လီ စသည်တို့မှာ မိမိတို့ ဆရာမ၏ ဝမ်းနည်းကြေကွဲစွာ ခေါ်နေရှာသည်ကို မြင်လျှင်မြင်ချင်း ဆွေ့ဆွေ့ခုန်ဖြစ်ကာ "ဆရာမ ... ဆရာမ..." ဟု အူလှိုက်သည်းလှိုက် ပြန်ထူးရှာကြပြီး နီမြန်းသော မျက်နှာကြီးနှင့် စိုက်ကြည့်နေသော ဆာဘိုးဖေအားလည်း "ဘိုးဘိုး ... ဘိုးဘိုး ... ကားရပ်ပါဦး ဟိုမှာ ဆရာမ ..." ဟု ပြောကြရင်းပင် အပြင်းမောင်းနှင်

သွားသည့် ကားနှင့်ပါသွားရှာကြရာ အပါလေးမှာမူ ကားနောက်မှန် ပေါက်မှ "ချာမ ... ချာမ ..." ဟု ဟစ်အော်လှမ်းခေါ်လျက် မျက်ရည် စက်လက်နှင့် ပါသွားသည်ကို တွေ့လိုက်ရလေ၏။

ညွှန့်မေမှာ ထိုခဏ၌ပင် မူးမိုက်လဲပြိုသွားသဖြင့် မိမိအပေါ်တွင် ရက်စက်စွာ မျက်နှာလွှဲခဲ့ပြီးဖြစ်သော လောကကြီး၏ အကြောင်းကို အကောင်းအဆိုး မသိနိုင်တော့ဘဲ ရှိခဲ့ရာ။ နောက်တစ်ကြိမ် သတိရလာ သောအခါတွင်ကား မိမိမှာ ဖြူစင်သော အခန်းကြီးတစ်ခုထဲ ရောက်နေ သည်ကို သိရ၍ အနီးအား လှမ်းမျှော်ကြည့်လိုက်သောအခါမှ ဆေးရုံကြီး ၏ ကုသိုလ်ဖြစ် အခန်းတစ်ခုသို့ ရောက်လာကြောင်း သိရလေ၏။ ဤတွင် မိမိလမ်းတွင် အင်အားပြတ်ကာ မေ့လဲနေခြင်းကြောင့် ဆေးရုံ ရောက်လာကြောင်း သိရကာ။ မိမိအဖို့ အသက်နှင့်ထပ်တူမြတ်နိုးစုံမက် စွာ ဆွဲဆင်ထားသော ရွှေကြိုးကလေးမှ ရှိပါလေရဲ့လားဟု အရေးတကြီး စမ်းသပ်ကြည့်မိလေ၏။

ဆေးရုံရောက်လာသည်မှာ မကြာသေး။ အဝတ်အစားပင် မလဲရ သေးသောကြောင့် ဆွဲကြိုးကလေးမှာ အင်္ကျီလယ်ဂျာအောက်တွင် ကောင်း မွန်စွာ ရှိနေသေးကြောင်း သိရသဖြင့် စိတ်အေးသွားလေတော့၏။ ထို့နောက် ညွှန့်မေမှာ အင်အားကလည်းမရှိ။ ဒုက္ခသုက္ခ အဝဝတို့ကြောင့် လူတွင်လည်း ကျန်းမာခြင်းမရှိ။ တရိရိ တညောင်ညောင်နှင့် ဖြစ်နေရာ ဆေးရုံမှ ကျန်းမာလာသည်တိုင်အောင် လက်ခံကုသပေးနေသောကြောင့် အလုပ်အကိုင်မရှိ။ စားစရာ၊ နေစရာမရှိနှင့် အတိဒုက္ခရောက်နေသော ညွှန့်မေအဖို့မှာ တစ်နည်းအားဖြင့် သိကြားမသလိုဖြစ်ရရှာတော့၏။

သို့နှင့် နောက်ဆုံး တစ်လကျော် နှစ်လနီးပါးရှိလာသောအခါ။ ညွှန့်မေမှာ ကောင်းစွာ ကျန်းမာ၍ အင်အားပြည့်တင်းလာပြီဖြစ်သော ကြောင့် ဆေးရုံမှ ဆင်းခွင့်ရပြီဖြစ်ရာ ညွှန့်မေသည် ဆေးရုံမှ ဆင်းလျှင်

ဆင်းခြင်း အပါတို့ မောင်နှမတစ်စု နေထိုင်ရာကျောင်းသို့ ရှေးဦးစွာ ရောက်လာခဲ့လေ၏။ ဤတစ်ကြိမ်ကား ယခင်ကလို မစောင့်တော့ဘဲ ကျောင်းခန်းထဲသို့ ဖွတ်အရဲစွန့်၍ ဝင်ရောက်ကာ ကလေးများကို မေးမြန်း ရှာဖွေလေ၏။ သို့ရာတွင် ညွန့်မေမှာ မိမိစွန့်စားအားတင်းလာရ သလောက် ရင်ကွဲပက်လက်ဖြစ်ရရှာပြန်လေ၏။

ကျောင်းဆရာမနှင့် ကျောင်းသူအချို့တို့သည် ညွန့်မေအား စက်ဆုပ်ရွံရှာစွာ ကြည့်ကြလျက် ကလေးများအား မိမိနှင့် နောက်ထပ် တွေ့ဆုံဆက်သွယ်နေကြမည်စိုး၍ ဆာဘိုးဖေကိုယ်တိုင် နောက်တစ်နေ့ အရေးတကြီးကျောင်းမှထုတ်သွားပြီးလျှင် အလှမ်းဝေးကွာသော မေမြို့ ရှိ အင်္ဂလိပ်သီလရင်ကျောင်းသို့ ပို့လိုက်ကြောင်း မပြောချင်ပြောချင်နှင့် ပြောလိုက်ကြပြီးလျှင် ဤမျှ နာမည်ပျက်ရှိသော မိန်းမတစ်ယောက်အား ၎င်းတို့ ကျောင်းတွင်းသို့ နောက်ထပ် မည်သည့်အခါမျှ မလာခဲ့ရန် ပြောဆိုလွှတ်လိုက်သောကြောင့် ညွန့်မေမှာ ကမ္ဘာကြီး ချာချာလည်သွား သည်နှင့်မခြား ကလေးများကို မတွေ့ရသည့်အတွက် ရင်ကွဲပက်လက် ဖြစ်ရပြန်ကာ။ ရွှေဆွဲကြိုး လော့ကက်မှ မောင်နှမသုံးယောက်၏ ဓာတ်ပုံ ကလေးကို ကြည့်ပြီး။ မရိုလှိုက်လှဲစွာနှင့် ထွက်ခွာလာခဲ့ရပြီးနောက်။ ညွန့်မေမှာ တစ်ယောက်ထည်းထည်း လောကကြီး၌ ပူမီးတငွေ့ငွေ့ လောင်မြိုက်ရင်းသာ အချိန်ကုန်ခဲ့ရရှာလျက် အလုပ်အတွက် ရွာစဉ်၊ မြို့စဉ်လျှောက်၍ တကောက်ကောက်ရှာဖွေခဲ့ပါသော်လည်း မိမိ၏ နာမည်ပျက်ကြီးကြောင့် မည်သည့်အလုပ်ကိုမျှ မရနိုင်ဘဲ။ မွဲမွဲတေတေ ငတ်ငတ်ပြတ်ပြတ်နှင့်သာ ရောက်ရာရောက် လှည့်လည်လာရာမှ နောက် ဆုံးတွင် ဤမြို့ကလေးက ကျောင်း၌ ကံအားလျော်စွာ အလုပ်ကလေးကို ရရှိ၍ ညွန့်မေအဖို့ မငတ်ရုံမျှ မိုတင်းဖြည့်ဆည်းနိုင်မည့် ဝမ်းရေးကလေး ကို လုံလောက်ပေပြီဟု ဆိုရမည်ဖြစ်လေတော့၏။ သို့သော်လည်း

ညွှန့်မေသွားလေရာရာတွင် အရိပ်ပမာ လိုက်ပါလာသော နာမည်ဆိုး နာမည်ပျက်ကြီးကြောင့်။ ကျောင်းသူကျောင်းသားများနှင့် ကျောင်းသား မိဘဖြစ်သူများက ညွှန့်မေအား စက်ဆုပ်ရွံရှာလျက် အလုပ်လုပ်ရာတွင် အခက်အခဲတွေ့နေရပြန်သည့်အတွက် ဤကျောင်းမှ မည်သည့်နေ့ရက် တွင် ပြေးထွက်လာရဦးမည် မသိအောင် ဖြစ်နေရရှာရကား။ ညွှန့်မေမှာ မိမိ၏ ဆိုးဝါးသော ကံကြမ္မာကိုသာ တွေး၍ ဆွေးရင်းမှ အပါ၊ နယ်လီ၊ မေစသောကလေးများကိုလည်း တရေးရေး လွမ်းဆွတ်သတိရနေကာ မိမိအဖို့ မည်မျှအတိ ဒုက္ခရောက်၍ မည်မျှ ငတ်ပြတ်ခဲ့စေကာမူ မထုခွဲ မရောင်းချရက်ဘဲ နှစ်သက်မြတ်နိုးစွာ သိမ်းဆည်းထားခဲ့သည့် ကလေး များ၏ ချစ်လက်ဆောင်ကလေးဖြစ်သော ရွှေဆွဲကြိုးကလေးကိုသာ မကြာမကြာ အလွမ်းဖြေကြည့်ရှုကာနှင့် ထားဝယ်မြို့မှ မူလရေးဦးစွာ ထွက်ခွာလာခဲ့စဉ် တလိပ်လိပ် တအိအိ တက်၍လာသော ပင်လယ်လှိုင်း လုံးကြီးများပမာ ညွှန့်မေ၏ ရင်ထဲတွင် တလိပ်လိပ် တအိအိနှင့် အဆွေး လှိုင်းလုံးကြီးတွေ ပြည့်ကြပ်လျက် မျက်ရည်တည်းဟူသော ရေပန်း ရေမြုပ်များသာလျှင် တဖွားဖွားလျှံတက်၍ နေ့ရက်ရှိသမျှ ဆွေးနေရရှာ လေတော့သတည်း။

*

ဆရာမကလေးညွှန့်မေသည် အထက်ပါ မိမိ၏ ကံဆိုးကြုံကြိုက် ခဲ့ရသည့် အဖြစ်အပျက် အတ္တုပ္ပတ္တိများကို ပြော၍အဆုံးတွင် မိမိစကား ကို စိတ်ဝင်စားစွာ နားထောင်နေကြရှာသော အတန်းသား တပည့်များ အား ... "ကဲ ... ဆရာမရဲ့ အဖြစ်အပျက်ကတော့ ဒါပါပဲ။ ဒီနေ့ ရာဇဝင်သင်တဲ့အချိန်မှာ မင်းတို့အဖို့ ရာဇဝင်ဗဟုသုတ တစ်နေ့စာ လစ်ဟင်းသွားပေတဲ့ လောကကြီးရဲ့ သင်ခန်းစာတစ်ခုတော့ ငယ်ရွယ်သူ

ဖြစ်ကြတဲ့ မင်းတို့အဖို့ အသိအမှတ်ပြုဖို့ ရသွားတယ်လို့ ဆိုရမှာပေါ့ နော်..." ဟု ဆိုကာ ကျောင်းသူများကို မော်ကြည့်လိုက်သောအခါ ကျောင်းသူကလေးများမှာ မသာယာသော မျက်နှာကလေးတွေတွင် မျက်ရည်စကလေးများ တင်လျက်ရှိနေသည်ကို တွေ့ရသည်သာမက။ မိမိအား အမုန်းကြီးမုန်းနေကြသူ ခင်မော်နှင့် ခင်သော်တို့မှာပင် လှိုက်လှိုက်လှဲလှဲနှင့် ဝမ်းပန်းတနည်း ငိုကြီးချက်မ ဖြစ်နေကြသည်ကို တွေ့မြင်ရသောကြောင့်။ ဆရာမကလေးညွန့်မေမှာ ရုတ်တရက် အံ့သြ စိုးရိမ်သွားသောကြောင့် ခင်မော်ခင်သော်တို့အနီးသို့ လာရောက်ကာ ကျောကလေးများသပ်၍ ချော့မော့နှစ်သိမ့်ဧရလေတော့၏။ ထိုခဏ တွင်ပင် အချို့ကျောင်းသူများက ဆရာမညွန့်မေ၏ ရင်ဘတ်ပေါ်တွင် ဆွဲဆင်ထားသော ဆွဲကြိုးကလေးကို လှမ်းကြည့်ကြကာ ငိုသံပါကလေး တွေနှင့် "ဆရာမ ... ဒါ အပါတို့ပေးတဲ့ ဆွဲကြိုးကလေးလား ..." ဟု မေးကြလျှင်။ ညွန့်မေသည် ဆွဲကြိုးကလေးကို ဖြုတ်၍ လော့ကက်သီးမှ ခလုတ်ကလေးကိုနှိပ်ကာ အတွင်းမှ ပေါ်လာသော အပါတို့ မောင်နှမ တစ်စု၏ ဓာတ်ပုံကလေးကို ပြပြီး ...

"ဟုတ်တယ်ကွယ် သူတို့ လက်ဆောင်ပေးတဲ့ဆွဲကြိုးကလေးပါ ဘဲ။ အဲဒီပုံကလေးဟာလည်း သူတို့မောင်နှမတစ်စု စုရိုက်ထားရှာကြတဲ့ ဓာတ်ပုံကလေးပဲ ..." ဟု ပြောလျှင် ခင်မော်ခင်သော်တို့နှင့်တကွ ကျောင်း သူကလေးတစ်စုမှာ သူ့ထက်ငါ ဓာတ်ပုံကလေးကို ဝိုင်းအုံတိုးဝှေ့ ကြည့်ကြလျက် မိမိတို့ကဲ့သို့ ရွယ်တူ ကျောင်းသားကလေးများ ဖြစ်ကြ သောကြောင့် သူတို့၏ အဖြစ်အပျက်ကို ကိုယ်ချင်းစာနာ၍ သနား ကြင်နာစိတ်များ ယိုဖိတ်လာကြကာ စုတ်တသပ်သပ်နှင့် ဖြစ်နေရှာကြပြီး လျှင်။ ဤကလေးများအပေါ်တွင် ကြင်နာသနား၍ ချစ်အားသန်ခဲ့သူ ဆရာမကလေး ညွန့်မေအားလည်း မိမိတို့ မဆင်မခြင် မစူးမစမ်း မမေး

မပြန်းဘဲ အရမ်းမဲ့ မုန်းမာန်ဝင်၍ အထင်သေး အမြင်သေးဖြစ်ကာ နေ့ရက် ရှိသမျှ စော်ကားရန်စလာခဲ့သည်များကို ပြန်လည်သနား၍ အားတုံ့အားနာကြီး ဖြစ်နေကြရှာသောကြောင့် မူလကြားရသော ဝမ်းနည်းဖွယ်ရာ ဇာတ်လမ်းနှင့်ရောနှော၍ မျက်ရည်တွေ ဒလဟောနှင့် ဝမ်းနည်းသော အထိမ်းအမှတ်ကို ပြကြရှာတော့၏။

လှိုက်လှိုက်လှဲလှဲနှင့် ငိုပွဲကျင်းပနေကြသော ကျောင်းသူများ အနက်မှ ခင်မော်နှင့်ခင်သော်တို့မှာ သူများထက် ထူးထူးကဲကဲ ဝမ်းနည်းပြီး ဆရာမညွန့်မေကို အားအနာကြီးနာနေကြသူများ ဖြစ်ရကား ဆရာမ ညွန့်မေကို တင်းကျပ်စွာ ဖက်၍ ပါးချင်းအပ်ကာ ငိုရှိုက်သံပါပါနှင့်...

"ဆရာမ ... ဆရာမ ... ခင်မော်တို့ ဆရာမကို အထင်လွဲပြီး မုန်းနေမိတာတွေ သည်းခံပါ။ ခင်မော်တို့ တောင်းပန်ပါတယ်။ ဆရာမ ဟာ ခင်မော်တို့ ထင်နေသလို မဆိုးတဲ့အပြင် ဆရာမလို သဘောကောင်း တာ၊ ဆရာမလို ချစ်ခင်ကြင်နာတတ်တာ၊ ဆရာမလို သည်းခံတတ်တာ ဒီကမ္ဘာမှာ မရှိတော့ပါဘူး။ ဒီနေ့ကစပြီး ခင်မော်တို့ကလည်း ဆရာမကို ချစ်ပါပြီ။ ရိုသေပါပြီ။ ဆရာမကလည်း ခင်မော်တို့ကို အပါတို့ မောင်နှမ တွေကို ချစ်သလို ချစ်ပါတော့ ဆရာမရယ် ..." ဟု ပြောဆိုဝန်ချကြလေ ရာ။ အခြားကျောင်းသူကလေးများမှာလည်း ခင်မော်၊ ခင်သော်တို့နည်း တူ ယနေ့ကစပြီး ဆရာမကို ကြည်ဖြူချစ်ခင်ကြောင်းဖြင့် ဝိုင်းဝန်းခွင့် တောင်းကြပြန်သည်ဖြစ်ရာ ဆရာမကလေး ညွန့်မေမှာလည်း ဝမ်းသာ ဝမ်းနည်းနှင့် မျက်ရည်ကလေးများလယ်ကာ တပည့်မကလေးများကို ချစ်ခင်ကြင်နာစွာနှင့် လူစေ့တက်စေ့ နမ်းရှုပ်လိုက်ခြင်းဖြင့် ကျောင်းဆင်း ချိန် ရောက်သောကြောင့် လူချင်းခွဲလိုက်ကြရလေတော့၏။

ညနေ ညီမကလေးများကျောင်းပြန်လျှင် ဘာသံကြားရပါမည်လဲ ဟု အသည်းတယားယားနှင့် စောင့်စားနေသော ကျောင်းဆရာကလေး

မောင်ထွန်းလွင်မှာ ငိုမျက်နှာတွေနှင့် ပြန်လာကြသော ခင်မော်နှင့် ခင်သော်တို့ကို လှမ်း၍ မြင်လိုက်ရလျှင် ရင်ထဲတွင် တလှိုက်လှိုက်နှင့် စိတ်အိုက်ညစ်ညူး၍ နေလေ၏။

ခင်မော်နှင့် ခင်သော်တို့သည် စာအုပ်ကလေးများကို စာကြည့်စားပွဲပေါ်သို့ ပစ်တင်ပြီး မိခင်ကြီးရှိရာ မီးဖိုဆောင်သို့ တောက်လျှောက်ဝင်သွားကြကာ။ မိခင်ကြီးအား ဘာတွေ ပြောနေသည်မသိ။ ရှိုက်တလှည့် ငိုတစ်ခါ များစွာသော စကားတွေကို လေရှည်ကြီးလျှောက်ပြောနေသည်ကို တွေ့မြင်ရသည့်အတွက်လည်း ထွန်းလွင်မှာ ရတက်မအေးရင်တနွေးနွေးနှင့် ရှိနေရှာပြီး မိခင်ကြီးနှင့် ညီမများရှိရာသို့ မသိမသာနှင့် မကြာ မကြာ ခိုး၍ စိုးရိမ်ပူပန်စွာ အကဲခတ်နေမိလေတော့သည်။

သို့နှင့် များမကြာမီပင် ခင်မော်နှင့်ခင်သော်တို့သည် မိခင်ကြီးကို တွဲခေါ်ကာ ထွန်းလွင်ရှိရာသို့ ရောက်လာကြလေ၏။

"ကိုကို"

"ဘာလဲ ခင်မော်"

"ကိုကို့ ဆရာမလေးကို ခင်မော်တို့ ..."

"ဟင် ဘာဖြစ်လာကြပြန်တုန်းဟဲ့ ... ရှိုက်မနေနဲ့ ဆက်ပြောဆက်ပြော ... နင်တို့က ဘာပြောလို့ ဟိုက ဘာပြန်ပြောလိုက်သလဲ..."

"မဟုတ်ဘူး ကိုကို ... ခင်မော်တို့ ဆရာမလေးကို အရင်တုန်းက အထင်လွဲပြီး မုန်းခဲ့ကြတယ် ... ဒီနေ့တော့ ဆရာမလေးက သူ့အကြောင်းတွေ အကုန်ဖွင့်ပြောလို့ ..."

"အင်း ... ဒါဘာဖြစ်သလဲ ..."

"ခင်မော်တို့ သူ့အကြောင်း ကောင်းကောင်းသိခဲ့ပြီ။ ဒီဆရာမလေးဟာ ကမ္ဘာပေါ်မှာ အလိမ္မာဆုံး သဘောအကောင်းဆုံး လူတွေကို အကြင်နာတတ်ဆုံးပဲ ... ခင်မော်တို့လေ သူ့ကို အခု သိပ်သိပ်ချစ်သွားပြီ ..."

"အော် ... ဟားဟားဟား ... ကောင်းပါလေ့ မယ်မင်းကြီးမကလေးများခင်ဗျား ..."

"အို ... ကိုကိုကလည်း လှောင်မနေပါနဲ့ ဒီလောက် သဘောကောင်းပြီး အပြစ်ကင်းတဲ့ဆရာမလေးကို ကိုကိုကြိုက်နေတဲ့အတိုင်း ယူလိုက်ပါတော့ ကိုကိုရာ ... ခင်မော်တို့ သဘောတူပါပြီ ..."

"ဟင် ..."

"ဟုတ်ပါတယ် ကိုကိုရာ တကယ်ပြောနေတာပါ။ မေမေ့ကိုပြောပြလို့ မေမေကလည်း သဘောတူလာပြီ။ ဒီတော့ မြန်မြန်ယူလိုက်ပါ ကိုကိုရာ။ ဒီလိုသဘောကောင်းပြီး ချစ်စရာ သနားစရာကောင်းတဲ့ ဆရာမလေးမျိုးကို ယောက်မတော်ရရင် ခင်မော်တို့ ခင်သော်တို့ သိပ်ကံကောင်းတာဘဲ။ ကဲ ... လက်ထပ်ပါရစေလို့ သွားပြောပါ ..."

"ဟဲ့ ... မြန်လှချည်ရဲ့ နင်တို့ဟာ ရှူးလာသလိုပဲ။ မုန်းတုန်းကတော့ သိပ်မုန်းနေကြပြီး။ ခုမှ အရေးတကြီးလုပ်ရင် ဟိုက ကြောက်လန့်ပြီး နောက်ဆုတ်သွားမှာပေါ့ဟ ..."

"အို ... မဆုတ်ရပါဘူး ခင်မော်တို့ လိုက်ပြောမှာပေါ့။ ဆရာမကလေးက ကိုကို့ကို မယူဘူးငြင်းနေတောင် ခင်မော်တို့က အတင်းရှိခိုးတောင်းပန်ပြီး ကိုကို့ကို ယူပါ ဆရာမလေးရယ်လို့ ဝိုင်းပြောပေးပါမယ် ..."

"ဟယ် ... ဖြည်းဖြည်းပေါ့ ..."

"အံမာ ... ကိုကိုက အရေးထဲများ မူလကျိုလုပ်နေရသေးတယ်။ လာပါ ကိုကိုရယ် ကိုင်း ပြောနေကြာပါတယ်။ ခင်မော်တို့နဲ့အတူတူ ခုသွားပြောမယ် ..." ဟု ဆိုကာ။ ခင်မော်နှင့်ခင်သော်တို့သည် ထွန်းလွင်၏ လက်ကို တစ်ဖက်တစ်ချက်စီဆွဲကာ ဗွတ်အတင်း ခေါ်လာကြသည် ဖြစ်ရာ ညီမကလေးများ ခါးခါးသီး သဘောမတူသည့်အတွက် ဤ

တစ်သက်ဖြင့် ညွန့်မေနှင့် နီးကွက်မမြင်ဟု အလွန်လျှင်စိတ်ပျက်လက်ပျက်ဖြစ်နေသော ထွန်းလွင်မှာ ရုတ်တရက် ကောက်ကာငင်ကာနှင့် မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော ဝမ်းသာစရာကိစ္စကြီးအတွက် နှစ်သက်ရွှင်ပြုံးပီတိလုံးဆို့သွားမိသည်များကို ဟန်ကောင်းကောင်းနှင့် ဣန္ဒြေစလောင်းအုပ်ကာ။ ဆုတ်ကန်ဆုတ်ကန်နှင့်ပင် ညီမလေးများ ဆွဲခေါ်ရာသို့ ကျေကျေနပ်နပ်ကြီး ပါ၍ ပါ၍ သွားသောဟူ၏တည်း။

○